www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု

ပြဇာတ်စာပေ တတိယဆုရ

# "ပိုး"

ဇော်ဆန္ဒ (ထယ်ဝေး)

စီစဉ်တည်းဖြတ်သူ - ဦးစန်းတင့် (တက္ကသိုလ် ဆန်းတင့်နိုင်)
စာတည်း (တာဝန်ခံ)
- ဒေါ်ခင်ဝါဆွေ (ဝါဝါ - အင်းစိန်)
စာတည်း
အဖုံးပန်းချီ - ပိုးစံ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြဇာတ်မိတ်ဆက်

ချစ်ခင်လေးစားရပါသော ရွှေပွဲလာ ပရိသတ်များခင်ဗျား . . . . ယနေ့ ကျွန်တော်များ တင်ဆက်ကပြမယ့် ပြဇာတ်က "ပိုး" . . . . ၊ ဒီပိုးပြဇာတ်နဲ့ပတ်သက်ပြီး မိတ်ဆက်တင်ပြလိုပါတယ်။

ယနေ့ ကမ္ဘာ့လူသားတစ်ရပ်လုံးရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေတဲ့ အိပ်ချ်အိုင်ဗွီ HIV ရောဂါပိုး၊ ဒီရောဂါပိုးကြောင့် ကျွန်တော်တို့လူသားတွေ ခံစားနေရတဲ့ "AIDS" HIV ခေါ် အိဒ်(စ်) ရောဂါ။ ဒီရောဂါရဲ့ ထိုးနှက်ချက်ကြောင့် လူသားတွေ ခံစားရတဲ့ဝေဒနာ၊ ဒီဝေဒနာကြောင့် ပျက်စီးဆုံးရှုံးရတဲ့ လူသားတို့ရဲ့အသက်၊ ဒါကို တိတိပပသိကြသူရှားပါးတယ်။ တစ်ချိန်က ကမ္ဘာ့လူသားတွေ ကြုံတွေ့ရတဲ့ ပုလိပ်ရောဂါကပ်၊ ကာလဝမ်းရောဂါကပ်၊ ကျောက်ရောဂါကပ်စတဲ့ ရောဂါကပ်ဘေးတွေကြောင့် လူသားအမြောက်အမြား သေဆုံးခဲ့ရပါတယ်။ ဒီကပ်ဘေးတွေကြုံတော့ လူတွေ ထိတ်လန့်ခြောက်ရွံ့မှု ဖြစ်ရ၊ ငိုကြွေးကြ၊ ပူဆွေးကြ၊ သောကရောက်ခဲ့ရပါတယ်။ ဒီ အန္တရာယ်တွေ ကင်းစင်ပပျောက်အောင် ကျွန်တော်တို့လူသားတွေ ကြံ့ကြံ့ခံတုံ့ပြန်ခဲ့ပါတယ်။

www.burmeseclassic.com

ရောဂါနှိမ်နင်းဖို့ ဆေးဝါးတွေ တီထွင် ကြံဆ၊ ရောဂါကို ဟန့်တား၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်၊ ကြိုတင် ကာကွယ်မှုပြုခဲ့တဲ့အတွက် ဒီနေ့ ဒီအချိန်မှာ အဲဒီ ကပ်ဘေးတွေက ကင်းဝေးသွားခဲ့ပါပြီ။ ဒီရောဂါမျိုး မဖြစ်အောင်လည်း ကြိုတင် ကာကွယ်တယ်။ ဖြစ်လာလို့ရှိရင်လည်း အချိန်မီကုသခြင်းဖြင့် ကျန်းမာသော လူ့အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်နိုင်ခဲ့ပါတယ်။

BURMESE CLASSIC

သို့သော်လည်း ဒီနေ့ ကျွန်တော်တို့ ကြုံတွေ့ခံစားနေရတဲ့ အိဒ်(စ်) ရောဂါ၊ ဒီရောဂါဖြစ်စေတဲ့ HIV ရောဂါပိုး၊ ဒီပိုးနဲ့ ပတ်သက်ပြီး ကုသနိုင်တဲ့ဆေးဝါး မရှိသေးပါဘူး။ အိဒ်(စ်) ရောဂါ စတင်တွေ့ရှိတာကလည်း ၁၉၈၁ ခုနှစ်မှပါ။ စတင်တွေ့ရှိတာက အမေရိကန်နိုင်ငံဖြစ်ပေမယ့် ဥရောပ၊ အာဖရိက နိုင်ငံများထိ အရှိန်အဟုန်ပြင်းပြင်းနဲ့ ပျံ့နှံ့ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာတော့ ဒီရောဂါက အာရှတိုက်ထိ ပျံ့နှံ့ခဲ့ပါတယ်။ ပြောရရင် ကမ္ဘာတစ်ဝန်းလုံး ရောဂါဘေးကျရောက်နေပြီလို့ ပြောရင်ရပါတယ်။

ရွှေပွဲလာပရိသတ်များ ခင်ဗျာ . . . .

အင်မတန်ကြောက်စရာကောင်းတဲ့ ဒီရောဂါဆိုးကြီး ကူးစက်မှုက ဘယ်လောက်အရှိန်အဟုန်ပြင်းသလဲဆိုရင် နှစ်တို ကာလအတွင်းမှာ ရောဂါပိုးကူးစက်ပြီး အသက်ရှင်နေသူ



၃၉ ဒသမ ၄ သန်းခန့်ရှိနေပြီလို့ ကမ္ဘာကျန်းမာရေးအဖွဲ့ကြီးက ၂၀၀၄ ခုနှစ်မှာ မှန်းဆခဲ့ပါတယ်။ အဲဒီ ၂၀၀၄ ခုနှစ် တစ်နှစ်တည်းမှာပဲ လူ ၂၄ ဒသမ ၉ သန်းဟာ HIV ရောဂါပိုး ကူးစက်ခံရပြီး၊ လူဦးရေ ၃ ဒသမ ၁ သန်းဟာ အိဒ်(စ်) ရောဂါနဲ့ သေဆုံးခဲ့ရပါတယ်။ ဒီရောဂါဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာပါ ကူးစက်ပျံ့နှံ့နေတာကို ဘယ်သူမှ မငြင်းနိုင်ပါဘူး။ မြန်မာနိုင်ငံမှာ ၁၉၉၁ ခုနှစ်က အိဒ်(စ်) ရောဂါသည် တစ်ဦး စတွေ့ခဲ့တယ်။ အခု ၂၀၀၇-၂၀၀၈ မှာ အိဒ်(စ်) ရောဂါ ရနေသူ သောင်းချီရှိနေပါပြီ။ ဘာကြောင့်များ ဒီရောဂါကူးစက်မှု မြန်ဆန်ရတာလဲ . . . . ဒါကို တွေးကြည့်တော့ ကျွန်တော်တို့ တစ်တွေ ကျန်းမာရေးအသိ နည်းပါးလို့၊ ကျန်းမာရေးနဲ့အညီ နေထိုင်မှုမရှိလို့၊ ကုသစရာဆေးဝါးမရှိသေးလို့ ဆိုတဲ့ အချက်တွေကို တွေ့ရပါတယ်။

ရွှေပွဲလာပရိသတ်များ ခင်ဗျာ . . . .

ကျွန်တော်တို့ ကမ္ဘာပေါ်မှာ လူတွေ ထောင်ချီ၊ သောင်းချီပြီး အသက်ဆုံးရှုံးရတဲ့ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်ကို ကြုံရဖူးပါတယ်။ စစ်ကြီးရဲ့ အနိဋ္ဌာရုံမြင်ရ လူတွေ သေကျေတာကိုတွေ့ရတော့ လွန်စွာထိတ်လန့်သွားတယ်။ ဒီလို ဘေးဆိုးမျိုးမကြုံရအောင် . . . . နောက်တစ်ကြိမ် စစ်ဘေး မကြုံရအောင် တားဆီးဖို့ ကြိုးပမ်းကြပါတယ်။ လူတွေသေတဲ့

www.burmeseclassic.com

www.burmeseclassic.com

စစ်ပွဲမဖြစ်အောင် ကြိုးစားကြပေမယ့်၊ သေနတ်ဖောက်သံ တစ်ချက်မကြားရဘဲ လူ့အသက်ပေါင်းမြောက်မြားစွာ ဆုံးရှုံးနေတဲ့ အိဒ်(စ်) ရောဂါကိုတော့ ကြောက်ရမှန်းမသိကြသေးပါဘူး။ ကာကွယ်ဖို့လည်း အားမထည့်ကြပါဘူး။ ဒီအန္တရာယ်ကို သက်ဆိုးရှည်အောင် ဆက်ထားရင် နောင် မှားမကြာမီ ကမ္ဘာကြီးဟာ သုသာန်တစပြင်လို ခြောက်ခန်းသွားမှာ အမှန်ပါပဲ။

ရွှေပွဲလာပရိသတ်များ ခင်ဗျာ . . . .

ယနေ့ ကျွန်တော်တို့ ကြုံတွေ့ရတာဟာ ကပ်ဘေးကြီးပါ။ ဒီကပ်ဘေးကို သယ်ဆောင်လာတဲ့ "ပိုး" ဟာ HIV ပိုးပါ။ ကျွန်တော်တို့ ခန္ဓာကိုယ်ထဲ ထိုးဝင်၊ ကျွန်တော်တို့ ခန္ဓာကိုယ်ကို ပျက်စီးအောင် ဖျက်ဆီးမယ့် ဒီပိုးကို ရှင်သန်အောင် မွေးမလား . . . . ပျက်စီးအောင် သုတ်သင်ကြမလား။ ဒီလမ်းနှစ်သွယ်အနက် နှစ်သက်ရာ လမ်းတစ်သွယ်ကို ရွေးကြရပါမယ်။ ရှင်သန်အောင်မွေးရင် ကျွန်တော်တို့ သေပါမယ်။ သေအောင် သုတ်သင်ရင် ကျွန်တော်တို့ ရှင်သန်ရပါမယ်။ သေလမ်းနဲ့ ရှင်လမ်းပါ။ ပျက်သုဉ်းခြင်းနဲ့ တည်မြဲခြင်းပါ။ ဘာပဲပြောပြော လူတိုင်းဟာ ရှင်သန်မှုသာ နှစ်သက်ပြီး၊ သေဆုံးခြင်းကို မလိုလားပါဘူး။ ဒါဆိုရင် ကျွန်တော်တို့ ဘာလုပ်ကြမလဲ။

ဟုတ်ကဲ့။ ကျွန်တော့်တို့ ဘာလုပ်သင့်တယ်၊ လုပ်ချိန်တန်ပြီဆိုတာကို အသိပေး တပ်လှန့်တဲ့အနေနဲ့ "ပိုး" ပြဇာတ်ကို တင်ဆက်လိုက်ပါတယ်။



ရွှေပွဲလာပရိသတ်များ အာရုံစူးစိုက်ကြည့်ကြပါ။ ခံစားကြည့်ပါ။ တွေးခေါ်ကြည့်ပါ။ သင်ရွေးရမယ့်လမ်းဟာ ဘယ်လမ်းလဲ . . မှန်ကန်တဲ့လမ်းကြောင်းပေါ် ရောက်အောင် ကျွန်တော်များအဖွဲ့က ကြိုးစားတင်ဆက်လိုက်ပါတယ်။

အားလုံးပျော်ရွှင်ကြပါစေ။

မောင်ဆန္ဒ (လယ်ဝေး)
ဇာတ်ဆရာ ....

www.burmeseclassic.com

www.burmeseclassic.com


# ပါဝင်သည့် ဇာတ်ကောင်များ

၁။ ဦးမြထွေး - ဥက္ကဌ၊ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း။

၂။ ဦးလွင်သိန်း - အတွင်းရေးမှူး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း။

၃။ ဦးပိုင်စိုး - ပစ္စည်းဥစ္စာကြွယ်ဝသူ၊ လူမှုရေးစိတ်ဓာတ်ရှိပြီး NGO အသင်းများဖြင့် ပူးပေါင်းဆောင်ရွက်သူ ဂုဏ်သရေရှိပုဂ္ဂိုလ်။

၄။ ဒေါ်ငြိမ်းရွှေ - ဦးပိုင်စိုး၏ဇနီး၊ ရွှေဆိုင်ပိုင်ရှင်။

၅။ မအေးစိန် - ဦးပိုင်စိုး၊ ဒေါ်ငြိမ်းရွှေတို့ အိမ်ဖော်။

၆။ မောင်တင်ထွန်းကျော် - လိမ္မာရေးခြားရှိပြီး တက်ကြွသည့် လူငယ်၊ အိတ်(စ်) ရောဂါ စွဲကပ်နေသူ။

၇။ မောင်စန်းအောင် - တင်ထွန်းကျော်၏ အစ်ကို၊ ဆိုက်ကားသမား။

၈။ ဒေါ်သန့် - တင်ထွန်းကျော်၏ မိခင်။

၉။ ဒေါက်တာ သိန်းတိုး - လက်ထောက်မြို့နယ်ဆရာဝန်။

၁၀။ ဆရာမ ဒေါ်မြင့် - သူနာပြုဆရာမ။

၁၁။ အမောင် - ဆိုက်ကားသမား၊ မိန်းမလျှာများနှင့် ပျော်ပါးသူ။

၁၂။ တင်ဦး - ဆိုက်ကားသမား၊ မိန်းမလျှာများနှင့် ပျော်ပါးသူ။

၁၃။ မောင်အေးသန်း - မာမီစိန်အမည်တွင်သည့် မိန်းမလျှာ ဆီးထုပ်ရောင်းစားသူ။

၁၄။ မောင်ကျော်လေး - မာမီငြိမ်း အမည်တွင်သည့် မိန်းမလျှာ။

၁၅။ မောင်စိုးဝင်းမောင် - ဆေးစွဲသည့် ကျောင်းသားလူငယ်။

၁၆။ မောင်သက်ထွန်းလင်း - ဆေးစွဲသည့် ကျောင်းသားလူငယ်။

၁၇။ ဦးမြဟန် - မြို့နယ်ရဲတပ်ဖွဲ့မှူး။

၁၈။ ဦးအောင်သူ - ရဲအုပ်။

၁၉။ ဦးဝင်းနိုင် - ရဲအုပ်။

၂၀။ ရဲတပ်သား မောင်သီ - ရဲတပ်ဖွဲ့ဝင်။

၂၁။ ဦးဘဉာဏ် - ပညာပေးဆွေးနွေးပွဲတက်ရောက်သူ။

၂၂။ မောင်မိုးလွင် - ပညာပေးဆွေးနွေးပွဲတက်ရောက်သူ။

၂၃။ မခင်မိုးလွင် - ပညာပေးဆွေးနွေးပွဲတက်ရောက်သူ။

၂၄။ အခြားဆရာ၊ ဆရာမများနှင့် ကျောင်းသူ/ကျောင်းသားများ။

၂၅။ အခြားအရပ်သူ၊ အရပ်သားများ။

၂၆။ ဈေးရောင်း၊ ဈေးဝယ်သူများ။

၂၇။ အခြားလိုအပ်သည့် ဇာတ်ရုပ်များ။

www.burmeseclassic.com

www.burmeseclassic.com

## ပြကွက် - ၁ -

နေရာ ။ ရပ်ကွက်တွင်းရှိ လမ်းမတစ်နေရာ။

အချိန် ။ နေ့လယ်ပိုင်း။

အခမ်းအနား ။ လမ်းဘေးရှိအိမ်နှင့် အိမ်ဆိုင်များ ခင်းကျင်းထားသည့် နောက်ခံပန်းချီကားချပ်ကို ကခွင်နောက်ပိုင်း၌ ချထား။ လမ်းပေါ် လူများ သွားလာနေဟန် ရေးခြယ်ထား။ တိရစ္ဆာန်ငှက်များ၊ ကြက်များ ဘာသာဘာဝ ကျက်စားနေဟန်ပါရှိစေ။

မီး ။ ကခွင်တစ်ခုလုံး လင်းနေအောင် မီးများ ဖွင့်ပေးထား။ အထူးသဖြင့် ရပ်ကွက်ပုံရိပ် အာရုံမိုက်စေရန် နောက်ခံကားချပ်ကို အောက်မီးဖြင့် ပင့်ထိုးပေး။

အသံ ။ ရပ်ကွက်တွင်းရှိလူများ လှုပ်ရှားသွားလာရင်း ပြောဆိုသည့်အသံကို တိပ်ခွေသွင်းထားသည့်အသံဖြင့် တိုးတိုးလေးဖွင့်ပေးထား။

ဇာတ်ဝင်ပစ္စည်း ။ သာမန်ပတ်စားဆင်ယင်မှု။





ဇာတ်ညွှန်း ။ တေးဂီတအဖွဲ့မှ အဖွင့်တီးလုံးဆုံးသည်နှင့် ကခွင်၏ လက်ဝဲဘက်တိုင်ဖုံးနောက်မှ လူမမာ တင်ထွန်းကျော်ကို သူ၏အစ်ကို စန်းအောင်က ဖေးမခေါ်လာ။ တစ်ဖက် ကခွင် လက်ယာဘက်မှ ဦးပိုင်စိုးနှင့် ဦးလွင်သိန်းတို့က သွားရင်းလာရင်း ဆွေးနွေးလာဟန်ဖြင့် ထွက်လာ။ ဦးပိုင်စိုး၏ ချိုင်းကြားတွင် စာရွက်စာတမ်းများပါသည့် ဖိုင်တစ်ခု ညှပ်ထား။ ထိုနှစ်ဖွဲ့သည် ကခွင် အလယ်တွင် အမှတ်မထင်တွေ့ဟန်ဖြင့် ရင်ဆိုင်။ ဖြတ်လျှောက်ဇာတ်ရုပ်များက ကခွင်၏ နောက်ပိုင်းမှ သူ့လမ်းသူသွားလေဟန်ဖြင့် လျှောက်ကြစေ။

ဦးပိုင်စိုး ။ ဟော . . . . (လူမမာ တင်ထွန်းကျော်ကို မြင်လိုက်သည်နှင့် အံ့ဩဟန်ဖြင့် ရပ်။ စိတ်ဝင်စားဟန်ဖြင့် ကြည့်) ဘာဖြစ်တာလဲ မောင်စန်းအောင်။ မင့်ညီ တင်ထွန်းကျော် နေမကောင်းဘူးလား။

စန်းအောင် ။ ဟုတ်ကဲ့ ဦးလေး။ နေမကောင်းဖြစ်နေတာ တစ်လသောက်ရှိသွားပြီ။ ဘဖြည်းဖြည်း ပိုဆိုးလာလို့ မြို့နယ်ဆေးရုံ သွားပြပြီး ပြန်လာတာ . . . .။

www.burmeseclassic.com

www.burmeseclassic.com


ဦးပိုင်စိုး ။ အေး၊ ဟုတ်တာပဲ။ တင်ထွန်းကျော် တစ်ယောက်တည်း ရုတ်တရက်တွေ့ရင် မှတ်မိမယ်တောင် မထင်ဘူး။ ဒီကလေးက ကျွန်းမာရေးတော်တော် ဂရုစိုက်တာ ဦးလွင်သိန်းရဲ့ (အတူပါလာသူအား လှည့်ပြော)။

ဦးလွင်သိန်း ။ ဖြစ်နေတာ တော်တော်ကြာပြီလား . . . ။

စန်းအောင် ။ တရှောင်ရှောင်ဖြစ်နေတာတော့ ကြာပါပြီ။ နည်းနည်းဆိုးလာတာကတော့ တစ်ပတ်၊ နှစ်ပတ်ပဲ ပြောပါတော့။

ဦးလွင်သိန်း ။ ဖြစ်စက ချောင်းခဏခဏ ဆိုးမှာပေါ့၊ အဖျားလည်း မကြာခဏဖြစ်မှာပေါ့နော့။

တင်ထွန်းကျော် ။ ဟုတ် . . . . အဟွတ် ဟွတ်၊ ဆိုး . . . . အဟွတ်၊ ဆိုး . . . ဆိုးတယ်။

စန်းအောင် ။ ညညဆို မအိပ်ရအောင် ဆိုးနေလို့ တီဘီ ဖြစ်မယ်လို့ တွက်လိုက်တယ်။ အဟုတ်ပဲ ဦးရေ၊ အခု အောင်ဆန်းဆေးရုံက ဆေးစစ်ပြီး ပြန်လာတာ . . . . ။ မြို့နယ် ဆေးရုံက ညွှန်လို့ အောင်ဆန်းသွားပြရတာ . . . . ။

ဦးပိုင်စိုး ။ အေး၊ ကျွမ်းကျင်တဲ့ဆရာဝန်တွေနဲ့ ပြဖို့တော့လိုတယ် မောင်စန်းအောင်ရေ။ မပေါ့နဲ့ကွ နော့။

စန်းအောင် ။ ဟုတ်ကဲ့ပါ။ မှန်တာပြောရရင် ဖြစ်စကတော့ မပြဖြစ်ခဲ့ဘူးပေါ့ ဦးလေးရာ . . ကျွန်တော်ကလည်း တစ်နေ့လုပ်မှ တစ်နေ့စားရတာ ဆိုတော့ ဆိုက်ကားနင်း ဖျက်လို့မရဘူး။ အသည်းအသန်ဖြစ်နေပြီဆိုမှ ဆေးရုံပို့ရတာပဲ။ ဟိုဒင်း ငွေရေးကြေးရေး ချင့်ချိန်ရတာလည်း ပါတာပေါ့။

ဦးလွင်သိန်း ။ တစ်ခုတော့ ရှိပါတယ်၊ အကယ်၍ ကုသချင်တယ်ဆိုရင် ကျွန်တော်တို့အသင်းကြီးနဲ့ ဆက်စပ်ထားတဲ့ နယ်စီးမခြား ဆရာဝန်များအသင်းက ဖွင့်ထားတဲ့ "သဇင်ဆေးခန်း" ဆိုတာရှိတယ်။ အခမဲ့ကုပေးတယ်။ ခရီးစရိတ်ကလွဲပြီး တစ်ပြားတစ်ချပ်မှ မကုန်ဘူး ကိုစန်းအောင်။

စန်းအောင် ။ ဟုတ်လား . . . . ဒါဆို ကောင်းသားပဲ။ လောလောဆယ်တော့ ဟိုက ဆေးစစ်ချက် စောင့်ကြည့်လိုက်ဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com

ဦးလွင်သိန်း ။ ဟုတ်ကဲ့ပါ။ လိုအပ်ရင် ဦးပိုင်စိုးကတစ်ဆင့် ပြောလိုက်ပို့ ပါတယ်။ ဟဲ ဟဲ၊ ရုံးပြီး စကားပြောရတာ လူမမာ မသက်သာဘူး။ သွားကြ . . . . သွားကြ။

စန်းအောင် ။ ဟုတ်ကဲ့ သွားပါဦးမယ် (စန်းအောင်တသူ့ညီကို ဖေးဖေးမမနှင့် ခေါ်သွား။ တင်ထွန်းကျော်က လမ်းလျှောက်ရင်း ချောင်းကဟွတ်ဟွတ်နှင့် ဆိုးနေ။ သူတို့ နှစ်ယောက်ကို ကြည့်ပြီး ဦးလွင်သိန်းက အမိပ္ပာယ်ပါပါနှင့် ခေါင်းတဆတ်ဆတ် ညိတ်နေ)။

ဦးပိုင်စိုး ။ ဘယ်လိုလဲ ကိုလွင်သိန်း။

ဦးလွင်သိန်း ။ လက္ခဏာကြည့်ရတာ လေးလုံးရောဂါပဲဗျ သူတို့က ဒါပါလို့ ဝန်မခံတော့ ကူညီဖို့ ခက်နေတယ် . . . .။

ဦးပိုင်စိုး ။ ဟုတ်ပါ့ဗျာ . . . . ကျုပ်တို့ မြန်မာ့လူမှုရေး နယ်ပယ်ရဲ့ ဆက်ဆံရေးက သိပ်ခက်၊ သိပ်ကျဉ်းမြောင်းလွန်းတယ်။ အေးလေ . . ကျန်းမာရေးအသိ ချို့တဲ့တာကလည်း အဟန့်အတားတစ်ခုဖြစ်နေတာကိုး။



ဦးလွင်သိန်း ။ မျက်သင့်နကြောက်သင့်တဲ့နေရာ မရှက်ကြဘဲ မရှက်သင့်တာ ရှက်နေကြတော့ ကူညီဖို့ ကလည်း ခက်နေတယ် ကိုပိုင်စိုး . . . .။

ဦးပိုင်စိုး ။ ဒီကလေးတွေက ကျွန်တော်နဲ့ ရင်းနှီး ပါတယ်။ ကူလိုသေးလိုနေကြတာပါ။

ဦးလွင်သိန်း ။ ခင်ဗျား ဆွေးနွေးကြည့်ရင် ကောင်းမယ်ဗျ လိုအပ်ရင် အကူအညီပေးလို့ ရတာပေါ့။

ဦးပိုင်စိုး ။ ကောင်းပြီလေ . . . . ကျွန်တော် ကြိုးစား ကြည့်မယ်။ ကဲ . . . . ခုစည်းအဝေးက အချိန်နီးပြီ (နာရီကြည့်ပြော) သွားကြစို့။

(ဇာတ်ညွှန်း) ဦးလွင်သိန်းနှင့် ဦးပိုင်စိုးက တစ်ဖက် ကားလိပ်တွင်း ဝင်သွား။ တီးဝိုင်းမှ "အေအိုင်ဒီအက်စ် တို့တိုက်ဖျက်" ဟူသော တေးသီချင်းကို မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်။ ကားလိပ်ချ။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

# ပြကွက် - ၂ -

နေရာ ။ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းရုံး၊ အစည်းအဝေးခန်းမ။

အချိန် ။ နေ့လယ် (၁၃:၀၀) နာရီအချိန်။

အခမ်းအနား ။ အစည်းအဝေးခန်းသဏ္ဍာန် စားပွဲ၊ ကုလားထိုင်များခင်းကျင်းထား။ ခန်းမထိပ်ဘက်တွင် နိုင်ငံတော်အကြီးအကဲများ၏ ပုံတူရွှေချည်ထိုး ပန်းချီကား၊ မှန်ပေါင်သွင်းထားသည်ကို ခံ့ညားထည်ဝါစွာ ချိတ်ထား။ ထိုပုံများ၏အောက်တွင် မြို့နယ် အခြေပြမြေပုံ၊ ရပ်ကွက်အမည်စာရင်း၊ ရပ်ကျေး အလုပ်အမှုဆောင်စာရင်းများကိုလည်း အလားတူ ချိတ်ထား။ အခန်း၏ လက်ယာဘက်နံရံတွင် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ စည်းရုံးပညာပေးမှု အခြေပြဇယား နှစ်အလိုက် တိုးတက်မှုကို ဂရပ်ဖ်ရေးဆွဲထားသည့်





ကားချပ်နှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း၏ ဆောင်ပုဒ်များ ချိတ်ထား။ လက်ဝဲဘက်နံရံတွင် အသင်းအလုပ်အမှုဆောင်များ ဓာတ်ပုံ၊ အသင်း၏လှုပ်ရှားမှုပုံများ ချိတ်ဆွဲထားစေ။ အစည်းဝေးလုပ်မည့်စားပွဲပေါ်တွင် ဓာတ်ဘူး၊ ရေနွေးပန်းကန်များ ခင်းကျင်းပြင်ဆင်ထားစေ။

မီး ။ ကခွင်တစ်ခုလုံးမြင်နိုင်အောင် မီးအလင်းဖျန်းထား။

အသံ ။ တစ်ဦးချင်း ပြောဆို ဆွေးနွေးမှုကြားနိုင်အောင် မိုက်ခွက်များတပ်ဆင်ထား။

ဇာတ်ဝင်ပစ္စည်း ။ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ သတ်မှတ်ထားသောဝတ်စုံ။

ဇာတ်ညွှန်း ။ အခန်းပြောင်းတီးလုံးဆုံးလျှင် “မူးယစ်ဆေးဝါး ရှောင်ရှားပါ” ဟူသော တေးသီချင်းကို တီးလုံးချည်းသက်သက်၊ စန္ဒရားမှ ဖြည်းညင်းစွာ တီးခတ်ပေးပြီး ဇာတ်ရုပ်အပေါ် အာရုံရောက်စေအောင် ပံ့ပိုးပေးထား။ ကခွင်၏လက်ယာဘက် ဘေးလိပ်တွင်းမှ အသင်းဥက္ကဋ္ဌ ဦးမြထွေးနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ

www.burmeseclassic.com

ဝင်လာ။ သတ်မှတ်ထားသောခုံများတွင် နေရာယူ။ ကခွင်၏ လက်ဝဲဘက်မှ ဖိုင်တွဲ၊ စာရွက်စာတမ်းများပိုက်လျက် ဦးလွင်သိန်းနှင့် ဦးပိုင်စိုး ဈေးကြီးသုတ်ပျာ အမူအရာနှင့် ဝင်လာ၊ "အနည်းငယ် နောက်ကျသွားတာ ခွင့်လွှတ်ပါ" ဟူသော အမူအရာနှင့် ခါးညွတ်၊ ခေါင်းငုံ့အရိုအသေပေးဟန်ပြု။ ဦးမြထွေးက လာပါ၊ ထိုင်ကြပါဟု ခေါင်းညိတ်ဖိတ်ခေါ်။ လက်ဖြင့်ညွှန်ပြလျက် ထိုင်ခိုင်း။ ဦးလွင်သိန်းက ဖိုင်တစ်ခုထုတ်။ ဟိုလှန်ဒီလှန် ရှာဖွေပြီး စာရွက်တစ်ရွက်ထုတ်။ ဥက္ကဋ္ဌဘက် လှည့်ပြော။

ဦးလွင်သိန်း ။ အစည်းအဝေး စခွင့်ပြုပါ။ (ကိုယ်ညွတ်ကိုင်းလျက်ပြော)

ဦးမြထွေး ။ စပါ ဦးလွင်သိန်း။ ဩော်. . . . . ဒေါ်မိုးမိုးအေးက မှတ်တမ်းလိုက်နော်. . ။

ဒေါ်မိုးမိုးအေး ။ ဟုတ်ကဲ့ရှင့် . . . . . ။

ဦးလွင်သိန်း ။ (အားလုံးကိုခွင့်ပြုရန် ပန်ကြားဟန်ဖြင့် အရိုအသေပေးသည့် အမူအရာပြုပြီး ထိုင်ရာမှထ။ စာရွက်တစ်ရွက်ကို ထုတ်ဖတ်။



အခမ်းအနား အစီအစဉ်ကို ဖတ်ကြားပြီး အမှာစကားပြောကြားပေးရန် ဥက္ကဋ္ဌအား ပန်ကြားပြီး ပြန်ထိုင်)

ဦးမြထွေး ။ (ထိုင်ရာမှထ။ မှတ်စုစာအုပ်ကို စားပွဲပေါ် ဖွင့်ချထားပြီး တစ်ချက်ကြည့်) ဒီနေ့ အစည်းအဝေးမှာ ရပ်ကျေးမာနာအဖွဲ့တွေရော၊ ကျွန်တော်တို့ အလုပ်အမှုဆောင်တွေရော၊ တခြားဖိတ်ကြားသင့်တဲ့ NGO အသင်းကဟ္ဂိလ်တွေရော ဖိတ်ကြားခဲ့တာက လတ်တလော အရေးကြီးတဲ့ လုပ်ငန်းတစ်ခု အကောင်အထည်ဖော်နိုင်အောင် စီမံချက်ရေးဆွဲဖို့ လူကြီးမင်းတို့ထံက အကြံဉာဏ်ကောင်းတွေရယူဖို့၊ ကျွန်တော်တို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ် ချင်လို့ ဖြစ်ပါတယ်။ (စကားကိုရပ်ပြီး ချောင်းတစ်ချက်ဟန့်၊ အစည်းအဝေး တက်ရောက်သူများအား အကဲခတ်သည့် မျက်လုံးဖြင့် တစ်ချက်ဝေ့ကြည့်။ ထို့နောက် မှတ်စုစာအုပ် ငုံ့ကြည့်ပြီး မျက်နှာပြန်မော့လိုက်။) ဒီလုပ်ငန်းက အရေးကြီးပါတယ်။ အမြန်ဆုံး ပြီးပြတ်ဆန်ဆန် အကောင်အထည်

www.burmeseclassic.com

www.burmeseclassic.com

ဖော်ဆောင်သင့်တဲ့ လုပ်ငန်းလည်းဖြစ်ပါတယ်။ ဘာလုပ်ငန်းလဲ ဆိုတော့ HIV နဲ့ AIDS ရောဂါတိုက်ဖျက်ရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

(အကဲခတ်သည့် မျက်လုံးနှင့်ထပ်ကြည့်)

AIDS ရောဂါကို အမေရိကန်နိုင်ငံမှာ ၁၉၈၁ ခုနှစ်က စတွေ့ခဲ့ပြီး၊ အနောက်ဥရောပ၊ အာဖရိကနဲ့ အာရှတိုက်ကို ကပ်ရောဂါအသွင် ကူးပြောင်းခဲ့ပါတယ်။ ကျွန်တော်တို့ အာရှတိုက်မှာ ၁၉၉၂ ခုနှစ်က စတင်ကူးစက်ပြန့်ပွားခဲ့ပြီး၊ ကျွန်တော်တို့နိုင်ငံမှာ ၁၉၉၁ ခုနှစ်က ရောဂါသည်တစ်ဦး စတင်တွေ့ရှိခဲ့ပါတယ်။ (မှတ်စုလိုက်ရေးနေသူများအား တစ်ချက်ကြည့်၊ လိုက်ရေးပြီး အောင်စောင့်သည့် အနေဖြင့် စကားတုံ့ဆိုင်းထား)

၂၀၀၄ ခုနှစ် ကုန်ဆုံးချိန်ထိ WHO ရဲ့ သုတေသနပြုချက် မှတ်တမ်းအရ HIV ပိုးကူးစက်ပြီး အသက်ရှင်နေသူ ၃၉. ၄ သန်းခန့်ရှိမယ်လို့ မှန်းဆပါတယ်။ ၄. ၉သန်းကတော့ HIV ပိုးကူးစက်ခံရပြီး ၃. ၁ သန်းကတော့ AIDS ရောဂါဖြင့် သေဆုံးကြောင်း



တွေ့ရပါတယ်။ ဒီစာရင်းဟာ ၂၀၀၄ ခုနှစ်တစ်နှစ်အတွင်း ကောက်ယူ မှန်းဆတဲ့ စာရင်းပါ။

(ပြောဆိုမှုတွေ ခေတ္တ ဆိုင်းငံ့လျက် မှတ်စုစာအုပ်ကို ပြန်ဖတ်။ ထို့နောက် ချောင်းတစ်ချက်ဟန့်လိုက်ပြီး ဆက်ပြော)

ဒီအချက်အလက်တွေ အစက ကျွန်တော် မသိပါဘူး။ သောကြာနေ့က မြို့နယ်အေးချမ်းမြို့ အစည်းအဝေးမှာ မြို့နယ်ဆရာဝန်ကြီး ဦးသန့်မောင်လတ် ပြောသွားတာဖြစ်ပါတယ်။ ဆရာဝန်ကြီးက ပြောသွားပါတယ်။ HIV ပိုးနဲ့ AIDS ရောဂါ ပျောက်ကင်းစေတဲ့ဆေးဝါးကို ခုထက်ထိ မထုတ်လုပ်နိုင်သေးဘူး။ ရောဂါဖြစ်ပြီဆိုရင် လူနာဟာ သေမိန့်ကျသူနဲ့ မခြား အနေအထားဖြစ်တယ်။ ၂၀၀၄ ခုနှစ်တစ်နှစ်တည်း သေသူ ၃. ၁ သန်းဆိုတဲ့ ကိန်းဂဏန်းကို ကြည့်ရင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း သေဆုံးတဲ့ ကိန်းဂဏန်းထက် များနေတယ်။ ၂၀၀၄ ခုနှစ်က ကိန်းဂဏန်းအတိုင်း ဆက်တွက်ချက်ရင် ယနေ့အထိ သေဆုံးသူဟာ ၁၀ သန်း အထက်ရှိနေပြီ။ ဒီတော့ HIV နဲ့

www.burmeseclassic.com


AIDS ရောဂါဟာ ကမ္ဘာ့လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်နေတယ်။ ဒါကို ဥပက္ခာပြုထားမယ်ဆိုရင် ကမ္ဘာပေါ်မှာ လူသားမျိုးဆက် ကုန်သွားနိုင်လောက်အထိ အန္တရာယ်ပေးနိုင်တယ်လို့ ဟောပြောသွားပါတယ်။ (ပြောဆိုမှုခေတ္တရပ်ပြီး အစည်းအဝေးတက်ရောက်သူများအား ဝေ့ဝဲကြည့်) ဒီနေ့ အစည်းအဝေးတက်လာသူတွေက မေးစရာတစ်ခုရှိပါလိမ့်မယ်။ ဒီရောဂါနဲ့ ကျွန်တော်တို့ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနဲ့ ဘယ်လိုပတ်သက်လဲ။ ကျွန်တော်တို့က ဘယ်အပိုင်း၊ ဘယ်ကဏ္ဍက တာဝန်ယူရမှာလဲလို့ မေးလာနိုင်ပါတယ်။ ဟုတ်ကဲ့၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဟာ မူးယစ်ဆေးဝါးမသုံးစွဲအောင် ပညာပေးစည်းရုံးဟောပြောမှုတင်မကဘူး၊ မူးယစ်ဆေးဝါးကို သွေးကြောထဲသွင်းတဲ့အတွက် ကူးစက်ခံရတဲ့ AIDS ရောဂါအန္တရာယ်က ဒီနေ့တော်တော် ပျံ့နှံ့နေပါတယ်။ ဒီနည်းနဲ့ AIDS ရောဂါဖြစ်သူတွေများလာတော့ ကျွန်တော်တို့အသင်းနဲ့ တိုက်ရိုက်ပတ်သက်လာပါတယ်။ ဒီတော့ မူးယစ်ဆေးဝါးဆန့်ကျင်ရေးသာမက AIDS တိုက်ဖျက်ရေးလုပ်ငန်းပါ တိုးချဲ့လုပ်ဆောင်ဖို့ မြို့နယ်က တာဝန်ပေးလာပါတယ်။ ကျွန်တော့်အနေနဲ့ အမှာစကားပြောရာမှာ ဒီလောက်နဲ့ပဲ အဆုံးသတ်ပါမယ်။ ကျန်တဲ့အပိုင်းကို ကျန်းမာရေးဌာနက တာဝန်ရှိသူတွေက ဆက်ဆွေးနွေးပါလိမ့်မယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဇာတ်ညွှန်း ။ (ဥက္ကဋ္ဌက အမှာစကားပြောကြားပြီးထိုင်။ အတွင်းရေးမှူးက နောက်အစီအစဉ်ဖတ်ကြားပြီး၊ လက်ထောက်ဆရာဝန် ဦးသိန်းတိုးအား ကျန်းမာရေးကဏ္ဍ ဆက်ဆွေးနွေးရန် ပန်ကြားပြီးထိုင်။)

ဦးသိန်းတိုး ။ အားလုံးမင်္ဂလာပါ။ အခမ်းအနားမှူး မိတ်ဆက်ပေးလို့ ကျွန်တော်ဟာ မြို့နယ်လက်ထောက်ဆရာဝန်ဆိုတာ သိသွားကြမှာပါ။ ဒီနေ့အစည်းအဝေးမှာ ကျွန်တော်က "ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း" ဆွေးနွေးတင်ပြပါမယ်။

www.burmeseclassic.com

www.burmeseclassic.com

(မျက်မှန်လျှောကျနေသည်ကို ပင့်တင်ပြီး အစည်းအဝေးတက်ရောက်သူများအား ဝေ့ဝဲကြည့်) လူအများသိတဲ့ လေးလုံးရောဂါ AIDS က အက္ခရာလေးလုံးရှိနေလို့ လေးလုံးရောဂါလို့ ခေါ်ကြတယ်ထင်ပါတယ်။ (ပြုံးလျက် အားလုံးကိုမြကြည့်)၊ တချို့ကတော့ အေ၀မ်းဒီဖိုက်တဲ့၊ စာလုံးပုံသဏ္ဍာန် ကြည့်ပြောပုံ ရပါတယ်။ ကျွန်တော်တို့ ခေါ်ဝေါ်တာက အိဒ်(စ်) ရောဂါ။ ဒီရောဂါကို မြန်မာလိုအဓိပ္ပာယ်ပြန်ရရင် ခုခံအားစံနစ် ကျဆင်းမှုရောဂါလို့ ခေါ်ပါတယ်။ ကျွန်တော်တို့ခန္ဓာကိုယ်ထဲမှာ ခုခံအားစနစ်ကို လင့်ရည်ကြည်အကြိတ်များက ထိန်းချုပ်ထားပါတယ်။ အဲဒီ အကြိတ်များက လင်ဖိုဆိုက် (Lymphocyte) ခေါ်တဲ့ သွေးဖြူဥကို ထုတ်ပေးပါတယ်။ အဲဒီ လင်ဖိုဆိုက်က သွေးကြောထဲမှာ လှည့်ပတ်သွားပြီး ပြင်ပကဝင်လာတဲ့ ရောဂါပိုးကို တိုက်ဖျက်ပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ရောဂါပိုးအမျိုးမျိုး ပျံ့နှံ့



နေတယ်။ အဲဒီပိုးတွေက တစ်နည်း နည်းနဲ့ ကျွန်တော်တို့ ခန္ဓာကိုယ်ထဲဝင် လာတယ်။ ရောဂါနဲ့ နှိပ်စက်ဖို့ရောက်လာတယ်။ အဲဒီပိုးကို လင်ဖိုဆိုက်ခေါ်တဲ့ သွေးဖြူဥက ဖျက်ဆီးပစ်တယ်။ ဒီတော့ ရောဂါမကပ်ငြိနိုင်တော့ဘူး။ အဲ. . ခုခံအားစံနစ်ကျဆင်းသွားရင် လင်ဖိုဆိုက်တွေ ပျက်စီးသွားရင် ရောဂါပိုးကို မသတ်နိုင်တော့ဘူး။ ဒီအခါ အထွေထွေ ရောဂါကပ်ငြိရော . . . ဒါကို AIDS ရောဂါ ရတယ်လို့ ခေါ်ပါတယ်။ (စကားရပ်လျက် မှတ်စုမှတ်နေသူများ စောင့်ကြည့်။ ခဏ ကြာမှပြန်ဆက်) ကျွန်တော်တို့ ခန္ဓာကိုယ် ထဲမှာရှိတဲ့ လင်ဖိုဆိုက်ကို ပျက်စီးအောင် ဖျက်ဆီးတဲ့ ရောဂါပိုးက HIV ပါ။ (H) ရဲ့ အဓိပ္ပာယ်က (Human)၊ (I) (Immunode- ficiency)၊ (V) က (Virus) ဆိုတဲ့ အဓိပ္ပာယ်ပါ။ HIV ပိုးက ခုခံအားစံနစ်ရဲ့ အဓိကကျတဲ့ ခေါင်းဆောင် (T4) တီဖိုး သွေးဖြူဥကို တိုက်ရိုက်ဖျက်ဆီးပါတယ်။ (T4) သွေးဖြူဥ ဖျက်ဆီးခံရတော့

www.burmeseclassic.com

www.burmeseclassic.com



ခုခံအားစံနစ် ကျဆင်းဆုတ်ယုတ်သွားပြီး၊ ရောဂါကို မတွန်းလှန်နိုင်တော့ဘူး။ ဒီအခါ AIDS ရောဂါလက္ခဏာ ပေါ်ပေါက်တော့တာပါပဲ AIDS ရဲ့ အဓိပ္ပာယ်က (A) ဆိုတာ (Acquired) မွေးရာပါမဟုတ်၊ ကူးစက်မှုမှ ရသော (I) ဆိုတာက (Immune) ခုခံအား၊ ကိုယ်ခံအား နောက်စလုံးက (D) အဲဒါက (Deficiency) လျော့နည်းကျဆင်းမှု (S) (Syndrome) ရောဂါလက္ခဏာစု။ အဲဒါကို ပေါင်းစု ခေါ်တော့ ခုခံအားကျဆင်းမှု ကူးစက် ရောဂါလို့ ခေါ်ပါတယ်။ (မှတ်စုရေးနေသူများကို ခဏစောင့်ကြည့်ပြီးမှဆက်ပြော)။ HIV ရောဂါပိုးနှစ်မျိုး ရှိပါတယ်။ HIV 1 နဲ့ HIV 2 လို့ ခွဲထားပါတယ်။ HIV 1 ရောဂါပိုးကို အာဖရိကရှိ ချင်ပန်နီမျောက်တွေက အစပြုတယ်လို့ ယူဆပါတယ်။ HIV 2 ရောဂါ ပိုးကတော့ အာဖရိကတိုက်ရှိ မန်ဂါလီမျောက်များက ဆင်းသက်တယ်လို့ သုတေသီတို့က ဆိုပါတယ်။ AIDS ရောဂါကို ကပ်ရောဂါ



အသွင်ဖြစ်စေတဲ့ တရားခံက HIV 1 ကြောင့်ပါ။ HIV 2 က AIDS ရောဂါဖြစ်စေနိုင်ပေမယ့် HIV 1 လောက် ကူးစက်မှုနှုန်း မမြန်ဘူး၊ မပြင်းထန်ဘူးလို့ဆိုပါတယ်။ ဒီရောဂါပိုးကို ရှာတွေ့တာမကြာသေးတော့ ဆေးဝါးအသင့်မရှိပါဘူး။ ရောဂါစွဲကပ်ရင် ပျောက်ကင်းအောင် မကုနိုင်သေးပါဘူး။ ဒါကြောင့် ဖြစ်ပြီဆိုရင် အသက်ဆုံးရှုံးရဖို့ ရာခိုင်နှုန်းများပါတယ်။ ဆေးဝါးမရှိသေးတဲ့ရောဂါ မကျရောက်အောင် ကာကွယ်ခြင်းဟာ ကုသခြင်းလို့ပဲ မှတ်ယူရပါမယ်။ ဒီတော့ ကျွန်တော်တို့ ဘာလုပ်ကြမလဲ .. ကျွန်တော်တို့ နိုင်ငံသားတွေ၊ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေ၊ ကျွန်တော်တို့ မိတ်ဆွေသင်္ဂဟတွေ ဒီရောဂါ မဖြစ်အောင် ကာကွယ်တဲ့အနေနဲ့ ကျန်းမာရေးအသိပေးဖို့ လိုပါတယ်။ ဒီနေရာမှာ အခု အစည်းအဝေးတက်လာတဲ့ လူကြီးမင်းတို့ရဲ့ ကဏ္ဍက အရေးပါလာပါပြီ။ (စကားကိုရပ်လျက် အားလုံးကိုကြည့်အကဲခတ်)

www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေး အသိပညာပေးဖို့က အမှန်တော့ ကျွန်တော်တို့တာဝန်ပါ။ ဒါပေမဲ့ အခြေအနေ အရပ်ရပ်က အဲလို လှုပ်ရှားနိုင်အောင် ဝန်ထမ်းအင်အား မလုံလောက်ဘူး။ ပြည်သူ လူထုနဲ့လည်း ထိစပ်မှုနည်းတယ်။ ဒီ အားနည်းချက်ကို ဖြည့်ဆည်းနိုင်တာက လူထုထဲနေတဲ့ လူကြီးမင်းတို့ပဲ ရှိပါတယ်။ ထားတော့။ လူကိုအန္တရာယ်ပြုတဲ့၊ အသက် ဆုံးရှုံးအောင် ပြုနိုင်တဲ့ AIDS ရောဂါ၊ ဒီရောဂါ ဖြစ်ပွားစေတဲ့ ရောဂါပိုးဟာ ကျွန်တော်တို့ကို ဘယ်လိုကူးစက်သလဲ၊ အဲဒီလို ကူးစက်တတ်မှုကိုသိမှ ရှောင်ရှား နိုင်မယ်။ ရှောင်ရှားမှ ကာကွယ်ရာ ရောက်မယ်။ ကောင်းပြီ။ HIV ရောဂါ ဘယ်ပုံ ကူးစက်တတ်တယ်ဆိုတာ လက်တွေ့ပြဖို့ ကျွန်တော်တို့ဌာနက ဇာတ်လမ်းလေးတွေနဲ့ စိတ်ဝင်စားစရာ ကောင်းအောင် စီစဉ်ထားပါတယ်။ ဒါကို ကြည့်ရှုခံစားရင်း အားလုံးသဘောပေါက် သွားမှာပါ။ ကဲ. . . . မောင်မျိုးရေ၊



မင်း . . အစီအစဉ်လေး စလိုက်ရအောင်။

(အစည်းအဝေးခန်း တစ်နေရာတွင် ဒီဂျစ်တယ်ကင်မရာနှင့် အသင့်ပြင်ဆင် စောင့်နေသော တပည့်ဖြစ်သူအား ဆရာဝန် ဦးသိန်းတိုးက အချက်ပြလိုက်)။

ဇာတ်ညွှန်း

။ ဆရာဝန် ဦးသိန်းတိုးက အချက်ပေးလိုက် သည်နှင့် အစည်းအဝေးတက်ရောက် သူများက ပိတ်ကားဆီသို့ ခေါင်းလည်သွား။ လင်းနေသော မီးများပိတ်။ ကခွင်တစ်ခုလုံး အမှောင်ကျ။ တီးဝိုင်းမှ "လူကျန်းမာမှ စိတ်ချမ်းသာမည်" ဟူသော တေးသီချင်းကို မြိုင်မြိုင်ဆိုင်ဆိုင်တီးပေးရင်း အခန်းပြောင်း။ ကားလိပ်ချ။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## ပြကွက် - ၃ -

နေရာ ။ လူသူစည်ကားသည့် ဈေးရှေ့လမ်းမ။

အချိန် ။ နံနက်ပိုင်း။

အခမ်းအနား ။ ဈေးမြင်ကွင်းသဏ္ဍာန် ရေးခြယ်ထားသည့် နောက်ခံပန်းချီကားချပ်။ ဇာတ်ခုံ၏ ဝဲဘက် ရှေ့ပိုင်းတွင် ဆိုက်ကားနှစ်စီး၊ သုံးစီးယှဉ် ရပ်ထား။ ယင်းနှင့် မနီးမဝေးတွင် မရမ်းသီး၏ ကွမ်းယာဆိုင်ကို ထိုကားနှင့် ပြင်ဆင်ထား။ လမ်းဘေးဈေးသည်များက ထိုင်၍ တစ်မျိုး၊ ရပ်၍ တစ်ဖုံ၊ လမ်းလျှောက်၍တစ်နည်း ပုံစံအမျိုးမျိုးဖြင့် ရောင်းဝယ်နေစေ။ တိုလီမိုလီ၊ စုံစီနဖာ ရောင်းသည့် မာမက်က ဈေးဗန်းကို လွယ်လျက် ခေါက်တုံ့ခေါက်ပြန်လျှောက် နေစေ။

မီး ။ ကခွင်တစ်ခုလုံးမြင်နိုင်အောင် မီးရောင်ပေး။

အသံ ။ ဈေးရောင်း ဈေးဝယ်တို့ အော်ဟစ် ဈေးခေါ်သံ၊ ငြင်းခုံသံ၊ လူသံများကို





ကြိုတင်သွင်းယူထားပြီး၊ ဈေးသရုပ်ပေါ်လွင်အောင် အသံဖြင့် ပံ့ပိုးထား။

ဇာတ်ဝင်ပစ္စည်း ။ ဆိုက်ကားနှစ်စီး၊ မရမ်းသီး၏ လမ်းဘေး ကွမ်းယာဆိုင်။ ဈေးရောင်း ဈေးဝယ်တို့၏ ဝတ်စားဆင်ယင်မှုအစုံ။ အေးသန်း (မာမီစိန်)နှင့် ကျော်လေး (မာမီငြိမ်း)တို့၏ မိန်းကလေးအသွင် ထူးခြားသော ဝတ်စား ဆင်ယင်မှု။

ဇာတ်ညွှန်း ။ အခန်းပြောင်းတီးလုံး အဆုံးတွင် ပြည်ဖုံး ကန့်လန့်ကာ ဖွင့်သည်နှင့် ဈေးရောင်း ဈေးဝယ်တို့၏ အသံသွင်း တိပ်ခွေကိုဖွင့်။ ကခွင်၏ ဝဲဘက်ထောင့်တွင် ဆိုက်ကား နှစ်စီး ယှဉ်ထိုးရပ်။ ငှားမည့်သူမရှိ၍ ဆိုက်ကား သမား ဘမောင်က ပျင်းရိငြီးငွေ့ဟန်ဖြင့် ဘေးတွဲ ခုံတွင်ထိုင်နေ။ ဆိုက်ကားသမား တင်ဦးက လူစောင့်ရင်း ဆေးလိပ်မှိန်း နေစေ။ ထိုသို့ ပျင်းရိဖွယ်ကောင်းနေ ချိန်တွင် ကခွင်၏ ညာဘက်တိုင်ဖုံး အတွင်းမှ ခေတ်ပေါ်တေးသီချင်းသံ လွင့်ပျံထွက်လာ၍ ဆိုက်ကားသမား

www.burmeseclassic.com

www.burmeseclassic.com


နှစ်ဦးက ဟော. . . ဟုပြိုင်တူရေရွတ်ရင်း တက်ကြွသည့်အမူအရာနှင့် ကိုယ်နေဟန်ပန်ပြင်ပြီး အသံလာရာဆီသို့ မျှော်ကြည့်ရင်းပြော။

ဘမောင် ။ ဟော့ကောင်တင်ဦး၊ မင်းတော့ အိုကေပြီ၊ မင်းကောင်မလေး လာရင်တော့ မင်းတော့ စိုပြည်ပြီ ငါ့ကောင်။

တင်ဦး ။ မင်းကပြောရော့မယ်။ ငါ့ မာမီစိန်လာရင် မင်း မာမီငြိမ်းလည်း ပါမှာပေါ့။ ဘာထူးလည်းငါ့ကောင်။ မင်းလည်း စိုပြည်ပြီပေါ့။ (နှစ်ယောက်သား ကြည့်လျက် အမိပ္ပါယ်ပါပါနှင့် ရယ်လိုက်ကြစေ)

ဘမောင် ။ ပြောသာပြောရတာ မင်း မာမီစိန်က ခပ်ကဲကဲ၊ ခပ်ချွဲချွဲ။ အဟက်ဟက်. . . မာမီစိန် အချွဲကောင်းလေ ငါ့ကောင်ကတော့ မခွဲနိုင်မခွာရက်လေပဲ။

တင်ဦး ။ ဒီလိုလည်း မဟုတ်ပါဘူး ဘမောင်ရာ. . . ဒီဟာမတွေက ငွေရှာကောင်းတော့ အလိုက်သင့် ပေါင်းနေရတာပေါ့။ ပြောလို့ပြောတာမဟုတ်ဘူး ဘမောင်။ သင်းတို့ဘယ်လိုငွေရှာလည်း မသိဘူး။ တို့များတော့ ဒူးဆက်ခေါက်လိုက်အောင် တစ်နေ့လုံး ဆိုက်ကားနင်းလို့ ငွေနှစ်ထောင်မရဘူး။ သင်းတို့ သဒ္ဒါကြေးပေးလိုက်တာများ လေးငါးထောင် ပွတ်ခနဲ ဟဲဟဲ. . . (ကိုယ့်စကားနှင့်ကိုယ် သဘောကျဟန်၊ ရှက်နေဟန်ဖြင့်ရယ် . . . )

ဘမောင် ။ သူတို့ဘာသာ ဘယ်လိုရှာရှာကွာ. . . အဆင်မပြေတဲ့ တို့မိသားစုလည်းပြေလည်၊ တို့လည်း တဒင်္ဂပျော်ရ ပြီးတာပဲ။

တင်ဦး ။ အေး ဟုတ်တော့ ဟုတ်တယ်။ အိမ်ကမိန်းမက တစ်နေ့ ထောင့်လေးငါးရာ နှစ်ထောင်မအပ်ရင် သိပ်မကြည်သာဘူး ငါ့ကောင်ရ။ ဆိုက်ကားဆွဲမကောင်းတဲ့ နေ့မျိုးကျရင် မာမီစိန်လာပါစေလို့ပဲ ဆုတောင်းရတယ်။

ဘမောင် ။ အဟဲဟဲ. . . ခံတွင်းတွေ့တယ်ပေါ့။

တင်ဦး ။ ဒါက အဓိကမဟုတ်ပါဘူး ဘမောင်ရာ. . ဩော် ဒါထက် ပြောရဦးမယ်။ ဟိုဘက်ဂိတ်က အုန်းသောင်းတို့က တို့ဒီလိုပြေလည်နေတာ သိပ်နာလိုပုံမရဘူး။ မျက်နှာကြောင်းတခဲခဲ နှာခေါင်းတရှုံ့ရှုံ့နဲ့ကွ။

www.burmeseclassic.com

www.burmeseclassic.com

ဘမောင် ။ ဘာဆိုင်လဲကွာ. . . တို့လို ပြေလည်ချင်ရင် တို့လိုကြိုးစားပေါ့။ တို့လိုရချင်ရင် တို့လို အစွမ်းအစရှိပေါ့။ သင်းတို့ရုပ်တွေက ပိန်တီးပိန်ခြောက်၊ ငါးကျီးခြောက်ကျပ်တင်ထားလိုရုပ်မျိုးကို ဘယ်မိန်းကလေးက သဘောကျမှာလဲ . . .။

တင်ဦး ။ အဟဟ. . . မင်းကပြောရော့မယ်။ မင်း မာမိငြိမ်းက မိန်းကလေးမို့လို့လား. . . ။

ဘမောင် ။ (ကြောင်အမ်းအမ်းတစ်ချက်ဖြစ်၊ စဉ်းစားဟန်ပြုပြီး သဘောကျဟန်ဖြင့် ရယ်စေ) အဟားဟား . . . ဘာဖြစ်ဖြစ်ကွာ။ ငါ့အတွက်တော့မာမိငြိမ်းက မိန်းကလေးပဲ။

တင်ဦး ။ မင်းကို အားဆေးတွေတိုက်တယ်ဆို။

ဘမောင် ။ ဟာကွာ. . . မင်းကတော့ (ပြောပြီး ခပ်တိုးတိုး ခေါင်းငုံ့ရယ်နေစဉ်၊ တိုင်ဖုံးတွင်းက သီချင်းသံကျယ်လာ. . . )

မာမိစိန် ။ (ကျွန်မတို့အရွယ် ငယ်ရွယ်သေး × × × × အချစ်အကြောင်းကိုဘာညာမတွေး× × × ရည်းစားဆိုသလား၊ ဆီးပြားဆိုသလား ချဉ်ငန်လေး× × × လျှာပေါ်တင်တော့



ဆိမ့်ဆိမ့်လေး × × × အိုရှင် တစ်သက် မမေ့နိုင်တဲ့ အရသာလေး အဲဒါ ကျွန်မ ဒါလင်လေး × × × အချစ်ဆေး)

ဇာတ်ညွှန်း ။ (သီချင်းသံနှင့် လိုက်လျောညီထွေ တီးခတ်ပေးသည့်အတိုင်း စီးချက်ကျကျ လှုပ်ရမ်းကပြ။ ကလေးငယ်တို့က သဘောကျဟန်ဖြင့် လက်ခုပ်တီး လက်ခေါက်မှုတ်အားပေး။ တစ်ကျော့နှစ်ကျော့ကပြီး ဆီးထုပ်များ ရောင်းချပြီး ငွေစက္ကူများ ရေတွက်လျက် တင်ဦးတို့ ရှိရာသို့ ခပ်နွဲ့နွဲ့လေး လျှောက်လာ. . . ) ဟွန်း . . . သူကတော့ စတိုင်ကိုကျလို့။ ဒီမယ် ကရခုန်ရတာ မောနေပြီ (ကနွဲ့ကလျှမျက်စောင်းထိုးပြော)

တင်ဦး ။ ခုတော့ အမောပြေသွားပြီမို့လား. . . ။

မာမိစိန် ။ သွား. . . ဒီအပြောတွေကြောင့် သူ့ကို မုန်းတာ (စိတ်ဆိုးသည့် အမူအရာနှင့် မြေခြဆောင့်။)

တင်ဦး ။ အေးလေ. . . မကြွင်နှာလို့ ပစ်သွားလည်း တင်ဦးကပဲပေါ့ (ဝမ်းနည်းသည့် လေသံ ညှိုးငယ်ဟန်ဖြင့်ပြော။)

www.burmeseclassic.com

www.burmeseclassic.com

မာမီစိန် ။ (ပျာပျာသလဲ အမူအရာဖြင့် ကယုကလင် လုပ်ပြီးပြော) အို. . . သူ့ကို ဘယ်သူက မုန်းတယ်ပြောလို့လဲ။ တစ်သက်လုံး မမုန်းဘူး။ အမြဲချစ်နေမှာ။ ခုပဲချစ်ကြစို့။

တင်ဦး ။ မာမီစိန်ကလုပ်ပြီ။ ဒီမှာ ဆိုက်ကားမဆွဲရလို့ စိတ်ညစ်နေတာ။ ဈေးဦးမပေါက်သေးဘူး။ မာမီရဲ့ (အထာနှင့်ပြော ဘမောင်ကို မျက်စိမှိတ်ပြ)

မာမီစိန် ။ သူ့အဖြစ်က ဒီတိုင်းချည်းပဲ။ ဒါတွေ တွေးမနေနဲ့။ မောင့် အပူဟာ ဒီကအပူ ပဲပေါ့။ လာသွားကြမယ် (ဆိုက်ကား ဘေးတွဲပေါ်သို့ မြူးမြူးကြွကြွတက်ထိုင်။)

ဘမောင် ။ အမယ်၊ သူတို့က ဒီလိုသွားလို့ ဘယ်ဖြစ်မလဲ ဂိတ်ကြေးပေးခဲ့ဦးလေ. . .။ ( ပြုံးဖြီးဖြီး အမူအရာနှင့်ပြော)

မာမီစိန် ။ ဟင်းနော်. . . ကိုဘမောင်ကြီး၊ သူများ တွေကို အနှောင့်အယှက်ပေးဖို့ပဲ စဉ်းစားနေ ပြည်ပန်းညို ချိုချင်ပါလျက် ဆားကဖျက် ဆိုတာဒါမျိုး။ တကယ့်ဆားပဲ။

ဘမောင် ။ ဩော်. . . ခုတော့ ဆားပေါ့။ တစ်နေ့ကျ တင်ဦးက ပစ်သွားမှ ကိုဘမောင်ကြီးလို့ လာမခေါ်နဲ့။



မာမီစိန် ။ အို. . . မဦးမချွတ်၊ သူများကို မောင်က ဘယ်တော့မှပစ်မသွားဘူး။ ဟုတ်တယ်နော် မောင်. . . ဟုတ်တယ်မို့လား။

တင်ဦး ။ တစ်သက်လုံးမပစ်ဘူး။ ဒီလောက်အပြုအစု ကောင်းတဲ့မာမီကိုပစ်ရင်ငရဲမိုက်မဲရာကျမှာပေါ့ (သဘောကျဟန်ဖြင့်ရယ်။ မာမီစိန်က ရှက်ဟန်အမူအရာနှင့် တင်ဦး ပေါင်ကို မနာမကျင်အောင် ဖြည်းညင်းစွာရိုက်)

ဘမောင် ။ မာမီစိန်၊ ကျုပ်. . . အသက်ဘူးလေးရော။

မာမီစိန် ။ ဟင်း၊ ဒါမေးချင်တာများ ဟိုလှည့်ပတ်၊ ဒီလှည့်ပတ် လုပ်နေသေး။ လာလိမ့်မယ်။ ဟိုဘက်ရပ်ကွက်ထဲ ကျန်နေခဲ့တယ်။ ကဲ. . . . . သွားပြီနော်။ သူများတွေကို မနာလိုမရှိနဲ့။

ဇာတ်ညွှန်း ။ မာမီစိန်ကိုတင်လျက် တင်ဦးက ဆိုက်ကား နင်းလျက် ပြုံးရွှင်စွာထွက်သွား။ မာမီစိန်က ဘမောင်ကို ဖလိုင်းကစ်လုပ်ပြပြီး သဘော ကျဟန်ရယ်မောသွား။ ဘမောင်က ဒေါသ ဖြစ်သည့် အမူအရာနှင့် လက်သီးဆုပ်ပြ ကျန်ရစ်။ ခဏ အကြာတွင် တစ်ဖက် ကားလိပ်တွင်းမှ ခေတ်ပေါ်သီချင်းသံ ထွက်လာ. . .။

www.burmeseclassic.com

www.burmeseclassic.com



ဘမောင် ။ ဟော . . . သူလာပြီ။ မယ်မင်းကြီးမကို မျှော်နေရတာ. . . ဒီမှာ ဆိုက်ကား မဆွဲရလို့ သင်းကိုမျှော်နေမှ သင်းကနောက်ကျနေတယ်။ နေဦး တွေ့သေးတာပေါ့။ အို. . ကြာပါတယ်။ သူလာလာမလာလာ. . . ကိုယ်ကတွေ့ရမှာပဲ။ အဟဲဟဲ. . .၊ အကြိုထောက်လိုက်ဦးမှ (ဆိုက်ကားနင်းလျက်တစ်ဖက်ကားလိပ်ထဲဝင်။ ပျော်မြူးနေဟန်ဖြင့် ပရိသတ်ဘက်လက်ပြနှုတ်ဆက်နေစဉ်၊ ပြည်ဖုံးကန့်လန့်ကာကြီး တလိပ်လိပ်ကျလာ။ တီးဝိုင်းမှ အခန်းပြောင်းတီးလုံး မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာစေ။)

* * * * * * * * *

## ပြကွက် - ၄ -

နေရာ ။ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံး၊ အစည်းအဝေးခန်းမ။

အချိန် ။ မွန်းလွဲ (၁၄ : ၆၀) နာရီ။

အခမ်းအနား ။ ဆက်လက်ကျင်းပနေဆဲ အစည်းအဝေးပုံစံမပျက်။

မီး ။ ကခွင်တစ်ခုလုံး မြင်နိုင်သော မီးအလင်းဖျန်းထား။

အသံ ။ တစ်ဦးချင်းပြောဆိုသည်ကို ကြားနိုင်အောင် မိုက်ခွက်များတပ်ဆင်ထား။

ဇာတ်ဝင်ပစ္စည်း ။ အစည်းအဝေး ထိုင်နေသည့် မူလ အဝတ်အစားအတိုင်း။

ဇာတ်ညွှန်း ။ အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ပြည်ဖုံးကန့်လန့်ကာဖွင့်ချိန်တွင် မြို့နယ်လက်ထောက်ဆရာဝန် ဦးသိန်းတိုးက မတ်တတ်ရပ်လျက် စကားပြောနေဟန်၊ ကျန်ပုဂ္ဂိုလ်များ စိတ်ဝင်တစားနားထောင်နေဟန် ရှိနေစေ။



www.burmeseclassic.com

www.burmeseclassic.com

ဦးသိန်းတိုး ။ လူကြီးမင်းများ တွေ့လိုက်တဲ့ ဇာတ်လမ်းကိုလေးကိုကြည့်ရင် HIV ရောဂါကူးစက်တဲ့ အကြောင်းအချက်တစ်ခုကို သဘောပေါက်ပါလိမ့်မယ်။ (အစည်းဝေးတက်ရောက်သူများက နားလည်ကြောင်း ခေါင်းညိတ်ဝန်ခံ။ ဆရာဦးသိန်းတိုးက ကျေနပ်သည့် အပြုံးဖြင့်တစ်ချက်ပြုံးလိုက်) ကျွန်တော်တို့ WHO က သုတေသနပြု ဖော်ထုတ်ချက်အရ HIV ဗိုင်းရပ်ပိုးကူးစက်နိုင်တဲ့ နည်းလမ်းထဲမှာ လိင်မှုတစ်ဆင့်ကူးစက်မှုက များပြားပါတယ်လို့ပြောရင်ရပါတယ်။ ဒီနေ့ ကမ္ဘာကြီးက ဆက်သွယ်ရေးစနစ် လျှင်လျှင်မြန်မြန် တိုးတက်ပြောင်းလဲနေတယ်။ တစ်နေရာနဲ့ တစ်နေရာကို လွယ်ကူမြန်ဆန်စွာ ဆက်သွယ်နိုင်တယ်။ နောက်ပြီး လူမှုဆက်ဆံရေးက ဆန်းပြားလာတယ်။ အပျော်အပါးလိုက်စားမှုတွေများတယ်။ ဒီအချက်တွေက HIV ဗိုင်းရပ်စ်ပိုးကူးစက်ဖို့ လွယ်ကူတဲ့ အကြောင်းရင်းတွေဖြစ်ပါတယ်။ လိင်ကတစ်ဆင့်ကူးစက်မှုမှာ လိင်တူချင်းဆက်ဆံခြင်း၊ မကောင်းတဲ့ အမျိုးသမီးတွေနဲ့



ယှဉ်ပါးခြင်းစတဲ့ အချက်တွေက HIV ဗိုင်းရပ်စ်ပိုးကို လက်ရပ်ဖိတ်ခေါ်နေသလိုပါပဲ။ အကောင်းဆုံးကတော့ တစ်လင်တစ်မယား ကျင့်သုံးတဲ့စနစ်ဟာ အကောင်းဆုံးပဲ။ တကယ်လို့ အပျော်အပါးမရှောင်နိုင်ရင် အကာအကွယ်အိတ်တွေ သုံးသင့်ပါတယ်။ အဖော်. . . (ဦးသိန်းတိုးက အသင့်ဆောင်ထားသော အဖော်ကတ်လေးကို ထောင်ပြလိုက်သဖြင့် အားလုံးတိုးညင်းစွာရယ်) အမှန်တော့ ဒါဆောင်ထားတာဟာ ရှက်စရာမရှိပါဘူး။ ကွယ်ဝှက်စရာလည်း မလိုပါဘူး။ ခေတ်မီတဲ့၊ ကျန်းမာရေးအသိဗဟုသုတရှိတဲ့ နိုင်ငံတွေမှာတော့ ဒါဟာ ကျွန်တော်တို့ ခင်ဗျားတို့အတွက် အဖော်မွန်ပါ။ အစည်းအဝေးပြီးရင် အားလုံးကို လက်ဆောင်ပေးပါမယ်။ (အားလုံးက သဘောကျစွာရယ်) ကောင်းပါပြီ။ ခု ဆက်ပြီး နောက်ထပ်ကူးစက်နိုင်တဲ့ နည်းလမ်းတစ်ခုကို ဆက်ပြပါမယ်။ မောင်မျိုးရေ. . .

ဇာတ်သွှန်း ။ ဦးသိန်းတိုးက အချက်ပြ။ မောင်မျိုးက နားလည်ကြောင်း ခေါင်းညိတ်။ ကခွင်တစ်ခုလုံးမီးမှိတ်။ အခန်းပြောင်း။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## ပြကွက် - ၅ -

နေရာ ။ မြို့စွန်ရှိ အိမ်ပျက်ကြီးတစ်လုံး။

အချိန် ။ ညနေပိုင်း၊ နေဝင်ရီတရောအချိန်။

အခမ်းအနား ။ တိုက်ပျက်တစ်လုံး၏ သွင်ပြင်ရေးဆွဲထားသည့် ထိုကားကို ကခွင်၏ နောက်ပိုင်းလက်ဝဲဘောင့်တွင် ပြင်ဆင်ထား။

မီး ။ တိုက်ပျက်၏ အသွင်ကို အာရုံစိုက်စေရန် ကခွင်အောက် မီးဖြင့် ပင့်ထိုးထားပေး။ ကျန်ကခွင်ကို အနီရောင်ဖျော့ဖျော့ မီးဖျန်းပေးထား။

အသံ ။ တီးဝိုင်းမှ ပတ်ဝန်းကျင် အခြေအနေကြည့်ပျက် စိတ်လှုပ်ရှားစေရန် တီးလုံးဖြင့် ပံ့ပိုးကူညီ။ ကခွင်နောက်ပိုင်းတွင် ဇာတ်ရုပ်များပြောစကားကို ကြားနိုင်အောင် မိုက်ခွက်များတပ်ဆင်ပေးထား။

ဇာတ်ဝင်ပစ္စည်း ။ ခေတ်လူငယ်များ ဝတ်စားဆင်ယင်မှု၊ ဆေးထိုးအပ်၊ ဆေးထိုးပိုက်၊ မူးယစ်ဆေးပါး။





ဇာတ်ညွှန်း ။ အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ကခွင်မီးပြောင်းချိန် ပြည်ဖုံးကန့်လန့်ကာကို တဖြည်းဖြည်းတင်။ စိုးဝင်းမောင်က တိုက်ပျက်ရှေ့တွင် မှုန်ရွှင်မလန်းသည့်မျက်နှာဖြင့် ရပ်နေ။ စိတ်မတည် မငြိမ်ဖြစ်နေဟန်ဖြင့် လမ်းလျှောက်လိုက်၊ ရပ်လျက်အဝေး မျှော်ကြည့်လိုက်လုပ်။ တစ်စုံတစ်ယောက်အလာကို မျှော်ရင်း စိတ်မရှည်ဟန်ဖြင့် လက်ဖဝါးကို ဖြန့်လျက် လက်သီးနှင့်ထိုး။ ဒေါသဖြစ်သည့် အမူအရာနှင့် လက်သီးဆုပ်။ ကြိတ်မနိုင်ခဲမရ အမူအရာ၊ အလိုမကျသည့် အမူအရာနှင့် ဟိုမှ ဒီမှ လျှောက်နေစေ . . . .။

စိုးဝင်းမောင် ။ (ကိုယ်ကိုယ်တိုင်မလုပ်ရင်ဘယ်တော့မှ အဆင်မပြေဘူး။ သေသေချာချာနိုင်းမှ ပိုကြာနေတယ်။ တောက် . . . . (ဒေါသဖြစ်ဟန်ဖြင့် တောက်တစ်ချက်ခေါက်ပြီး ထပ်မျှော်။ နိုင်းထားသည့် လူရိပ်ကို မြင်လိုက်ဟန်ဖြင့် တက်ကြွရွှင်လန်းသွားသည့် မျက်နှာထားပြောင်း။ စောင့်ဆိုင်းနေရသည်ကို စိတ်မရှည်ဟန်ဖြင့် ကခွင်၏ ညာဘက်ရှေ့ပိုင်းသို့ သွက်သွက်လက်လက်

www.burmeseclassic.com

 www.burmeseclassic.com 

လျှောက်လာ . . . . ) ဘာလုပ်နေတာလဲ၊ သက်ထွန်းလင်းရာ မြန်မြန် ဘာစမ်းပါ။ ဒီမှာ နေလို့ ထိုင်လို့ မရအောင် ဖြစ်နေပြီ။

သက်ထွန်းလင်း ။ (ရှေ့ပိုင်းတိုင်ဖုံးအကွယ်မှ အနေ ဘာတလျှင် လျှောက်လာဟန်ဖြင့် သက်ထွန်းလင်း ထွက်လာ . . . . ) မင်းက ဘာဖြစ်နေ တာလဲ။

စိုးဝင်းမောင် ။ ဘာဖြစ်ရမလဲဟ၊ အချိန်တန်လို့ ဆေးမသွင်း ရတော့ ဒီမှာဆောက်တည်ရာမရဖြစ်နေပြီ။ (သက်ထွန်းလင်း လက်ထဲကပစ္စည်းများ လှမ်းယူရင်း ကတုန်ကယင် အမူအရာဖြင့် ကိုင်တွယ်၍ ပစ္စည်းများ လွတ်ကျ)

သက်ထွန်းလင်း ။ မင်းလုပ်ရင် သောက်ရမ်းချည်းပဲ။ စလင်း ကျကွဲသွားလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်။ မင်းက ကိုယ့်ကိစ္စပဲ သိတယ်။ ဒီက လုပ်ရတာ ဘာအခက်အခဲရှိလဲလို့ မတွေးဘူး။

စိုးဝင်းမောင် ။ ဘာဖြစ်လို့လဲ။

သက်ထွန်းလင်း ။ အိမ်ကဘဲကြီး မရိပ်မိအောင် သိမ်းထားတဲ့ နေရာက ဆေးထိုးအပ်ယူရတယ်။ ငါ့ အမူ အရာကို သိပ်အကဲမရပုံနဲ့ စောင့်ကြည့် နေတော့ တော်တော်နဲ့ မထွက်ရဘူး။ ခုတောင် အခန်းတံခါး ဂျက်ချပိတ်ပြီး နောက်ဖေးပေါက်က ကျော်လွှားထွက်လာ ရတာ . . . .

စိုးဝင်းမောင် ။ မင်းဖားသားကြီးက တစ်မျောင့်ကွာ . . ။

သက်ထွန်းလင်း ။ အဲဒါပြောတာ . . . . ငါ့အထင် ရိပ်မိနေပုံ ရတယ်။ သေချာပါတယ်ကွာ . . . . မင်း ဘယ်သွားမှာလဲ၊ အနေအထိုင်တွေ ပြင်စမ်း။ မင်း ဘာလုပ်နေတယ်ဆိုတာ ငါ မသိဘူး မှတ်နေလားလို့ မာန်တယ် ကိုယ့်လူရ။

စိုးဝင်းမောင် ။ (ဆေးထိုးရန် မိုးရည်နှင့် ဆေးစပ်ပြီး ပုလင်း ကိုလှုပ်) ဒါဆို မသိသေးဘူး။ ရိပ်မိရုံဘဲ ရှိမယ်။ တကယ်တမ်းသိတာဆိုရင် တိတိ ကျကျ ပြောမှာပေါ့။

သက်ထွန်းလင်း ။ ဖြစ်နိုင်ပါတယ် . . . . ဒါပေမဲ့ ဘဲကြီးသိမ်း ထားတဲ့ငွေကို ငါ ခဏ ခဏခိုးနေတော့ မသင်္ကာဖြစ်နေတာကြာပြီ။ ဟိုတစ်လောက တို့ဆေးဖိုးပြတ်လို့ ငါ မြလက်စွပ် ထုခွဲ လိုက်တဲ့ကိစ္စကိုလည်း မသင်္ကာဘူး။ လက်စွပ်ကျပျောက်သွားတယ်လို့ ပြောတာ။ လက်မခံချင်ဘူး၊ မေးခွန်းတွေထုတ်လိုက် တာလည်း လွန်နေတာပဲ။

စိုးဝင်းမောင် ။ (ပုလင်းထဲမှ ဆေးရည်ကို စုပ်ယူပျောက် အပ်ကို မြှောက်ကြည့်။လိုဘပြည့်တော့မည်

www.burmeseclassic.com

ဖြစ်၍ တက်ကြွသည့် အမူအရာပြောင်းလာ) ငါလည်း အတူတူပါပဲ။

သက်ထွန်းလင်း ။ ဘယ်လိုတူတာလဲ။

စိုးဝင်းမောင် ။ ငါ့အစ်မ လက်ကောက်တစ်ရန် အလစ်ယူပြီး ဖျောလိုက်တုန်းက တစ်အိမ်လုံးပြောင်းဆန် သွားတာပဲ။ အားလုံးက မသင်္ကာတဲ့ မျက်လုံးတွေနဲ့ ဝိုင်းကြည့်တာ . . . . ငါက ခပ်တည်တည်နေလို့ (သဘောကျဟန်ဖြင့် အသက်မပါဘဲ ရယ်လိုက်)

သက်ထွန်းလင်း ။ အိမ်ကို လိမ့်တာက ဘာမှ မခက်ပါဘူး။ ခက်တာက ဆေးဝယ်ရတာ . . . .။

စိုးဝင်းမောင် ။ ဆေးဝယ်တာပဲကွာ . . . .။ သူတောင်းတဲ့ဈေး ပေးနိုင်ရင်ရပါတယ်။

သက်ထွန်းလင်း ။ (ဒေါသထွက်သည့် လေသံနှင့်ပြော) မင့်အဘ ပိုက်ဆံပေးရင်ရတာတော့ မင်းပြောမှလား . . . . တို့ ဖောက်သည် မာမက်ကလည်း ငွေသာပါရင် အစ်ကိုချင်း မိုးမွှန်နေတာ . . . . ငွေမပါလည်း ပစ္စည်းပါလာရင် ပြုံးနေတာပဲ။ အေး၊ ခက်တာက တို့ အရိပ်အခြည်ကို ငပွေးတွေ စောင့်ကြည့် နေတယ် ထင်တယ်ကွ။



စိုးဝင်းမောင် ။ မင်းက ဘာ့ကြောင့် ပြောနိုင်တာလဲ။ (စလင်းပိုက်ထဲမှ ဆေးရည်ကို သူ့ဘာသာ အကြောထဲသွင်းရန် ပြင်နေရင်း လှမ်းမေး)

သက်ထွန်းလင်း ။ ငါ ဆေးဝယ်ဖို့ မာမက်ဆိုင်သွားတော့ ငပွေးတစ်ကောင် ယောင်လည်လည် လုပ်နေတာ တွေ့တယ်။ ဒီငနဲကို မျက်ကြောဖြတ်နေတာနဲ့ အချိန်ဖင့်သွားတာ . . . . (သူပြောနေချိန် စိုးဝင်းမောင်က ဆေးသွင်းပြီး ဆေးရှိန်ရဟန်ဖြင့် ငြိမ်နေ) ကြည့်လည်း လုပ်နော် စိုးဝင်းမောင် . . . . ဟိုကောင် လှထွန်းလို စန့်သွားဦးမယ်။ မင်းပြီးရင် ငါ လုပ်လိုက်ဦးမယ်။

စိုးဝင်းမောင် ။ (ဆေးထိုးပိုက်ကိုဖြုတ်လျက် ပေးရင်း ဆေးအရသာ ခံနေဟန်ဖြင့် တိုက်နံရံကို မှီပြီး မှိန်းနေ . . . .) ယူ . . . . ယူလိုက်။

သက်ထွန်းလင်း ။ (ဆေးပုလင်းထပ်ထုတ်ပြီး၊ မိုးရည်နှင့် ရောစပ်။ ဆေးထိုးပိုက်နှင့် ဆေးရည်များ စုပ်ရန် ပြင်ဆင်၊ စိုးဝင်းမောင်ကို အမှတ်တမဲ့ လှမ်းကြည့်) စိုးဝင်းမောင် . . ဟေ့ကောင်။

ဇာတ်ညွှန်း ။ သက်ထွန်းလင်းက စိုးဝင်းမောင်ကို အသံပြုခေါ်သော်လည်း ပြန်ထူးသံမကြားရ၍ စိုးရိမ်ဟန်ဖြင့် စိုးဝင်းမောင် အနားကပ်။

www.burmeseclassic.com

www.burmeseclassic.com

စိုးဝင်းမောင်၏လက်ကို ကိုင်လှုပ်ရင်း ထပ်ခေါ်ကြည့်။ မလှုပ်ရှားဘဲ ဇက်ကျိုးကျသည့် အနေအထားမြင်ပြီး အထိတ်တလန့် အမူအရာဖြစ်နေချိန် ကခွင်ရှေ့ပိုင်း တိုင်ဖုံးကြားမှ စကားသံများကြား၍ အထိတ်တလန့်အမူအရာနှင့် ထရပ်။

ရဲတပ်သား ။ တိုက်ပျက်ကြီးဘက်သွားတာ သေချာပါတယ်။ ကျွန်တော်ကိုယ်တိုင် နောက်ယောင်ခံလိုက်လာတာ။

ရဲအရာရှိ ။ ဒါဆို တိုက်ပျက်ထဲမှာရှိတာ သေချာတယ်။ ကဲ၊ အချိန်ဆွဲမနေနဲ့။ လက်ပူးလက်ကြပ်မိအောင် ဖမ်းမိဖို့ လိုတယ်။ လာ . . လာ။

သက်ထွန်းလင်း ။ (ရဲတပ်ဖွဲ့ဝင်များ ပြောသံကြားသည်နှင့် စလင်းကို လွှတ်ချပြီး ကခွင်နောက်ပိုင်း ညာဘက်ခြမ်း၊ တိုက်ပျက်ဘေးသို့ ကတိုက်ကရိုက် ပြေးဝင်သွား) ရဲတွေပါလား . . . ။

ဇာတ်ညွှန်း ။ (သက်ထွန်းလင်း ပြေးဝင်သွားသည်နှင့် ရဲအမှုထမ်းများ တိုင်ဖုံးနောက်ကွယ်မှ ပြေးထွက်လာ၊ ရဲတပ်သားက လက်ညှိုးထိုးလျက်ပြော)။



ရဲတပ်သား ။ ဟော . . ဟိုမှာ ကောင်လေးတစ်ယောက် လဲနေတယ် ဆရာ။ (ပြောပြောဆိုဆို အပြေးကပ်သွားပြီး ငုံ့ကြည့်)။

ရဲအရာရှိ ။ (တို့ နောက်ကျသွားပြီ ထင်တယ်။ ဆေးထိုးတာရှော့ဖြစ်သွားပုံရတယ်။ မှန်း . . . . မှန်းစမ်း။ စိုးဝင်းမောင်ကို ငုံ့ကြည့်။ လက်မောင်းကိုင်လှုပ်ကြည့်။ ကျိုးကျနေသည့်ခေါင်းကို မေးမှ ကိုင်မတင်ပြီး ကြည့်လျက် ခေါင်းခါရမ်းစေ) သွားပြီ . . အသက်ဆုံးသွားပြီ၊ တို့ အချိန်မီ မရောက်တဲ့အတွက် လူတစ်ယောက်အသက် မကယ်တင်နိုင်ခဲ့တော့ဘူးကွာ . . . . ။

ဇာတ်ညွှန်း ။ (သေနေသည့် စိုးဝင်းမောင်၏ ရုပ်အလောင်းကို ကြည့်ပြီး စိတ်မချမ်းမြေ့ဟန်ဖြင့် ခေါင်းခါရမ်း)
ထိုအချိန် ပြည်ဖုံးကန့်လန့်ကာကြီး တလိမ့်လိမ့်ကျလာ . . . တီးဝိုင်းမှ မူးယစ်ဆေးဝါးအန္တရာယ် တို့ကာကွယ်ဟူသော တီးလုံးကို တီးဝိုင်းမှ တီးခတ်ပေး။ အခန်းပြောင်း။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## ပြကွက် - ၆ -

နေရာ ။ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းရုံးခန်း အစည်းအဝေးခန်းမ။

အချိန် ။ မွန်းလွဲ (၁၄း၃၀) နာရီအချိန်။

ဇာတ်ဝင်ပစ္စည်း ။ အစည်းအဝေးထိုင်နေသည့် မူလပုံစံ အတိုင်း။

ဇာတ်ညွှန်း ။ အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ကခွင်မီးကို ခွင်တစ်ခုလုံး လင်းအောင်ပြန်ပေးပြီး ပြည်ဖုံးကန့်လန့်ကာ ဖြည်းညင်းစွာဖွင့်။ လက်ထောက်ဆရာဝန် ဦးသိန်းတိုးက ရပ်လျက် စကားပြောသည့် အနေအထားပင် ရှိနေစေ။ အစည်းအဝေးတက်ရောက်သူများ စိတ်ဝင်စားသည့် အမူအရာဖြင့် နားထောင်နေ။

ဦးသိန်းတိုး ။ အခုပြသွားတဲ့ဇာတ်လမ်းကတော့ ဆေးထိုးအပ်နဲ့ ဆေးထိုးရာကရတဲ့ ကူးစက်မှု အချပ်ပြကွက် ဖြစ်ပါတယ်။ အမှန်က ဆေးထိုးအပ်က သွေးသွင်းကူးသမှုကြောင့် ဆေးထိုးအပ်က





တစ်ဆင့် ရောဂါကူးစက်မှုကို ပြတာပါပဲ။ ဒါပေမဲ့ မူးယစ်ဆေးဝါးသုံးစွဲသူတွေ၊ သွေးကြောထဲ မူးယစ်ဆေးထိုးတဲ့သူတွေဟာ ဘယ်လောက်အန္တရာယ်များတယ်ဆိုတာပါသိအောင် ဇာတ်လမ်းဆင်ထားပါတယ်။ HIV ရောဂါပိုး ခန္ဓာကိုယ်ထဲ မဝင်ရောက်အောင် အများအသုံးပြုတဲ့ ဆေးထိုးအပ်နဲ့ ဆေးမထိုးမိဖို့ ပြောချင်တာပါ။ ကောင်းတာကတော့ မလိုအပ်ဘဲ ဆေးမထိုးနဲ့။ ဆေးထိုးဖို့ လိုအပ်တယ်ဆိုရင် တစ်ခါသုံးအပ်ကို သုံး၊ သုံးပြီဆိုရင် သွေးသွင်းသူတိုင်းဟာ HIV ပိုး ပဋိပစ္စည်းကို စစ်ဆေးရပါမယ်။ ပိုးမွှားသန့်စင်တဲ့အပ်ကို သုံးသင့်ပါတယ်။ ကောင်းတာကတော့ အပ်ကို ရေနွေးပွက်ပွက်ဆူတဲ့ထဲမှာ မိနစ် (၂၀) လောက်ကြာအောင် ပြုတ်ပြီးမှ သုံးသင့်တယ်။ ဒီနေ့ခေတ်မှာ ဆေးခန်းတွေမှာ တစ်ခါသုံးအပ်ကို သုံးနေပါပြီ။ တကယ်လို့ ကိုယ်က ဆေးကုသခံတယ်၊ ဆေးထိုးဖို့ လိုအပ်တယ်၊ ဆေးထိုးတော့မယ်ဆိုရင် ဆရာဝန်ကို တစ်ခါသုံးအပ်နဲ့ ထိုးဖို့ ပြောကြပါ။

www.burmeseclassic.com

www.burmeseclassic.com

ဦးပိုင်စိုး ။ ဘေးကင်းအောင်ဆေးထိုးနည်းနဲ့ ရောဂါပိုးမဝင်အောင် ကာကွယ်ဖို့တော့ သိပါပြီ ဆရာ၊ တခြား သတိပြုစရာရှိရင် ညွှန်ပါဦး။

ဦးသိန်းတိုး ။ (သဘောကျဟန်ဖြင့် ခေါင်းတစ်ချက် ညိတ်ပြီး ပြုံးလိုက်) ဒီအကြောင်း ကျွန်တော် ပြောမလို့ပါ။ အခုလို မေးလိုက်တော့ ပြောရတာ ပိုအသက်ဝင်သွားပါတယ်။ (မျက်မှန်ကို အပေါ်ပင့်တင်ပြီး အားလုံးကို ခြုံကြည့်) HIV ရောဂါပိုးဟာ လူ့ခန္ဓာကိုယ်ထဲ ရောက်လာနိုင်တဲ့ အထဲမှာ သွေးချင်း ဆက်စပ်ရောနှောမှုက အမြန်ဆုံးပဲ။ ဒါကြောင့် ရောဂါပိုးရှိသူရဲ့ သွေးနဲ့ ကိုယ့်သွေး မဆက်စပ်မိဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့ အမြဲကြုံရတဲ့ ဆံပင်ညှပ်တဲ့ကိစ္စ။ နားသယ်စကို တိရတော့ ဘရိတ်ဓားသုံးကြတယ်နော် ....။

ဦးပိုင်စိုး ။ ဟုတ်ပါတယ်။ ဆံပင်ညှပ်ဆိုင်က အဲလို လုပ်လေ့ရှိပါတယ်။

ဦးသိန်းတိုး ။ ဘရိတ်ဓားက ထက်နေ၊ မြည့်နေတာပါ။ လက်အမှန်းအဆလွန်ရင် ထိနိုင်၊ ရှနိုင်ပါတယ်။ တကယ်လို့ ရောဂါပိုးရှိသူ သုံးတဲ့ ဘရိတ်ဓားနဲ့ သုံးလို့ ကိုယ့်ကိုထိသွားရင်



ရောဂါပိုး ဝင်ရော .. ဒီတော့ ဆံပင်ညှပ်ရင်လည်း တစ်ခါသုံးဓားကို သုံးပါစေ ..။ နောက် လက်သည်းညှပ်။ အိမ်တစ်အိမ်မှာ လက်သည်းညှပ်တစ်ခုပဲ ထားခဲ့ကြတယ်။ ဘယ်အိမ်မှာမှ တစ်ယောက်တစ်ခု မသုံးဘူး။ မတော်မဆ ညှပ်မိပြီး ထိရှသွားရင် ကူးစက်နိုင်ပါတယ်။ ဒါလည်း သတိထားကြပါ။ နောက်တစ်ခု သတိပြုရမှာက ပွဲဈေးတန်းမှာ ဆေးမင်ကြောင်ထိုးတဲ့ ဓလေ့။ တွေ့ဖူးကြပါတယ်နော် ....။

ဦးပိုင်စိုး ။ တွေ့ဖူးပါတယ် ဆရာ ....။

ဦးသိန်းတိုး ။ အင်မတန် အန္တရာယ်များပြီး၊ အင်မတန် ကြောက်စရာကောင်းတဲ့ လုပ်ရပ်ပါ။ ဆေးမင်ကြောင်ထိုးတဲ့ စုတ်က တစ်ခုတည်း၊ ဆေးထိုးခံတဲ့လူဟာ သွေးစိမ်းရှင်ရှင် ထွက်တယ်။ လှစေချင်လို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး .... ဆိုစကား အတိုင်းပေါ့ဗျာ .. ဒီအရုပ်ထိုးလို့ ပိုလှလာမယ်၊ ခန့်လာမယ်ထင်ပြီး ထိုးကြတယ်။ တချို့ကလည်း ဘာရယ် ညာရယ် မဟုတ်ဘူး။ သူများထိုးတာမြင်လို့ ဝင်စမ်းကြတယ်။ ကိုင်း စဉ်းစားကြည့်။ မသန့်ရှင်း

www.burmeseclassic.com

တဲ့အပ်၊ လူအများသုံးတဲ့အပ် သွေးတစ်စက်စက်ကျအောင် အထိုးခံနေတာဟာ HIV ဗိုင်းရပ်စ်ပိုးကို ထိုးသွင်းတာနဲ့ တူမနေဘူးလား . . . .။

ဦးပိုင်စိုး ။ အမှန်ပဲ ဆရာ . . . .။ ခုခေတ်လူငယ်တွေကို ဒီကိစ္စ နားလည်အောင်ပြောဖို့ လိုတယ်။

ဦးသိန်းတိုး ။ လူငယ်တွေမှ မဟုတ်ဘူး ခင်ဗျ။ ကျွန်တော်တို့ မြန်မာလူမျိုးတွေက ထိုးကွင်းမင်ကြောင်ထိုးတဲ့ ဓလေ့ရှိတယ်။ ဒါလည်း သတိထားရမယ်။ ဟိုတုန်းက ချင်းတိုင်းရင်းသူတွေဆိုရင် မျက်နှာမှာ ပါးရွဲ့ထိုးကြတယ်။ ကြောက်ဖို့ကောင်းတဲ့ အပြုအမူတွေပါ။ အဲ . . . . လွယ်ကူအောင် မှတ်သားလို့ရအောင် ပြောရရင်တော့ ရောဂါပိုးရှိသူရဲ့ သွေးနဲ့ ကိုယ့်သွေး ဆက်စပ်မိစေတဲ့ ကိစ္စမှန်သမျှ ရှောင်ရမယ်။

ဦးပိုင်စိုး ။ ဆရာ လမ်းညွှန်ချင်တာက ဒီရောဂါဟာ သွေးချင်း ဆက်စပ်မိမှ ကူးစက်တတ်တယ်လို့ ဆိုလိုတာပေါ့နော် . . . .။

ဦးသိန်းတိုး ။ ဟုတ်ကဲ့၊ ဒီအချက်အလက်ကတော့ ကူးစက်မှု အမြန်ဆုံးနည်းပါ။ အမှန်ကတော့ ဗိုင်းရပ်စ်ပိုး ပါနိုင်တာက လူ့ခန္ဓာ



ကိုယ်ကထွက်တဲ့အရည်၊ သုက်ရည်၊ သွေး၊ အမျိုးသမီးအင်္ဂါမှထွက်တဲ့ အရည်တွေမှာ ပိုးရှိနိုင်ပါတယ်။ အဲ . . . . တံတွေး၊ ချွေး၊ နှပ်ရည်၊ မျက်ရည်တွေမှာလည်း တွေ့နိုင်ပါတယ်။ ဒါပေမဲ့ ဒါတွေက အမိက မကူးစက်နိုင်ပါဘူး။ ပြောရရင် ဒီ ဗိုင်းရပ်စ်ပိုးဟာ ခန္ဓာကိုယ် ပြင်ပမှာ ကြာရှည်အသက်မရှင်နိုင်ပါဘူး။ အပူချိန် ၁၀၀ စင်တီဂရိတ်ကျော်ရင် ဒီပိုးက သေပါတယ်။ ပြီးတော့ တစ်ဦးကတစ်ဦး ကူးစက်ဖို့ ပိုးကောင်ရေ အများအပြားလိုအပ်ပါတယ်။

ဦးပိုင်စိုး ။ သဘောပေါက်ပါပြီ ဆရာ . . . .။

ဦးသိန်းတိုး ။ ဟုတ်ကဲ့။ ကုရာနတ္ထိဆေးမရှိသေးတဲ့ ဒီရောဂါကို ကာကွယ်ဖို့က ဖြစ်မှ ကုဖို့ထက် မဖြစ်ခင် ကာကွယ်ဖို့ ရှောင်ဖို့နည်းလမ်းဟာ အကောင်းဆုံးပါ။ ဒါကို ပြည်သူတစ်ရပ်လုံး သိအောင် အသိပညာပေးဖို့ လိုပါတယ်။ ကဲ . . . . မောင်မျိုးရေ HIV ရောဂါပိုး ကူးစက်ပုံလေး ပြလိုက်ပါဦး။

ဇာတ်ညွှန်း ။ မောင်မျိုးက စက်ကို ဖွင့်ပြဟန် ပြင်ဆင်။ ကားလိပ်ချ။ အခန်းပြောင်းတီးလုံးဝင်။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## ပြကွက် - ၇ -

နေရာ ။ ဦးပိုင်စိုး၏အိမ် ဧည့်ခန်း။

အချိန် ။ နံနက်ပိုင်း။

အခမ်းအနား ။ ဧည့်ခန်း အဆင်အပြင်သဏ္ဍာန် ရေးဆွဲထားသော နောက်ခံပန်းချီကားချပ် ကခွင်နောက်ပိုင်းချထား။ နံရံတွင် မိသားစုဓာတ်ပုံ မှန်ပေါင်ကျက်လျက် ချိတ်ဆွဲထား။ နံရံကပ်လျက် တီဗွီစင်ပါ ဗီရိုတစ်လုံးချထား။ ၂၄ လက်မ ရောင်စုံတီဗွီ၊ အောက်စက်ပါကို ခုံညားစွာထည့်ထား။ နာရီက (၆း၃၀) ကို ညွှန်ပြနေစေ။ ကခွင်အလယ်တွင် ခေတ်မီစားပွဲ၊ ဆိုဖာကုလားထိုင်များ စနစ်တကျချထား။

မီး ။ ကခွင်တစ်ခုလုံးမီးဖွင့်။ ဧည့်ခန်းကို ပွဲကြည့်ပရိသတ် အာရုံစိုက်စေရန် အပေါ်ဆလိုက်မီးဖြင့် ကွက်ထိုးပေးထား။

အသံ ။ တစ်ဦးချင်း၏ စကားပြောသံကြားစေရန် စကားပြောခွက်ကို ဧည့်ခန်းတည့်တည့်တွင် ဆွဲချထားပေး။





ဇာတ်ဝင်ပစ္စည်း ။ ဇာတ်ရုပ်များ၏ အိမ်နေ သာမန်အဝတ်အစား။ ဧည့်ခန်းအပြင်အဆင်ကို လွယ်လင့်တကူ ရုပ်နိုင်စေရန်၊ ရွှေ့လျားဘီးများ တပ်ထားသည့် ဆွဲယဉ်ပေါ် တင်လျက် ခင်းကျင်းထား။

ဇာတ်ညွှန်း ။ ပြည်ဖုံးကန့်လန့်ကာ ဆွဲတင်လိုက်သည်နှင့် တိုင်ကပ်နာရီက နံနက် (၆) နာရီ (၃၀) မိနစ်ကိုညွှန်ပြသည့် အနေဖြင့် နာရီဝက်တစ်ကြိမ် အသံပြုသံ ဒင်ခနဲ ထွက်ပေါ်လာ။ ထိုအချိန် တိုင်ဖုံးအကွယ်မှ ချောင်းဟန့်သံပြုလျက် ဦးပိုင်စိုးက အိပ်ရာထ၊ မျက်နှာသစ်ပြီးလာဟန်ဖြင့် တဘက်နှင့် မျက်နှာသုတ်လျက် ထွက်လာ။ နာရီသံကြား၍ နံရံပေါ်ရှိ နာရီကို မော့ကြည့်။ ထို့နောက် ဧည့်ခန်းစားပွဲပေါ် လှမ်းကြည့်ပြီး အိမ်နောက်ထဲ လှမ်းကြည့်လိုက်။

ဦးပိုင်စိုး ။ ဟဲ့ အေးစိန်၊ အဆာပြေစားသွားဖို့ ဘာများလုပ်ထားလဲ။ စီစဉ်ပြီးရင် မြန်မြန်ယူခဲ့ဟေ့။ မနက် (၈) နာရီမှာ ပညာပေးဟောပြောပွဲ သွားစရာရှိတယ်။

အေးစိန် ။ အဆင်သင့်ဖြစ်နေပါပြီ ဘာဘကြီး။ ခုပဲ ယူလာတော့မှာပါ။ (ပြောပြောဆိုဆိုနှင့် နံနက်စာအတွက် ပြင်ဆင်ထားသည်

www.burmeseclassic.com

www.burmeseclassic.com

များကို လင်ပန်းတစ်ခုထဲ ထည့်ယူလာ။ စားပွဲပေါ် သေသေချာချာချပြီး စားစရာများ ပြင်ဆင်ပေးစေ။)

ဦးပိုင်စိုး ။ နင့်. . . မေမေကြီး အိပ်ရာက မနိုးသေးဘူးလား။ (မေးရင်း နောက်ထဲကို မျှော်ကြည့်)

အေးစိန် ။ နိုးနေပါပြီ ဘာဘကြီး။

ဒေါ်ငြိမ်းရွှေ ။ လာပြီ လူမှုရေးတာဝန်ခံကြီးရေ . . . ရှင်ဝတ်စားသွားဖို့ အဝတ်အစားတွေ ထုတ်နေလို့ (နောက်ပိုင်းမှ အသံပြု။ ခဏအကြာ မီးပူထိုးထားသော အဝတ်အစားများ ယူပြီး ဒေါ်ငြိမ်းရွှေထွက်လာ . . . ဦးပိုင်စိုးနှင့် မျက်နှာချင်းဆိုင်ခုံတွင် ထိုင်လိုက်ပြီး၊ လက်ထဲက အဝတ်အစားများ အေးစိန်ကို လှမ်းပေး။ အေးစိန်မှ တရိုတသေလှမ်းယူပြီး အနီးရှိ ခုံပုလေးပေါ်တွင် စနစ်တကျတင်။)

ဦးပိုင်စိုး ။ (ထမင်းကြော်ပန်းကန်ကို ယူလိုက်ရင်း) စောစောက မင်းပြောလိုက်တာဘာ. . . . ငါ နားမရှင်းလို့။

ဒေါ်ငြိမ်းရွှေ ။ ဩော်. . . မနက်က ည၊ ညက မနက်သွားလိုက်ရတဲ့ကိစ္စ၊ ကိုယ့်အိမ်မှာတောင် ဖင်နွေးအောင် မထိုင်ဖြစ်တဲ့အထိ အလုပ်ရှုပ်နေတဲ့ရှင့်ကို ပြောတာ. . . ဘာတွေများ



ဒီလောက် အလုပ်များနေတာလဲလို့ မေးတော့ လူမှုရေးလုပ်ငန်းလို့ ပြောတယ် မဟုတ်လား။

ဦးပိုင်စိုး ။ အေး . . . . . . အေးလေ။

ဒေါ်ငြိမ်းရွှေ ။ မြို့နယ် တစ်ခုလုံးရဲ့ လူမှုရေးကိစ္စတွေနဲ့ ရှုပ်ထွေးနေတဲ့ ရှင့်ကို လူမှုရေးတာဝန်ခံကြီးလို့ ခေါ်လိုက်တာ . . . ကဲ ရှင်းပလား။

ဦးပိုင်စိုး ။ (နားမလည်နိုင်သည့် မျက်လုံးဖြင့် အတန်ကြာ စိုက်ကြည့်) မင်း. . . ဘယ်လို ပြောလိုက်တာလဲ မငြိမ်းရွှေ . . . ပရဟိတ လုပ်ငန်းလုပ်နေတာ သရော်စရာလားကွ။

ဒေါ်ငြိမ်းရွှေ ။ အိမ်ထောင်ရေးကို ဥပက္ခာပြုပြီး အများအကျိုးသယ်ပိုးနေတာ မြို့နယ်မှာ ရှင်တစ်ယောက်တည်းပဲ ရှိမယ်ထင်တယ်။ ဘယ့်နှယ့်ရှင်. . . သား၊ သမီးတွေ ဘယ်လိုနေလဲ ဘယ်သွားကြလဲလို့ တစ်ခါမှ မမေးဘူး။ စားဝတ်နေရေးအတွက် မင်းမှာ အခက်အခဲ ဘာရှိလဲ၊ အဆင်ပြေရဲ့လား . . . ငါဘာလုပ်ပေးရဦးမလဲ လို့လည်း တစ်ခွန်းမေးဖော်မရဘူး။ ပြောရရင် ဒီကမိသားစုအရေးက ရှင့်ခေါင်းထဲမှာ ဘာမှမရှိဘူး။ မိုးလင်းတာနဲ့ အကြောင်းပြ ထွက်သွား . . . . မိုးချုပ်မှ

www.burmeseclassic.com

www.burmeseclassic.com

ပြန်လာ . . . . ပြန်လာတော့ ဘာတွေ ရေးရ ချွတ်ရမှန်းမသိဘူး၊ တကုပ်ကုပ် ရေးလိုက်၊ ဖျက်လိုက်နဲ့။ နေပါဦး . . . . ရှင့်ကိစ္စတွေက ဘယ်တော့ အနားသတ်မှာလဲ။

ဦးပိုင်စိုး ။ (စားရန် ကိုင်ထားသည့် ထမင်းပန်းကန်ကို စားပွဲခုံပေါ် ပြန်ချလိုက်ပြီး၊ စိတ်ပျက်လက်ပျက်အမူအရာနှင့် ခေါင်းရမ်း) မင့်အတွေးအခေါ် ဒီလောက် သေးနုပ်မှန်း ငါ မသိခဲ့ဘူး။ ကြည့်စမ်း၊ ကျုပ်လုပ်နေတဲ့ အလုပ်ကို အရေးမပါသလို ပြောလိုက်တာများ။ အံ့ရော မငြိမ်းရွှေရယ် . . . .။

ဒေါ်ငြိမ်းရွှေ ။ ဟုတ်တယ်လေ . . ကျုပ်အမြင်ကတော့ ဒီလိုပဲ ထင်မိတယ်။

ဦးပိုင်စိုး ။ ဒီမယ် မငြိမ်းရွှေ . . . . ကျုပ်တို့မိသားစုရဲ့ စားဝတ်နေရေးက ပူပင်စရာရှိလား . . အိမ်မှာ လိုင်းကားတစ်စီးရှိတယ်ကွာ။ ကားက မဝင်ဘူးဆိုရင် သုံးလေးသောင်း။ မင်း ရောင်းချင်ဝယ်ချင်တယ်ဆိုလို့ ရွှေဆိုင်တစ်ဆိုင် တည်ပေးထားတယ်။ တခြားပေးထား၊ ကမ်းထားတာတွေက အတိုးအပွားရတာလည်းရှိတယ်။ ဒီဝင်ငွေတွေက တို့မိသားစု မစားလောက်ဘူးလား . . . .။



ဒေါ်ငြိမ်းရွှေ ။ စားလောက်တာ မစားလောက်တာက အဓိက မဟုတ်ဘူးရှင့်ရေ့ . . အဲဒီကိစ္စတွေ ဘာဖြစ်နေလဲဆိုတော့ မမေးနိုင်အောင် အလုပ်ရှုပ်တော်မူနေပုံကို ပြောတာ . . ။

ဦးပိုင်စိုး ။ ဟဲ့၊ ကားကိစ္စ မင်းသားအကြီးကောင် ကြီးကြပ်တယ်လေ . . . . ရွှေဆိုင်က မင်းတာဝန်ယူထားတယ်။ မိသားစုအတွက် ချက်ရေးပြုတ်ရေးကို အေးစိန်နဲ့ မင်းသမီးကြည့်စီမံတယ်။ ကဲ ငါက ဘယ်နေရာ ပါရဦးမလဲ။ လိုအပ်ရင် ပြောပါ။

ဒေါ်ငြိမ်းရွှေ ။ လိုအပ်တာ ကျုပ်ကပြောရဦးမလား။ ရှင်က အိမ်ထောင်ဦးစီးလေ. . . ဘာဟော့ ညာဟော့လို့တစ်ခွန်းပြောရင် ကျုပ်မပြောပါဘူး။

ဦးပိုင်စိုး ။ (သဘောပေါက် နားမလည်နိုင်သည့် ဇနီးသည်ကိုကြည့်ပြီး စိတ်ပျက်ဟန်ဖြင့် ခေါင်းရမ်း) မင်းခက်တယ်။ ဘာမှ ပူပင်စရာမရှိတဲ့ကိစ္စ တွေးပူ၊ အလုပ်ရှုပ်ခံစဉ်းစား။ ဒီမယ် မငြိမ်းရွှေ. . . မင်းမြို့နယ်ထဲ ဆင်းကြည့်စမ်း။ တို့လောက်မှ မပြေလည်တဲ့သူတွေ တစ်ပုံချည်း။

ဒေါ်ငြိမ်းရွှေ ။ အားအား ယားယားတော် . . . ကိုယ့်အလုပ်နဲ့ကိုယ်တောင် ယားလို့ကုတ်ချိန် မရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဦးပိုင်စိုး ။ မဟုတ်ဘူး . . . . . မဟုတ်သေးဘူး မငြိမ်းရွှေ။ ကျုပ်လုပ်နေတာ အလုပ်မဟုတ်ဘူးလို့ မင်းမယူဆနဲ့။ အိမ်ထောင်အတွက် သီးခြားဝင်ငွေမရတဲ့ အလုပ်ဖြစ်ပေမယ့်၊ လုပ်သင့်တဲ့အလုပ်မို့ ကျုပ် အပင်ပန်းခံ လုပ်နေတာ. . . ဒီမယ်၊ လူတွေ ဘေးဆိုးနဲ့သေကျေကြမှာ မင်းသိလား. . . . . ။

ဒေါ်ငြိမ်းရွှေ ။ ဘာ . . . ဘယ်လိုဘယ်လို (အံ့ဩထိတ်လန့်ဟန်အသံပြု စိတ်ဝင်စားဟန်ကြည့်)

ဦးပိုင်စိုး ။ မင်း ဒါတွေ ဘာမှမသိဘူးမို့လား. . . . ဒီနေ့ ကမ္ဘာ့လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ HIV ရောဂါပိုးနဲ့ AIDS ရောဂါဟာ ကျုပ်တို့နိုင်ငံထဲမှာ ပျံ့နှံ့နေပြီ။

ဒေါ်ငြိမ်းရွှေ ။ ကျုပ်တော့ ဘာမှ မကြားမိပါလား . . . . ။

ဦးပိုင်စိုး ။ ခင်ဗျားက အိမ်ထဲမှာပဲ ကုပ်နေတာကိုး၊ ဘာသိမှာလဲ။ ဒီမယ် . . . ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ သုတေသနပညာရှင်တွေက အာဖရိကနိုင်ငံရဲ့ အခြေအနေလေ့လာခဲ့တယ်။ ကူးစက်ပျံ့နှံ့နေတဲ့ HIV ပိုးကို ထိထိရောက်ရောက် မတားဆီးရင် နောင် (၁၀) နှစ် အကြာမှာ အာဖရိကတိုက်တစ်ခုလုံး လူသားမျိုးတုံးသွားနိုင်တယ်တဲ့။



ဒေါ်ငြိမ်းရွှေ ။ ဒီတော့။

ဦးပိုင်စိုး ။ သူတို့ မှန်းဆတဲ့အတိုင်းဖြစ်ခဲ့တာ အာဖရိက မှာရှိတဲ့ စက်ရုံတွေ မီးခိုးတိတ်သွားတယ်။ လယ်ယာမြေတွေ ကောကုန်ပြီး မြက်တောတွေ ဖုံးကုန်တယ်။ စိုက်ပျိုးမြေဟာ ဖုံဆိုးမြေတွေ ဖြစ်ကုန်တယ်. . . ။

ဒေါ်ငြိမ်းရွှေ ။ ဘာဖြစ်လို့လဲ . . . . . ။

ဦးပိုင်စိုး ။ ကပ်ဘေးဆိုက်တာလေ . . . ရောဂါကပ်ဆိုးကျတာ . . . HIV ပိုးကြောင့် လူတွေ AIDS ရောဂါစွဲကပ်ပြီး၊ အရွယ်ရောက်သူတွေ သေကုန်တယ်။ အရွယ်မရောက်သေးတဲ့ ကလေးနဲ့ အရွယ်လွန်တဲ့ အဘိုးအို အဘွားအိုတွေပဲ ကျန်ခဲ့တယ်. . . ဒီတော့ အလုပ်လုပ်မယ့်လူ မကျန်တော့ဘူး။ လယ်စိုက်တဲ့လူ မရှိတော့ လယ်တွေကော ကုန်တယ်။ စက်ရုံမှာ လုပ်သားတွေ မကျန်တော့ စက်ရုံတွေ မလည်ပတ်နိုင်တော့ဘူး။ ဆိုတော့ . . . ပညာရှင်တွေက တွက်ချက်တဲ့အတိုင်း အမှန်ဖြစ်လာတယ်။ အဲဒီ ပုဂ္ဂိုလ်တွေက ဆက်ပြီး ခန့်မှန်းတယ်။

ဒေါ်ငြိမ်းရွှေ ။ ဘယ်လို ခန့်မှန်းတာလဲ . . . . . ။

ဦးပိုင်စိုး ။ အဲဒီရောဂါပိုးဟာ အရှေ့တောင်အာရှ နိုင်ငံများပေါ့လေ. . . မြန်မာပြည်အပါ

www.burmeseclassic.com



အဝင်ပေါ့။ ၂၀၀၄ ခုနှစ်မှာ ကူးစက်
ဖြစ်မယ်။ နောင် (၁၀) နှစ်ကြာရင်
ဒီရောဂါကို နိုင်နင်းအောင် မနှိမ်နင်းနိ
အာဖရိကလို ဖြစ်မယ်တဲ့။ သူတို့မှန်းတာ
၂၀၁၄ ခုနှစ်မှာ လူတွေကုန်သလောက်
သေဆုံးကုန်မယ်တဲ့။

ဒေါ်ငြိမ်းရွှေ ။ အဲဒါ တကယ်လား . . . . .။

ဦးပိုင်စိုး ။ တို့က တားဆီးကာကွယ်ရေး မလုပ်
ဖြစ်နိုင်တာပေါ့။ တို့နိုင်ငံမှာ ၁၉၉၁ ခုနှစ်
အဲဒီရောဂါမျိုးဖြစ်သူ တစ်ယော
စတွေ့တယ်။ အခု ခန့်မှန်းတာ ခြော
သောင်းလောက် ရှိနေပြီ။

ဒေါ်ငြိမ်းရွှေ ။ အဲတော် . . . . .။

ဦးပိုင်စိုး ။ အဲဒီရောဂါကုဖို့ ဒီနေ့ထိ ဆေးမရှိသေးဘူး
ရောဂါဖြစ်ပြီဆိုရင် သေဖို့ကလွဲပြီး တခြ
အကြောင်းမရှိဘူး။ ဒီတော့ လူတွေမ
မပျောက်အောင် ကာကွယ်နိုင်
တစ်နည်းပဲရှိတယ်။ ဒီရောဂါအကြော
လူတွေသိအောင် ပညာပေး၊ ရှောင်
အောင်စည်းရုံး။

ဒေါ်ငြိမ်းရွှေ ။ ရှင်တို့ အဲဒါလုပ်နေတာလား . . . . .

ဦးပိုင်စိုး ။ အေးလေ . . . မြို့နယ်ကျန်းမာရေး
မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေ



အသင်းရယ်၊ အခြား NGO တွေရယ်
ပူးပေါင်းပြီး ကာကွယ်ရေး ပညာပေး
ဟောပြောနေတာ . . . . . . လူတွေ
မသေအောင် စောင့်ရှောက်နေတာ။

ဒေါ်ငြိမ်းရွှေ ။ အင်း . . . အဲလိုမှန်းမှ မသိတာ။
ကောင်းပါတယ်။ ဇီဝိတဒါန လုပ်ငန်း
ဆိုတော့ မြင့်မြတ်ပါတယ်။ ရှင်မအားလို့
လှည့်မကြည့်နိုင်လည်း အိမ်မှုကိစ္စမပူပါနဲ့။

ဦးပိုင်စိုး ။ (လေသံပြောင်းသွားသည့် ဇနီးသည်ကို
ကြည့်ပြီးပြုံး) ဒါဆို မင်း ကြည်ကြည်ဖြူဖြူ
ခွင့်ပေးပြီပေါ့။

ဒေါ်ငြိမ်းရွှေ ။ ပေးပါတယ် . . . ပေးပါတယ်။ နံနက်စာ
ဝအောင်စားသွား၊ လေခံနေဦးမယ်။ ဟဲ့
အေးစိန် နင့်ဘကြီး အဝတ်အစားတွေ
ဒီပေး။

ဇာတ်ညွှန်း ။ (စားသောက်ပြီး အချိန်မီ အစည်းအဝေး
သွားရန် အဝတ်အစားလဲသည့် လင်သားကို
သူကိုယ်တိုင် လဲပြုပေးပြီး ပြုံးပြုံးကြီးကြည့်
နေစဉ်) ကားလိပ်ချ။
အခန်းပြောင်းတီးလုံးတီး။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## ပြကွက် - ၈ -

နေရာ ။ လူပေါင်းစုံသည့်ဈေး။

အချိန် ။ နေ့လယ်ပိုင်း။

အခမ်းအနား ။ ဈေးရှခင်းရေးဆွဲထားသော ကားချပ် ကခွင်နောက်ပိုင်းတွင် ချထား။ ဟင်းသီး ဟင်းရွက်သည်တန်း၊ သားငါးတန်း ကုန်ခြောက်တန်းများ သူ့အကန့်နှင့်သူ စနစ်တကျ ရောင်းဝယ်ဟန် ရေးဆွဲထား ကခွင်၏ ဘယ်ဘက်ခြမ်း နောက်ပိုင်းတွ မာမက်၏ ကွမ်းယာဆိုင်၊ ထိုဆိုင်၏ ရှေ့တွင် ဆိုက်ကားဂိတ်၊ ဆိုက်ကားနှစ်စီး သုံးစီး ခရီးသည်စောင့်နေဟန် ရပ်ထား

မီး ။ ကခွင်တစ်ခုလုံး မြင်နိုင်အောင် မီးအလ ဖွင့်ထား။

အသံ ။ ဈေးသည်၊ ဈေးဝယ်များ ရောင်းဝ နေသည့် ဆူဆူညံညံအသံပေါ် လွင်အော ကြိုတင်အသံသွင်းထားပြီး လွှင့်ပေ တစ်ခါတစ်ရံ ဗျပ်ထိုးဈေးသည် ဖြတ်လျှော သူများ အော်ဟစ်ပြောဆိုစေ။





ဇာတ်ဝင်ပစ္စည်း ။ ကုန်ပစ္စည်းအမျိုးမျိုး ခင်းကျင်းထား။ ဇာတ်ရုပ်များ၏ သာမန်အဝတ်အစား။ မာမီစိန်၏ မိန်းကလေးဟန်ပန်ဝတ်စား ဆင်ယင်မှု။

ဇာတ်ညွှန်း ။ အခန်းပြောင်းတီးလုံးဆုံးသည်နှင့် အသံသွင်းထားသော တိပ်ခွေဖွင့်၊ ရင်ခွဲကန့်လန့်ကာဆွဲဖွင့်၊ ဈေးရှခင်းအထင်းသားပေါ်။ ထိုအခိုက် တိုင်ဖုံးအတွင်းမှ သီချင်းဆိုလျက် မာမီစိန်က လက်ကိုင်အိတ်ဝှေ့ရမ်းလျက် ဆတ်ကော့လတ်ကော့ အမူအရာနှင့် ထွက်လာ . . . . ဈေးသွားဈေးလာများ စိတ်ဝင်စားဟန်ဖြင့် ရပ်ကြည့်ရာ လူအုပ်စု ဖြစ်လာ . . . .

မာမီစိန် ။ ဒါပဲနော် . . . . သူများကို ကြည့်ချင်။ သူများဆိုတာ နားထောင်ချင်ရင်တော့ အလကားပဲတင်း မရဘူး။ အာရကေလာမှ . . . . (အမူအရာပိုစွာ၊ ချွဲချွဲပင်ပင် ပြောပြီး ဘောက်ဆူးချပေးသော အမူအရာနှင့်လက်ဖြန့်ပြ)

ကလေးများ ။ မာမီစိန်ကလဲဗျာ . . . . ကြည့်ချင်ပါတယ် ဆိုမှ အိုက်စကရင်လုပ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com

မာမီစိန် ။ (ခြေဆောင့်လျက်) ဟင့်အင်း၊ မရဘူး . . မရဘူး။ ဒီကိုအားပေးမှ ဒီကဆိုပြမှာ . . (အမူအရာကို သဘောကျဟန်ဖြင့် ကလေးများ ဟားတိုက်ရယ်)

ကလေးများ ။ အားပေးမယ်ဗျာ . . . . တစ်ထုပ်ဘယ်လောက်လဲ။

မာမီစိန် ။ (လက်ဝါးထောင်ပြ) ဟာပြား . . . . ဟာပြား။

ကလေးများ ။ ဘာလဲ ဟာပြား . . . . ငါးလုံးကြီးမှန်း သိနေရက်နဲ့။

မာမီစိန် ။ ဟင့်နော် . . . . သူများကို စနဲ့။ အဲလိုစရင် သူများ ငိုပစ်မှာ . . . . (ငိုဟန်ဖြင့် မျက်နှာလက်အုပ်ပြီး တရှုံ့ရှုံ့လုပ်နေ)

ကလေးများ ။ ကဲပါ၊ လှလည်းမလှဘဲနဲ့ ငိုမနေပါနဲ့။ ဒီကအားပေးမယ် . . . . တစ်ထုပ်။

မာမီစိန် ။ (သဘောကျဟန်ဖြင့် လက်ခုပ်တီး ခုန်ပေါက်) ဟေး . . . . ဒါမှ ကိုယ့်အချစ်လေးကွ။ ပေး၊ ဟာပြား . . . . ရော့ မာမီပစ္စည်း။ ဒီကပစ္စည်းက အကောင်းစားနော် . . . . စားကြည့်၊ စားကြည့်မှ သိမယ်။ ချိုဆိမ့်မွှေး အရသာစုံလင်တဲ့ မာမီစိန်ရဲ့ ချောက်သီးပေါင်းတဲ့နော် . . . . အဲ . . . . အားပေး



ကြဦး။ ဟုတ်ပြီ . . . . ဒီက မောင်လေးက တစ်ထုပ်။ ဟောဟို ကျွန်မ အသက်ဘူးကြီးကလည်း တစ်ထုပ်တဲ့။ အားပေးတာကလည်း နည်းလိုက်မှတာ၊ နှစ်ထုပ် သုံးထုပ်ယူရောပေါ့ဆို။

ကလေးများ ။ ကဲ၊ မာမီစိန်စတော့ဗျာ . . . . ဒီနေရာမှာတင် အများကြီးရောင်းရပြီပဲဟာ . . .

မာမီစိန် ။ အေးပါကွယ် . . ဒီမှာ တစ်ထုပ် နှစ်ထုပ်ပဲကျန်ပါတော့တယ်။ ဒါလေးကုန်ရင် မာမီစိန့်ကောင်းကောင်းဆိုပြမယ်။ မာမီစိန့်ကိုယ်တိုင် ရေးစပ်ထားတဲ့ သီချင်းအသစ်နဲ့ဖျော်ဖြေမယ် . . . . သိလား။

ကလေးများ ။ ဒါဆိုလည်း အဲဒီကျန်တဲ့ နှစ်ထုပ်ပေး။ ဆိုတော့။

မာမီစိန် ။ ဟုတ်ပြီ။ အများက တောင့်တတော့လည်း ပြည်သူချစ်တဲ့ သမီးပျို မာမီစိန်က ဖျော်ဖြေရတာပေါ့။
(လာပြီ . . . . လာပြီ မာမီ၊ ဟော့ . . . . ရတနာအရောင်မှိန့် . . . . စိန်။ အညာမြေမှာလည်း ထိန် အလှမှာလည်း တစ်သိမ့်၊ (စိန်)၂ . . . . တို့မာမီစိန်။ ပြည်သူချစ်တဲ့ မာမီစိန် . . . . ကိုကိုချစ်တဲ့ မာမီစိန် . .

www.burmeseclassic.com

www.burmeseclassic.com

ဟိုဘဲကြီးချစ်တဲ့ စိန် . . . စိန် . . . စိန် မာမီစိန်။

(မာမီစိန်က သီချင်းကို ဟန်မူရာပါပါ ဆိုရင်း တင်လှုပ် ရင်လှုပ်လျက် သွက်သွက် လက်လက် ကသည်။ ကလေးတွေ တဟေး ဟေး တဟားဟား အားပေးကြသည်။ ထိုစဉ် မြို့နယ်မူးယစ်ဆေးဝါးစောင့်ရှောက် ရေးအသင်းဝင် လေးငါးယောက်ရောက် လာပြီး၊ ကသည်ကို စောင့်ကြည့်နေ။ အက ဆုံးသည်နှင့်ပြော)

ဦးလွင်သိန်း ။ ကဲ၊ အဆိုကလည်း ကောင်း၊ အကကလည်း ကောင်း၊ အားပေးသူကလည်း အုန်းအုန်း ကျွက်ကျွက်။ အနှောင့်အယှက်ပေးတယ် တော့ မထင်ပါနဲ့ မာမီစိန်ရာ . . . . ကျွန်တော်တို့အဖွဲ့ကလည်း ကျန်းမာရေး ကူညီစောင့်ရှောက်ဖို့ လာတာပါ။ အားလုံးကို လက်ဆောင်တွေ အလကားချီးမြှင့်ပါမယ်။ ကဲ . . မာမီစိန်က အရင်လက်ခံပါနော် . . ။

မာမီစိန် ။ သူများကို လက်ဆောင်ပေးမယ် ဟုတ်လား . . . . ဒါကြောင့် ဒီက အစ်ကို ကြီးကို ချစ်နေတာ။ ပေး . . . . ပေး၊ ဘာလက်ဆောင်ပေးမှာလဲ။ (မြူးမြူးကြွကြွ



ခရာတာတာလုပ်လျက် အပြေးတစ်ပိုင်းလာ။ ဦးလွင်သိန်းက လက်ထဲထည့်ပေး။ မာမီ စိန်က လှမ်းယူပြီး ကြည့်လျက်၊ မျက်နှာ ပျက်သွား။)

ကလေးများ ။ (ဝိုင်းအော်) အဖော် . . . အဖော် . . . အဖော်။

**ကားလိပ်ချ။**

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

# ပြကွက် - ၉ -

နေရာ ။ မြို့လယ် ကတ္တရာလမ်းမ။

အချိန် ။ နေ့လယ်။

အခမ်းအနား ။ ကခွင်၏ နောက်ပိုင်းတွင် ပိတ်ဖြူကားချ။

မီး ။ ကခွင်၏ ရှေ့ပိုင်းသာ အောက်မီးဖြင့် ပင့်ထိုးထားပြီး ခွင်တစ်ခုလုံး အမှောင်ချ။ နောက်ခံအဖြူရောင်လေးတွင် ကြိုတင်ရိုက်ကူးထားသော ဒီဂျစ်တယ်ကင်မရာဖြင့် မြို့ရှုခင်းကို ထိုးပြ။ ရှေ့ပိုင်းက ဆိုက်ကားနှစ်စီးကို ကခွင်လယ်တွင် ရပ်ထားပြီး၊ ရွေ့လျားနေသလို သဏ္ဌာန်ထင်အောင် မြို့ပုံရိပ် ထိုးပေးထား။

အသံ ။ ကြိုတင်အသံသွင်းထားသည့် ဘမောင်နှင့် တင်ဦး ပြောဆိုသံကို တိတ်ဆိတ်နေသည့် ကခွင်တစ်ခုလုံးကို လွှမ်းခြုံစေရန် လွှင့်ပေး။

ဇာတ်ဝင်ပစ္စည်း ။ ဆိုက်ကားနှစ်စီး။ သာမန်ဝတ်စားဆင်ယင်မှု။ ထိုးကားဖြင့် ယာဉ်များ။





ဇာတ်ညွှန်း ။ တီးဝိုင်းမှ ဇာတ်ဝင်ခန်းပြောင်းသည်နှင့် ဆိုက်ကားဂိတ်တွင် ရပ်ထားသော တင်ဦးနှင့် ဘမောင်၏ ဆိုက်ကားနှစ်စီး ဂိတ်မှနင်းထွက်။ ကခွင်အလယ်ရောက်လျှင် ရပ်ထား။ နောက်ခံကားပေါ်တွင် ရွေ့လျားနေသော မြို့ပုံရိပ် ဖြည်းဖြည်းချင်း ရွေ့လျားနေသည်။ တင်ဦးနှင့် ဘမောင်က ဆိုက်ကားနင်းနေဟန်၊ စကားပြောနေဟန် သရုပ်ဆောင်။ ဖြတ်လျှောက် ဇာတ်ကောင်များက ကခွင်၏ဝဲယာမှ ဖြတ်လျှောက်သွား။

တင်ဦး ။ အဟင်းဟင်း၊ တကယ်ဆိုးတဲ့ အဖွဲ့တွေကွာ .... လူကို လာပြီး အဖော်လာပေးရတယ်လို့။

ဘမောင် ။ ဟ၊ မောင်ရင်တစ်ယောက်တည်း အပေးခံရတာမှ မဟုတ်ဘဲ။ တစ်ဈေးလုံးတွေ့သမျှ အလကားပေးတဲ့ဥစ္စာ။

တင်ဦး ။ အဟက် ....ဟက်။ မာမီစိန်ကို သွားပေးတော့ ဖြစ်သွားပုံမြင်ပြီး ငါကတော့ ရယ်လည်း ရယ်ချင်။ သူ့အဖြစ်ကို ကြည့်ပြီး သနားလည်း သနားသွားတယ်။

ဘမောင် ခင်ဗျားမ လုပ်လိုက်ပုံကြောင့် ပိုဆိုးသွားတာ .....ဟိုက ပေးတာကို

www.burmeseclassic.com

ဟန်မပျက်ယူ၊ ကိုယ့်အလုပ် ကိုယ်ဆက်လုပ် နေရင် ဘာမှမဖြစ်ဘူး။ ခုတော့ ဒါကြီး ကိုင်ပြီး "ဒါက ဘာသဘောလဲ၊ သူများ တို့ကို ဘာထင်နေလဲ။ လူကို သက်သက်မဲ့ သိက္ခာချတာလား . . . . ဘာဘာညာညာ ဆက်ပြော၊ ရန်တွေ့လွှတ်တော့ ပိုရုပ်ပျက် ကုန်တာပေါ့။

တင်ဦး ။ အေးလေ . . သူနိုးလူမိတော့ ရှက်ရမ်းရမ်း သလိုမျိုးပေါ့။ အဟက်ဟက်။ တကယ်တော့ ဟိုက လိုက်ဝေတဲ့လူတွေ ပြောတာ ဆိုတာ မဆိုးပါဘူး။ ဒီကိစ္စဟာ သဘာဝပါတဲ့။ ရှက်စရာကိစ္စလည်း မဟုတ်ဘူး။ သို့ဝှက် စရာလည်း မဟုတ်ပါဘူး။တိုးတက်တဲ့ နိုင်ငံ တွေမှာ လိုအပ်ရင်သုံးဖို့ ကိုယ်နဲ့မကွာ အမြဲ ဆောင်ကြပါတယ်လို့ ရှင်းပြပါတယ်။ အမယ် . . . . . . တချို့ကတော့ လိုလို ချင်ချင်တောင် တောင်းကြတယ်ဗျာ. . . ။

ဘမောင် ။ အမှန်ကတော့ ကိုယ့်ကျန်းမာရေးအတွက် အမှန်တကယ် ဆောင်ထားသင့်တာကွ။ တို့က ဘာအသိမှ ရှိမထားတော့ ကြောက်ရ လန့်ရမှန်းလည်း မသိဘူး။ သူတို့ပြောတာ ဘာရောဂါ လေးလုံးဆိုလား . . . . . ။



တင်ဦး ။ အေ. အိုင်. ဒီ. အက်(စ်) ပါ။ အကွရာ လေးလုံးပါလို့ လေးလုံးလို့ခေါ်တဲ့ ရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်တာပါတဲ့။ အမယ်ဒီရောဂါက ကြောက်စရာတဲ့ ငါ့လူ။ ကုစရာနတ္ထိ ဆေးမရှိဆိုပဲ။ ဒီစကား ကြားတော့ ကြက်သီးကို ထသွားတာပဲ။

ဘမောင် ။ ဟုတ်တယ် . . . . . . လိင်တူလိင်ကွဲ ဆက်ဆံရင် ဒီရောဂါ စွဲကပ်ခံရနိုင်တယ် ဆိုတော့ တို့များ ဖြစ်လေမလား မသိပါဘူး တင်ဦးရာ. . . . ။

တင်ဦး ။ ဟာကွာ . . . မဦးမချွတ်၊ ဖွဟဲ့ လွဲပါစေ . . . ဖယ်ပါစေ။ တို့ရှပ်ရေက ဒီရောဂါ စွဲပါ့မလား . . . . . . ဒီမယ်၊ မင်း ဘင်တွန်းကျော်ကို သိတယ်မို့လား . . . ။

ဘမောင် ။ အေး၊ ဟိုဘက် ဘုရားဂိတ်မှာ ဆိုက်ကား နင်းတဲ့ စန်းအောင် ညီလေ။ ဒီကောင်လေး အဲဒီရောဂါ ဖြစ်နေတယ်လို့ ကြားတယ်။ ဟုတ်လောက်တယ် တင်ဦးရ။ ဒီ ကောင်လေး ရုပ်တော်တော်ကိုကျသွားတယ်။ သူ့ အသက်အရွယ်နဲ့ ရုပ်နဲ့ဘာဆိုင်လဲ။ အဘိုးအိုရုပ်လေးလို ဖြစ်သွားတာများ ငါတော့ အံ့ရော . . ။

www.burmeseclassic.com

www.burmeseclassic.com



တင်ဦး ။ ဒီကောင်လေး အစက စားသောက်ဆိုင်မှာ စားပွဲထိုးသွားလုပ်တယ်နော် ... အဲဒီနေရာမှာ သက်သက်သာသာနဲ့ ငွေရ အပျော်အပါးကလည်း အလွယ်တကူ ရနိုင်တော့ ဟုတ်မှာပဲ။

ဘမောင် ။ ဒီကောင်လေး ဟို ကူဝိတ်လား... ဆော်ဒီလားကွာ၊ အဲဒီအလုပ် သွားလုပ် သေးတယ်။ ဒီမှာ ဆေးစစ်တုန်းက ဒီရောဂါ ရှိတယ်လို့မှ မသိရတာ။ ဒါဆို ဟိုကရလာတာ ဖြစ်နိုင်တယ်။ ငါကြားဖူး တာက အဲဒီအရပ်တွေမှာ ပိုသောင်း ကျန်းတယ်။ ပိုအဖြစ်များတယ်တဲ့။

တင်ဦး ။ ကြောက်တော့ ကြောက်စရာကွာ... အဲဒီ ကောင်လေးမြင်ပြီး ငါတော့ လန့်နေတယ်။ တို့လည်း ဆေးစစ်ကြည့်ရင် ကောင်းမယ်ထင်တယ်။ ဟိုအဖွဲ့တွေ ပြောသွားတာ ဘယ်မှာ... ကျန်းမာရေး အခမဲ့ စစ်ပေးတယ်။ ရောဂါရှိရင်လည်း အခမဲ့ ကုပေးတယ်။ တကယ်လို့ ကိုယ့်မှာ ဒီရောဂါဖြစ်ရင် ဘေးက မသိအောင် လျှို့ဝှက်ပေးတယ်တဲ့။



ဘမောင် ။ အေး၊ အမှန်ကတော့ အပျော်အပါး မလိုက်စားသင့်ဘူး တင်ဦးရေ... မင်းတို့ ငါတို့မှာ အိမ်ထောင်ရှိရက်နဲ့။ တွေး ကြည့်ရင် ကြောက်စရာ ငါ့လူ။ အပြစ်မဲ့တဲ့ တို့မိန်းမတွေလည်း တို့ မိုက်မဲမှုကြောင့် ဒီရောဂါဖြစ်နေရင် ဒုက္ခ။

တင်ဦး ။ ဘယ်တတ်နိုင်မလဲ၊ ဘမောင်ရာ..... ဝက်ဖြစ်နေပြီပဲ၊ မစင်လူးတာလောက်တော့ ရှိမှာပေါ့။ အရေးကြီးတာကတော့ ဆေးစစ် လိုက်တာ အကောင်းဆုံးပဲ။

ဘမောင် ။ နေဦး တင်ဦး။ ဒီကိစ္စအတွက် လိုက်လံ ဟောပြောနေတဲ့ ဦးလွင်သိန်းနဲ့ အရင် ဆွေးနွေးကြည့်မယ်ကွာ ... ဖြစ်နိုင် မဖြစ်နိုင်မေးမယ်။ သူတို့ လမ်းညွှန်တာ ဆက်လုပ်တာပေါ့။

တင်ဦး ။ အဲဒါကောင်းတယ် ... ဖြစ်နိုင်ရင်တော့ မာမီစိန်ကိုလည်း နားလည်အောင်ပြော ခေါ်သွားမယ်။

ဘမောင် ။ အမယ် ..... အမယ်။ သူ့ အချော် တစ်ကြိုးကို စိုးရိမ်နေပြန်ပြီ။

တင်ဦး ။ ကိုယ်ချင်းစာတာပါ။ အန္တရာယ်မဖြစ်ခင် ကြိုတင်ကာကွယ်ပေးတာပေါ့။ အင်း ...

www.burmeseclassic.com

www.burmeseclassic.com



သူလည်း ပရိယေသနဝမ်းစာအတွက် မိန်းမ
အသွင်နေပေမယ့် အမှန်တော့ ယောကျ်ား
ပါပဲ။

ဘမောင် ။ အေး၊ ယောကျ်ားချင်းမို့ ပိုဆိုးတာပေါ့။ ကဲ
ပြောမနေနဲ့ တင်ဦး ဒီနေ့ ဆိုက်ကား မောစော
သိမ်းမယ်။ မင်းနဲ့ငါ ဦးလွင်သိန်းအိမ်ကို
သွားမယ်။ အေးအေးဆေးဆေး မေးကြည့်
ကြတာပေါ့။

တင်ဦး ။ ကောင်းပြီလေ . . . ဆိုက်ကားသိမ်းပြီး
ညနေ ငါးနာရီလောက် ရေမိုးချိုးထွက်ခဲ့။
လောလောဆယ်တော့ အိမ်ကထမင်းအိုး
ချက်နိုင်ပြုတ်နိုင်အောင် ရှာလိုက်ကြဦးစို့။

ဇာတ်ညွှန်း ။ စကားဆုံးသည်နှင့် ကခွင်တစ်ခုလုံး မီးလင်း။
တင်ဦးနှင့် ဘမောင်က ဆိုက်ကားများ
နင်းလျက် တစ်ဖက်ကားလိပ်ကြားဝင်သွား။
ပြည်ဖုံး ကန့်လန့်ကာကြီး တရွေ့ရွေ့
ကျလာ။ တီးဝိုင်းမှ "အေအိုင်ဒီအက်စ်
တို့တိုက်ဖျက်" သီချင်းတီးမှုတ်စေ။

* * * * * * * * *

## ပြကွက် - ၁၀ -

နေရာ ။ ဦးပိုင်စိုး၏ အိမ်ဧည့်ခန်း။

အချိန် ။ နံနက်ပိုင်း။

အခမ်းအနား ။ ခမ်းနားထည်ဝါသည့် ဧည့်ခန်းအဆင်အပြင်။

မီး ။ ကခွင်တစ်ခုလုံးအလင်းရအောင် မီး
ဖွင့်ပေးထား။

အသံ ။ ဇာတ်ကောင်များ၏ အသံကို ပီပီသသ
ကြားနိုင်အောင် အသံဖမ်းခွက်များတပ်
ဆင်ထား။

ဇာတ်ဝင်ပစ္စည်း ။ ခေတ်မီဆိုဖာထိုင်ခုံ၊ မဟော်ဂနီ စားပွဲ၊
နောက်ဆုံးပေါ် တီဗွီ အပေါ်စက်
အောက်စက် အစုံအလင်။

ဇာတ်ညွှန်း ။ အခန်းဖွင့်တီးလုံးဆုံးသည်နှင့် ဧည့်ခန်းတွင်
ဦးပိုင်စိုးနှင့် ဦးလွင်သိန်းတို့ ထိုင်ဆွေးနွေး
ဟန်ရှိနေစေ . . .။ ဦးပိုင်စိုးက တစ်စုံ
တစ်ယောက်ကို လည်တဆန့်ဆန့်
စောင့်မျှော်နေဟန်ဖြင့် ဂနာမငြိမ်ဖြစ်
နေစေ . . .။



www.burmeseclassic.com

 www.burmeseclassic.com

ဦးလွင်သိန်း ။ ဦးပိုင်စိုး သေသေချာချာ ပြောလိုက်တယ် မဟုတ်လား . . . ။

ဦးပိုင်စိုး ။ (အပြင်ကို မျှော်ကြည့်ဟန်ဖြင့်) ပြောတာပေါ့ဗျာ . . . ဟိုကလေးရဲ့ အစ်ကိုနဲ့ ဆိုက်ကားဂိတ်မှာ တွေ့လို့ အန်ကယ့်အိမ် လာခဲ့ပါဦး၊ မင့် ညီရဲ့ ကျန်းမာရေး အခြေအနေ ဆွေးနွေးရအောင် . . . လို့ အပ်ရင် ဦးတို့က အကူအညီ ပေးချင်လို့ ပါလို့ သေသေချာချာ ပြောလိုက်တာပါ။ ခက်တာက သူတို့က လူသိမခံချင်ဘူး။ ပတ်ဝန်းကျင်က အထင်သေးမှာ ကြောက်နေတယ်. . . ။

ဦးလွင်သိန်း ။ ကျွန်တော်တို့ လူမျိုးတွေရဲ့ လွဲမှားတဲ့ အမြင်ပဲ ဦးပိုင်စိုးရေ့၊ အမှန်တော့ ရှက်သင့်တဲ့ နေရာမရှက်၊ မရှက်သင့်တဲ့ နေရာ ရှက်နေတာကြောင့် ခက်နေတာ။

ဦးပိုင်စိုး ။ ကျွန်တော်လည်း ကိုယ်သိသလောက် မှတ်သလောက် ရှင်းပြပါတယ်။ ဖြစ်လာတဲ့ ပြဿနာကို ရဲရဲရင့်ရင့် ရင်ဆိုင်ဖို့ တိုက်တွန်းထားပါတယ် . . . ဟော လာပြီ လာပြီ။ (အပြင်ကို မျှော်ကြည့်ရင်း ဝမ်းသာတက်ကြွသည့်အမူအရာနှင့် ထိုင်ရာမှထ။



ထိုစဉ် ကခွင်ရှေ့ပိုင်း တိုင်ဖုံးနောက်မှ စန်းအောင် မရွံ့မရဲ အမူအရာနှင့် ဝင်လာ။ ဦးပိုင်စိုးက လှိုက်လှဲသည့် အမူအရာနှင့် ကြိုဆို) လာ . . . လာကွဲ့။ မောင်စန်းအောင် ဦးတို့ မျှော်နေကြတာ . . . ။

စန်းအောင် ။ ကျွန်တော် နည်းနည်းနောက်ကျသွားတယ် ဦး။ တင်ထွန်းကျော်က အဖျားနည်းနည်း ဝင်နေလို့ လိုအပ်တာလေးတွေ လုပ်ပေး နေရလို့။

ဦးပိုင်စိုး ။ အေးပေါ့။ ညီအစ်ကိုသားချင်းဆိုတော့ လုပ်ပေးရမှာပေါ့ မောင်စန်းအောင်ရာ . . ထိုင် မောင်စန်းအောင်။ မင်းတို့ ငါတို့က အထူးပြောစရာ မလိုပါဘူး။ တစ်ရပ်ကွက်တည်းနေ၊ တစ်ဦး အကူအညီလိုရင် တစ်ဦးပေး၊ သာရေးနာရေးလည်း မိသားစုရေးလို ဝိုင်းဝန်း လုပ်ကြသူတွေ မဟုတ်လား . . . ။

စန်းအောင် ။ ဟုတ်ကဲ့၊ ကျွန်တော့်အနေနဲ့ ဘကြီးကို လေးစားပြီးသားပါ။

ဦးပိုင်စိုး ။ ဒီလိုကွ၊ အဲ . . . . ပွင့်ပွင့်လင်းလင်း ပြောရအောင်နော် ဟောဒီ. . ဦးလွင်သိန်း ဆိုတာ မြို့နယ်မာနာအလွှင်းရေးမှူး၊

www.burmeseclassic.com

www.burmeseclassic.com


သူတို့အသင်းက နယ်စည်းမခြား ဆရာဝန်များအသင်းနဲ့ ဆက်စပ်မှုရှိတယ်။ အဲဒီဆရာဝန်များအသင်းက ဟော်လန်နိုင်ငံရဲ့ နည်းပညာ၊ ဆေးဝါးအကူအညီယူပြီး ဆေးဝါးကုပေးနေတယ်။ ဦးနားလည်သလို ပြောရရင် အခမဲ့ကုသပေးတာပေါ့။

စန်းအောင် ။ (တက်ကြွသည့် အမူအရာနှင့် . . . . .) ဟုတ်ကဲ့ ဘကြီး။

ဦးပိုင်စိုး ။ အေး၊ ဘကြီးပြောချင်တာက ကူညီနိုင်တဲ့ အတိုင်းအတာရှိတုန်း ထိထိရောက်ရောက် အကူအညီ ပေးချင်တယ်. . .။

ဇာတ်ညွှန်း ။ (ထိုစဉ် ဒေါ်ငြိမ်းရွှေက ကော်ဖီဗန်းကိုင်လျက်ဧည့်ခန်းထဲဝင်လာ။ စန်းအောင်ကို အသိအမှတ်ပြုသည့် အပြုံးဖြင့် တစ်ချက်ပြုံးပြ၊ ခေါင်းညိတ်။ ဗန်းကို စားပွဲပေါ် ချ။ ကော်ဖီခွက်များကို တစ်ဦးချင်းရှေ့ ချပေးရင်း . . .) ကဲ သောက်ကြပါဦး။ ဒါနဲ့ မောင်စန်းအောင်ညီလေး မမာဘူးကြားတယ်။ အခြေအနေ ဘယ်လိုလဲ။

စန်းအောင် ။ ဟုတ်ကဲ့ အဒေါ်။

ဦးပိုင်စိုး ။ အဲဒါပြောနေတာပေါ့ မငြိမ်းရွှေရ၊ တို့လူမှုရေးအဖွဲ့က လိုအပ်တဲ့ အကူအညီပေးနိုင်အောင်ပြောနေတာ . . . ရောဂါဖြစ်လာရင် မှန်ကန်တဲ့ နည်းလမ်းနဲ့ ဖြေရှင်းတာ အကောင်းဆုံး။ ဒီနေ့ဒီခေတ်မှာ ခေတ်မီဆေးဝါးတွေလည်းရှိတယ် . . . တတ်ကျွမ်းတဲ့ ဆရာဝန်တွေလည်းရှိတယ်။ အခမဲ့လည်း ဆေးကုနိုင်တယ်။ လိုအပ်တာက အကုသခံဖို့ပဲ။

ဒေါ်ငြိမ်းရွှေ ။ ဟုတ်သားပဲ မောင်စန်းအောင်ရဲ့။ မင့်ဘကြီးတို့ရှိနေတာပဲ။ သူတို့အသင်းက လူတွေဘာလိုလဲ။ ဆင်းရဲချမ်းသာမရွေး အကူအညီပေးဖို့ ဖွဲ့စည်းထားတာတဲ့။

ဦးလှိုင်သိန်း ။ ဒီလိုငါ့ညီရေ၊ အစ်ကို ပွင့်ပွင့်လင်းလင်း ပြောမယ်။ ငါ့ညီအနေနဲ့ တို့ကို မိသားစုလို သဘောထား။ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြော၊ တို့ကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးမယ်။ အစ်ကိုကြားတဲ့ သတင်းအရ ငါ့ညီရဲ့ ညီတော်မောင်ဟာ ခဏခဏဖျားနေတယ်။ ဝမ်းပျက်တဲ့ သဘောလည်းရှိတယ်။ ခန္ဓာကိုယ်အနေအထားကလည်း သိသိသာသာကျသွားတယ်။ ခုတစ်လော အဖျားကစိပ်ပြီး ရေယုန်တွေလည်းထွက်နေတယ် . . ဒါကို ဆေးရုံသွား

www.burmeseclassic.com

www.burmeseclassic.com



ပြတော့၊ မင့် ညီကို ကူးစက်ရောဂါဆေးရုံ
ညွှန်းတယ်။ အဲဒီလို သွားပြတော့ ဟို
စနစ်တကျ စစ်ဆေး
ဆေးမှတ်ချက်ပေးတယ်။ ပြောရရင်တော
ဒီနေ့ ရေပန်းစားနေတဲ့ အိဒ်(စ်) ရောဂါ
သိရတယ်။ ဒီစကား အမှန်ပဲလား ငါ့ညီ

စန်းအောင် ။ (အတန်ကြာငြိမ်နေပြီးမှ အားမပါသ
ဟန်ဖြင့် ခေါင်းညိတ်) ဟုတ် . . ဟုတ်

ဦးလွင်သိန်း ။ အေး၊ အဲလို တိတိကျကျသိဖို့ လိုတယ်
ဒီမယ် ငါ့ညီ။ လူဟာသေမျိုးတွေချည်း
တစ်နေ့မှာ မလွဲမသွေသေကြရမှာချည်း
ဒါကို တွေးပူပန်စရာအကြောင်း မရှိဘူး
အေး . . . . သေချိန်တန်လို့ သေတ
အဆန်းမဟုတ်ပေမယ့်၊ မသေသင့်
သေရတာ ဆန်းတယ်။ အကြောင်း
သက်သက်ဆုံးရှုံးရင် အဖိုးတန်လူသ
တစ်ယောက် နစ်နာတယ်။ လူသားအ
အမြစ် စုဆောင်းနေချိန်၊ လူတွေရဲ့ လုပ်အ
လိုအပ်နေချိန်မှာ နိုင်ငံတော်က မဆုံး
သင့်ဘဲ ဆုံးရှုံးတာကို မလိုလားဘူး။ (စက
ပြော ခေတ္တရပ်လျက် အကဲခတ်သည့် အ
အရာနှင့်ကြည့်။ ရေနွေးကြမ်းတစ်



တောင်းသောက်ပြီး စကားဆက်) ဒီတော့
တို့များက မသေသင့်တဲ့လူ မသေအောင်
စောင့်ရှောက်တဲ့လုပ်ငန်း လုပ်နေတယ်။
အခုဆိုရင် တခြားနိုင်ငံက ကူးစက်လာတဲ့
ရောဂါဆိုးကြောင့် ကျွန်တော်တို့နိုင်ငံမှာ
ရောဂါဖြစ်သူတွေ ရှိလာပြီ။ ဒီရောဂါကို
တားနိုင်တဲ့ မက်သလုံးဆေးဆိုတာလည်း
ပေါ်နေပြီ။ WHO က အကူအညီပေးလို့
အခမဲ့ ကုလို့ရပါတယ်။ ပွင့်ပွင့်လင်းလင်း
ပြောရရင် ဒီဆေးကို တော်ရုံတန်ရုံလူ
ဝယ်မစားနိုင်ပါဘူး။ ဆေးတစ်လုံး တစ်သိန်း၊
တစ်သိန်းခွဲတန်တယ်ဆိုတော့ ဘယ်သူ
စားနိုင်မလဲ . . . ဒါပေမဲ့ ငါ့ညီသာ ဆန္ဒ
ရှိရင် အစ်ကိုတို့ ကူညီနိုင်တယ် . . ။

အောင် ။ တကယ်လား အစ်ကို။

ွင်သိန်း ။ အဲဒါ အသိပေးချင်လို့ ခေါ်တွေ့တာပဲ
ငါ့ညီရာ . . . . ရောဂါသိရင် ဆေးရှိတယ်
ဆိုတဲ့စကား ရှိနေတာပဲ။ အစ်ကိုတို့
လမ်းညွှန်တဲ့အတိုင်း လုပ်ဖို့ပဲ လိုတယ်။

အောင် ။ အဲဒီဆေးသောက်ရင် တကယ်ပဲပျောက်
သလား အစ်ကို။

www.burmeseclassic.com

www.burmeseclassic.com



ဦးပွင့်သိန်း ။ မှန်တာပြောမယ်။ ဒီနေ့ ဒီအချိန်ထိ အိဒ်(စ်) မဲရောဂါ ပျောက်ကင်းတဲ့ဆေး မတွေ့သေး ဘူးလို့ ပြောတယ်။ ဒါပေမဲ့ ရောဂါ မတိုးအောင် ဟန့်တားနိုင်တဲ့ဆေး ရှိပြီ။ ဒီဆေးသောက်ရင် သက်တမ်းစေ့နေသွား နိုင်တယ်။ အေး . . . . ငါ့ညီသိအောင် ပြောပြမယ်။ အစ်ကိုတို့ စောင့်ရှောက် ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ လူ ကျင့်ဝတ်အရ ဘယ်သူလို့မပြောနိုင်ပေမယ့် ရောဂါစွဲကပ်တာ (၇) နှစ်ကျော်ပြီ။ ပကတိ ကျန်းကျန်းမာမာအနေအထားအတိုင်းပဲ။ ပြောမပြရင် ရောဂါရှိမှန်းတောင် မသိရဘူး။

စန်းအောင် ။ အဟုတ်လား အစ်ကို၊ ဒါဆို ကျွန်တော် ညီလေးလည်း ကောင်းလာနိုင်တာပေါ့။

ဦးပိုင်စိုး ။ ဒါပေါ့ မောင်စန်းအောင်ရ။ မင့်ညီလေးကို ချစ်ရင် အချိန်မီ ကယ်တင်သင့်တယ် . . ။

စန်းအောင် ။ ဟုတ်ကဲ့၊ ကုမယ် . . . ညီလေးကို ကုမယ် ဘကြီး။

ဇာတ်ညွှန်း ။ အားလုံး၏ မျက်နှာတွင် ကျေနပ်ကြည်နူး သည့်အသွင်ဖြင့် ပြုံးရွှင်သွား။ တီးဝိုင်းမှ "အေအိုင်ဒီအက်(စ်) တို့တိုက်ဖျက်မည်" ဟူသည့် တီးလုံးဖြင့် အခန်းပြောင်း ကန့်လန့်ကာချ။

* * * * * * * * *

## ပြကွက် - ၁၁ -

နေရာ ။ မြို့နယ်ခန်းမဆောင်။

အချိန် ။ နေ့လယ်ပိုင်း။

အခမ်းအနား ။ မြို့နယ်ခန်းမသဏ္ဍာန် ရေးဆွဲထားသော နောက်ခံပန်းချီကားချပ် ကခွင်နောက်ပိုင်း၌ ချထား။ အခန်းနံရံတွင် ကျန်းမာရေး အသိပညာပေးစာတန်းများ ချိတ်ဆွဲထား။ "သင့်ခန္ဓာကိုယ်တွင်း HIV ပိုး မရောက်စေနှင့်"၊ အိဒ်(စ်) ရောဂါသည် အလွယ်တကူ မကူး စက်နိုင်ပါ"၊ "သင့်ကျန်းမာရေးကို သင်သာလျှင် စောင့်ရှောက်နိုင်သည်"၊ "သံသယ ရှိလျှင် တတ်ကျွမ်းသူထံ ပြသကုသမှု ခံယူပါ" "နှစ်သိမ့်အားပေးခြင်းဖြင့် သင့် မိတ်ဆွေကို ကယ်တင်ပါ" စသည့် စာတန်း များ ထင်ရှားစွာ မြင်ရစေ . . . . ။ ခန်းမ ရှိစင်မြင့်၏ ဝဲဘက်ထောင့်တွင် စကား ပြောခုံ၊ မိုက်ခွက်များ တပ်ဆင်ထား။ နောက်ခံ ကတ္တီပါကားချပ်ပေါ်တွင် "သိလို့



www.burmeseclassic.com

www.burmeseclassic.com



ရာမေး သင့်ကျန်းမာရေး" ဟူသော စာတ
ချိတ်ဆွဲထား။ ဆွေးနွေးသူ ဒေါက်တ
သိန်းတိုးဟူသော စာတန်းကို အပေ
စာတန်း၏ အောက်ဝဲဖက်၊ ဆွေးနွေ
ရက်စွဲကို ယာဘက်တွင် ဖော်ပြထာ
ဆွေးနွေးပွဲ တက်ရောက်သူများအတွ
ကုလားထိုင်များ ခင်းကျင်းထားစေ။

မီး ။ ခန်းမတစ်ခုလုံး ထင်ထင်ရှားရှားမြ
နိုင်အောင် မီးဖျှန်းထားပြီး၊ နောက်ခံပိ
အပေါ် ဂရုပြုစေရန် အောက်မီးဖြင့်ဟ
ထိုးထား။

အသံ ။ စကားပြောစင်၊ ပရိသတ်ထိုင်နေသည
ရှေ့တွင် စကားပြောခွက်များ တပ်ဆင်ထာ

ဇာတ်ဝင်ပစ္စည်း ။ ဆရာဝန်နှင့် သူနာပြုဆရာမများ၏ ဝတ်စ
တက်ရောက်ဆွေးနွေးသူများ၏ သာမန်ဝတ်စ

ဇာတ်ညွှန်း ။ ပြည်ဖုံးကန့်လန့်ကာဖွင့်သည်နှင့် ခန်းမဆော
အတွင်းရှိ ထိုင်ခုံများတွင် ကျောင်းသူ
ကျောင်းသားများ၊ စိတ်ဝင်စားသည
လူငယ်များ၊ NGO အသင်းသားများ၊ ဖိတ်ကြာ
ထားသည့်ပုဂ္ဂိုလ်များ ထိုင်နေစေ . . . စကာ
ပြောစင်ထက်တွင် မြို့နယ်လက်ထောက်
ဆရာဝန်ဒေါက်တာ သိန်းတိုးက စကားပြေ



နေဟန်ဖြင့်ရပ်နေစေ။ ဒေါက်တာ သိန်းတိုး
ကိုလည်းကောင်း၊ ပရိသတ်ကိုလည်းကောင်း
လိုအပ်ချိန်တွင် ဆလိုက်မီးဖြင့်ထိုးပေး။
ပရိသတ်အားလုံးက ဟောပြောမှုကို စိတ်
ဝင်တစား နားထောင်ဟန်ဖြင့် ဒေါက်တာ
သိန်းတိုးထံ အာရုံ ရောက်နေကြစေ။

သိန်းတိုး ။ အိပ်ချ်အိုင်ဗွီနဲ့ အေအိုင်ဒီအက်(စ်) ရောဂါ
အကြောင်းသိကောင်းစရာ ကျန်းမာရေး
ဗဟုသုတအဖြာဖြာကို ကျွန်တော် ဟောပြော
ပြီးပါပြီ။ ဟောပြောမှုနဲ့ ပတ်သက်လို့ မရှင်း
တာရှိရင် တခြားသိလိုတာရှိရင်၊
ဆောင်သင့် ရှောင်သင့်တဲ့ အချက်တွေ
ထဲက မမှတ်မိတာရှိနေရင် မေးနိုင်
ပါတယ်။ ဒီမှာ လာရောက်နားထောင်ကြ
ရာမှာ အမျိုးသမီးရော၊ အမျိုးသားရောပါ
ရှိနေတော့ တချို့က မေးချင်ပေမယ့် ရှက်ရွံ့
နေတတ်ပါတယ်။ ဒါဟာ သဘာဝတရားပါ
ရိုးသားပွင့်လင်းဖို့ လိုပါတယ်။ အခြားကိစ္စ
မတွေးဘဲ ကျန်းမာရေး ရှုထောင့်က
ကြည့်ပြီး ဆွေးနွေးကြစေချင်ပါတယ်။
(ဒေါက်တာ သိန်းတိုးက မေးခွန်း မေးရန်
ပြောပြီးစောင့်နေ၊ နားထောင်သူများ

www.burmeseclassic.com

www.burmeseclassic.com

အချင်းချင်းတိုင်ပင်ဟန်ဖြင့် ခေါင်
ချင်းရိုက်၊ တီးတိုးစကားဆို) ကဲ၊ လုပ်ပါ.
မရှင်းတာများရှိရင် မေးကြပါ။ ကျွန်တော
ဖြေပါရစေ . . . ဆွေးနွေးပါရစေ၊ အဖြ
ပေးပါရစေ။

ဦးဘညာဏ် ။ (ဒုတိယတန်းတွင် ထိုင်နေသည့် ကျောင်
ဆရာကထပြီး ခန်းမအတွင်းရှိ ပရိသတ်ကို
ဝေ့ဝဲကြည့်။ ထို့နောက် ဆရာဦးသိန်းတိုး
ဘက်မျက်နှာမူလျက်ပြော) ကျွန်တော်
အထက်တန်းပြ ဆရာ ဦးဘညာဏ်ပါ။
သိချင်တာလေးတချို့ မေးပါရစေ . . .။

Dr သိန်းတိုး ။ မေးပါ။ မေးပါ ဆရာ ကြိုဆိုပါတယ်။

ဦးဘညာဏ် ။ အေအိုင်ဒီအက်(စ်) ရောဂါ ဘယ်နိုင်ငံမှာ
စတွေ့ပါသလဲ ဆရာ . . .။

Dr သိန်းတိုး ။ အမေရိကန်ပါ။ တိတိကျကျ ပြောရရင်
အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်
နယ်မှာ ၁၉၈၁ခုနှစ်က စတင်တွေ့ရှိပါတယ်။

ဦးဘညာဏ် ။ အဲဒီအရင်ကရော ဒီရောဂါရှိသလား . . .
မရှိဘူးလား။

Dr သိန်းတိုး ။ ရှိပါတယ်။ အဲဒီနှစ်မတိုင်ခင်ကတည်းက
ကမ္ဘာပေါ်မှာ . . . နေရာအနှံ့မှာ ရှိနေပြီး
ဖြစ်ပါတယ်။ နောက်ပိုင်းနှစ်တွေမှာ



ကပ်ရောဂါအသွင်နဲ့ နိုင်ငံတော်တော်
များများကို ပျံ့နှံ့သွားစေပါတယ်။

ဦးဘညာဏ် ။ အိပ်ချ်အိုင်ဗွီရောဂါပိုးဟာ လူ့ခန္ဓာကိုယ်
ပြင်ပမှာ ဘယ်လောက်ကြာကြာ အသက်ရှင်
နေနိုင်ပါသလဲဆရာ . . .။

Dr သိန်းတိုး ။ ကြာကြာအသက်ရှင် မနေနိုင်ပါဘူး။
ပြင်ပကနေ၊ လေတို့နဲ့တွေ့ရင် ဒီပိုးက
သေသွားပါတယ်။ သွေးတွေ၊ အရည်တွေခန်း
ခြောက်သွားတာနဲ့ ပိုးက သေသွားပါတယ်။

ဦးဘညာဏ် ။ ဘယ်လိုလူမျိုး ဒီရောဂါ ရနိုင်တယ်ဆိုတာ
မှတ်မိအောင် ထပ်ပြောပြပေးပါဆရာ . .။

Dr သိန်းတိုး ။ လိင်တူလိင်ကွဲ ဆက်ဆံသူ၊ လိင်အပျော်
အပါးလိုက်စားသူ၊ မူးယစ်ဆေးသွေးကြော
ထဲသွင်းသူ၊ ထိခိုက်ရှနာရှိသူဟာ ရောဂါပိုး
ရှိသူရဲ့သွေး၊ အရည်တွေနဲ့ ထိစက်မိရင်
ဒီရောဂါ ရနိုင်ပါတယ်။ တချို့ လိင်အပျော်
အပါးမရှိကြဘူး။ ဒါပေမဲ့ ဒီရောဂါ ကူးစက်
ခံရတတ်ပါတယ်။ တစ်ခါသုံးဖြစ်မသုံးလို့
ခေါင်းညှပ်ရာက ဒဏ်ရာရတဲ့အခါ၊ ဒီဓား
ဟာရောဂါပိုးရှိသူ သုံးထားတာဖြစ်ရင်
ကူးစက်နိုင်ပါတယ်။

ဦးဘညာဏ် ။ ကျွန်တော်သိချင်တာ ဖြေကြားတဲ့ဆရာ့ကို
ကျေးဇူးတင်ပါတတယ်။

www.burmeseclassic.com

ဇာတ်ညွှန်း ။ ဦးဘညဏ် ပြန်ထိုင်။ ဆရာဦးသိန်းတိုးက မေးမြန်းလိုသူရှိ၊ မရှိ အကဲခတ်ကြည့်။ ပရိသတ်က အချင်းချင်း တီးတိုးတိုင်ပင်နေ။ ပရိသတ်နောက်ပိုင်းမှ လူငယ်တစ်ဦး လက်ထောင်လျက် ထရပ်။

မောင်မိုးလွင် ။ ကျွန်တော်နာမည် မိုးလွင်ပါဆရာ။ တွင်ခုံအလုပ်သမားပါ။ လိင်ဆက်ဆံမှုက ဒီရောဂါရတတ်တယ်ဆိုရင်၊ ရောဂါမကူးစက်အောင် ဘယ်လိုဆက်ဆံရမလဲဆရာ။ (ပရိသတ်အချို့ထံက ရယ်သံများ ထွက်လာ။ တချို့က ပြုံးစိစိနှင့်ပြန်ကြည့်။ မိုးလွင်က ခပ်တည်တည်နေ)

Dr သိန်းတိုး ။ အင်မတန်ကောင်းတဲ့မေးခွန်းပါ။ ကျွန်တော်ဆွေးနွေးချင်တဲ့ အကြောင်းအရာပါ။ မောင်မိုးလွင်မေးလိုက်တော့ သိပ်ကောင်းပါတယ်။ ဒီလိုပါ မောင်မိုးလွင် . . ရောဂါကူးစက်မှာကြောက်ရင် ကွန်ဒုံးသုံးပါ။ ဘယ်သူမဆို ကွန်ဒုံးသုံးရင် စိတ်ချရပါတယ်။ ဆွေးနွေးပွဲပြီးရင် ကွန်ဒုံးတွေလည်း လက်ဆောင်ပေးပါဦးမယ်။ (ရယ်သံ ပိုကျယ်လောင်စွာ ထွက်လာ)

မောင်မိုးလွင် ။ နောက်တစ်ခု မေးချင်ပါသေးတယ်။



Dr သိန်းတိုး ။ မေးပါ။ အားလုံး ဗဟုသုတရအောင် မေးစေချင်ပါတယ်။

မောင်မိုးလွင် ။ HIV ပိုးဟာ ဟိုရုပ်ရှင်ထဲကလို ပါးစပ်နမ်းရင် ကူးနိုင်လား။

Dr သိန်းတိုး ။ သာမန်အားဖြင့်မကူးနိုင်ပါဘူး မောင်မိုးလွင် (ရယ်သံများ ပို၍ ဆူညံသွား) ဒါပေမယ့် သွားဖုံးသွေးယိုလို့ပဲဖြစ်ဖြစ်၊ အကြမ်းပတမ်း နမ်းလို့ပဲဖြစ်ဖြစ် နှုတ်ခမ်းကွဲနေရင် ရောဂါပိုးဝင်နိုင်တာကြောင့် ကူးစက်နိုင်ပါတယ်။ အဲ . . ကိုယ်နမ်းတဲ့လူက ရောဂါရှိရင်ပြောတာနော် . . မရှိရင်တော့ စိတ်ကြိုက်နမ်း (အုန်းခနဲ ရယ်သံများ ထွက်လာ . . . )။

မောင်မိုးလွင် ။ ကျေးဇူးတင်ပါတယ်ဆရာ။ ကျွန်တော်သိချင်တာ ဒါပါပဲ။ (ပြောပြီး ဆတ်ခနဲထိုင်လိုက်ပုံကြောင့် အတောမသတ်ရယ်မောကြ)

ခင်မိုးလွင် ။ ကျွန်မ ကြက်ခြေနီတပ်ဖွဲ့က တပ်စုမှူးခင်မိုးလွင်ပါ။ အေအိုင်ဒီအက်(စ်) ရောဂါရှိသူအိမ်က အစားအစာ စားမိရင်ကူးနိုင်သလားဆရာ။

www.burmeseclassic.com

www.burmeseclassic.com



Dr သိန်းတိုး ။ လုံးဝမကူးနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ရောဂါပိုးဟာ ခန္ဓာကိုယ်ပြင်ပမှာ ကြာရှည်အသက်မရှင်နိုင်လို့ပါပဲ။

ခင်မိုးလွင် ။ အတူတူနေရင်ရော ဆရာ . . . ။

Dr သိန်းတိုး ။ လုံးဝမကူးနိုင်ပါဘူး။ သူ့သွေးနဲ့ မထိသမျှ ရောဂါမရနိုင်ပါဘူး။

ဇာတ်ညွှန်း ။ (ခင်မိုးလွင်ပြန်ထိုင်ပြီး၊ မေးသူရှိ၊ မရှိ စောင့်ကြည့်။ မေးသူ မရှိမှန်းသိ၍ စကားဆက် . . . . ။)

Dr သိန်းတိုး ။ ကျေးဇူးတင်ပါတယ်။ စိတ်ပါဝင်စားစွာ ဆွေးနွေးကြလို့ အောင်မြင်တဲ့ ပွဲတစ်ပွဲ ဖြစ်တယ်လို့ မှတ်ယူရင်း နိဂုံးချုပ်ပါတယ်။ (လက်ခုပ်သံမြိုင်မြိုင် ပေါ်လာသည်နှင့် ကားလိပ်ချ)

* * * * * * * * *

## ပြကွက် - ၁၂ -

နေရာ ။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌

အချိန် ။ နေ့လယ်

အခမ်းအနား ။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်း အဆင်အပြင် ရေးဆွဲထားသည့် နောက်ခံကားချပ်ကို ကခွင်နောက်ပိုင်းချထား။ ကခွင်၏ အလယ်တွင် စားပွဲကုလားထိုင်များ ခင်းကျင်းထား။ စားပွဲပေါ်တွင် ဖိုင်တွဲ၊ စာရွက်စာတမ်း၊ စာရေးကိရိယာများ စနစ်တကျတင်ထား။ စားပွဲပေါ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးဟု စာတန်းရေးထားသည့် သစ်သားတုံးကို မြင်သာသည့် နေရာတွင်တင်ထား။ ၎င်းအနီးရှိ မြို့နယ်မှူး၏ ဦးထုပ်ချထား။ ကျောဘက်နံရံတွင် နိုင်ငံတော်အကြီးအကဲပုံ၊ မြို့နယ်မှူးရုံးဖွဲ့စည်းပုံဇယား၊ အင်အားပြဇယား၊ မြို့နယ်တွင်းဖြစ်ပွားသည့် မှုခင်းအခြေပြဇယားနှင့် "ကူညီပါရစေ" ဟူသည့် စာတန်းချိတ်ဆွဲထားစေ။



www.burmeseclassic.com

www.burmeseclassic.com

မီး ။ မြို့နယ်မှူးအား ပရိသတ် အာရုံစိုက်စေရန် အပေါ်မှ စလိုက်မီးဖြင့်ထိုးထား။ ကခွင်ကို မြင်သာအောင် မီးဖျန်းပေးထား။

အသံ ။ ဇာတ်ရုပ်များ၏ ပြောစကားကြည်လင် ပြတ်သားစွာ ကြားရအောင် မိုက်ခွက်များ တပ်ဆင်ထား။ တီးဝိုင်းမှ "ကူညီပါရစေ" ပသူသော သီချင်းကို တီးလုံးဖြင့်သာ နောက်ခံ တီးပေးထား။

ဇာတ်ဝင်ပစ္စည်း ။ ရဲတပ်ဖွဲ့ဝင်အဆင့်လိုက် ဝတ်စုံပြည့်။ တယ်လီဖုန်း။ လူခေါ်ဘဲလ် စသည့် ခုံးတစ်ရုံ၏ လိုအပ်သော အပြင်အဆင်များ အပြည့်အစုံရှိစေ. . .။

ဇာတ်ညွှန်း ။ တီးဝိုင်းမှ အခန်းပြောင်းတီးလုံးဆုံးလျှင် ပြည်ဖုံးကန့်လန့်ကာအား ဖြည်းညင်းစွာဖွင့်၊ ကန့်လန့်ကာဖွင့်ချိန်တွင် မြို့နယ်ရဲတပ်ဖွဲ့ မှူးက တယ်လီဖုန်းတစ်လုံးနှင့် အလုပ် ရှုပ်နေ . . . . . . စကားပြောရင်း လက်တစ်ဖက်က ညွှန်ကြားချက် လိုက်မှတ် နေဟန်ရှိစေ . . . . .။

မြို့နယ်တပ်ဖွဲ့မှူး။ ဟုတ်ကဲ့။ ဟုတ်ကဲ့ပါ မင်းကြီး။ ကျွန်တော်
ဦးမြင့်ဟန် ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက် ပါမယ်။ ဟုတ်ကဲ့ ခင်ဗျ၊ စိတ်ချပါ မင်းကြီး။



ခင်ဗျာ . . . . . တာဝန်ပေးဖို့လား . . . လောလောဆယ် ရဲအုပ် ဝင်းနိုင်ရှိပါတယ်။ ဟုတ်ကဲ့မင်းကြီး၊ လူဆိုးထိန်း ရဲအုပ် အောင်သူပါ တာဝန်ပေးပါမယ်။ ဟုတ်ကဲ့၊ စနစ်တကျ စီမံပြီးနိုင်းဖျို့မယ်။ စိတ်ချပါ မင်းကြီး၊ ဟုတ်ကဲ့ . . . ဟုတ်ကဲ့ ခင်ဗျ။ လေးစားပါတယ် မင်းကြီး။ (တယ်လီ ဖုန်းကို ပုခက်ပေါ်ပြန်တင်ရင်း အပြင်ကို လှမ်းကြည့်ရင်းခေါ် မောင်သီ . . . ဟေ့ မောင်သီ။)

ရဲတပ်သားမောင်သီ။ ရှိ . . . . ရှိပါတယ် မြို့နယ်မှူး။ (ထူးသံ နှင့်အတူ ရှေ့တိုင်ဖုံးကွယ်မှ ရဲတပ်သား မောင်သီ ကတိုက်ကရိုက် အမူအရာနှင့် ဝင်လာ။ အလေးပြု)။

ဦးမြင့်ဟန် ။ မောင်သီ၊ ဆရာအောင်သူတို့အဖွဲ့ ရှိသလား။

ရဲသားမောင်သီ ။ စောစောက ရုံးခန်းထဲမှာရှိနေတယ်။ တိုးခဲ့ ကွက်သစ်သွားဖို့ စီစဉ်နေသံကြားရတယ်။ မြို့နယ်မှူး။

ဦးမြင့်ဟန် ။ သွား . . . ခုချက်ချင်းသွားခေါ်။ မင်းကြီး ထံက အရေးပေါ် ညွှန်ကြားချက် ရောက်လာတယ်။ သူတို့တစ်ဖွဲ့လုံး ဝတ်စုံ ပြည့်နဲ့ လာခဲ့ဖို့ ပြောလိုက်။

www.burmeseclassic.com

www.burmeseclassic.com

ရဲသားမောင်သီ ။ ဟုတ်(ပြောလျက် အလေးပြုပြီး ပြန်လည်ထွက်ရန်ပြင်စဉ် မြို့နယ်မှူးက သတိရဟန်ဖြင့် လက်ကာပြထား . . . . )

ဦးမြင့်ဟန် ။ နေ . . . နေဦး ဆရာဝင်းခိုင်ရော ရှိလား။

ရဲသားမောင်သီ ။ ရှိပါတယ်။

ဦးမြင့်ဟန် ။ အေး - သူ့ပါ တစ်ခါတည်း သတင်းပို့လို့ ပြောလိုက်။ မင်းသွားလို့ရပြီ။ (ရဲသားမောင်သီက အလေးထပ်ပြုပြီး ကတိုက်ကရိုက် အမူအရာနှင့် ထွက်သွား။ မြို့နယ်မှူးသည် စိတ်ရှုပ်သွားဟန်ဖြင့် ခေါင်းကုပ်ပြီးဖိုင်တွဲများ ဟိုလှန်ဒီလှန်လုပ်။ ထို့နောက် စဉ်းစားမိဟန်ဖြင့် အပြင်ကို လှမ်းကြည့်) စာရေးကြီး . . . . ဗျို့ စာရေးကြီး။

ဦးကျော် ။ ရှိ၊ မြို့နယ်မှူး (ထူးသံနှင့်အတူ ရဲကြပ်ကြီးအဆင့်ကြီး ဦးကျော် ဘောပင်လက်ထဲ ညှပ်လျက် ဝင်လာ . . . . )

ဦးမြဟန် ။ အရေးပေါ် အစီအစဉ်တစ်ခု ရှိတယ်။ ရှာဖွေပုံစံနဲ့ ဝရမ်းအဆင်သင့်လုပ်ထား။ ဆရာ အောင်သူကိုလည်း ပေးလိုက်။ ရုံးမှာ ဆရာထဲက ဘယ်သူရှိလဲ။

ဦးကျော် ။ ဆရာ ဘသွင်ရှိတယ် မြို့နယ်မှူး။



ဦးမြဟန် ။ ကောင်းပြီ ဆရာဘသွင်နဲ့ ရဲသားနှစ်ယောက်၊ သုံးယောက်လောက်အဆင်သင့် လုပ်ခိုင်းထား။ လိုအပ်ရင် ကျွန်တော်နဲ့ လိုက်ရမယ်။ ဟော . . လာကြပြီ။ ဟော . . လာကြပြီ လာ . . လာ ဆရာအောင်သူ။ ထိုင်ဗျာ. . (ဆရာ အောင်သူက စားပွဲရှေ့ရှိ ကုလားထိုင်လွတ်တွင် ဝင်ထိုင်။ ရဲတပ်ဖွဲ့ဝင်များ မလှမ်းမကမ်းတွင် ရပ်လျက် အမိန့်နာခံနေစေ။ မြို့နယ်မှူးက သူ့လူများကို တစ်ချက်ဝေ့ဝဲကြည့်။) မင်းကြီးထံက အရေးပေါ် တာဝန်ပေးချက်ဝင်လာတယ်။ ပြဿနာကဖြစ်ချင်ရင် ကြံဖန်ဝင်တာပဲ ကိုအောင်သူရေ . . . . ။

ရဲအုပ်အောင်သူ ။ ဘာများ ထူးလို့လဲ မြို့နယ်မှူး။ ထူးခြားဖြစ်စဉ်သတင်းလည်း ဘာမှ မရပါလား . . ။

ဦးမြဟန် ။ အေးပေါ့။ ခင်ဗျားတို့ နယ်ထိန်းအဖွဲ့ကသာ သတင်းမရတာ . . မင်းကြီးထံ တယ်လီဖုန်းနဲ့ သတင်းပေးလို့ ဟိုက ဆူနေပြီ။ ကိုယ့်မြို့နယ်ထဲ ဘာဖြစ်နေလို့ ဖြစ်နေမှန်း မသိရအောင် ခင်ဗျားကောင်တွေ ဘာလုပ်နေလဲ။ အချိန်နဲ့အမျှ မိန်းမနဲ့ ဖက်အိပ်နေလား . . . . ဘာလားနဲ့ ဆူတာပဲ။

www.burmeseclassic.com

www.burmeseclassic.com

ရဲအုပ်အောင်သူ ။ ကျွန်တော်တို့ လှုပ်ရှားနေတာလည်း မြို့နယ်မှူးကြီး သိနေတာပဲ။

ဦးမြဟန် ။ အေးလေ . . ဒီက မသိဘဲ ဟိုကသိတော့ အလုပ်မလုပ်ဘူးပဲ ထင်မှာပေါ့။

ရဲအုပ်အောင်သူ ။ ခက်တာပဲ မြို့နယ်မှူးရယ်။ သတင်းပေးတဲ့ လူကလည်း ဒီကိုကျော်ကျော်ပြီး ခေါင်တက်မီးရှို့တာက ခက်တယ်ဗျာ . . ။

ဦးမြဟန် ။ ထားတော့။ အားလုံးနားထောင်။ စနစ်တကျလုပ်။ မြို့လူထု ထိတ်လန့်မှုဖြစ်အောင် ရုတ်ရုတ်သဲသဲလည်း မဖြစ်စေနဲ့။ ဖြစ်နိုင်ရင် ပိပိရိရိနဲ့ အားလုံးအမိအရဖမ်းမိအောင် လုပ်ပါ။ ဟိုတိုးချဲ့ရပ်ကွက်ထဲမှာ ဖွင့်ထားတဲ့ တည်းခိုခန်း သိတယ်နော် . . . . ။

ရဲအုပ်အောင်သူ ။ သိပါတယ်။ မျိုးအောင်ဆိုတဲ့ လူလည်ဖွင့်ထားတဲ့ တည်းခိုခန်းပါ။ တည်းခိုခန်းအရောင်ပြပြီး မဟုတ်တာမှန်သမျှအားလုံး လုပ်နေတဲ့နေရာ။ ကျွန်တော်တို့လည်း အရိပ်အခြည် စောင့်ကြည့်နေတာပါ။

ဦးမြဟန် ။ အင်း၊ ခင်ဗျားတို့က စောင့်ကြည့်နေ အမြင်မတော်သူဆိုတဲ့ ပုဂ္ဂိုလ်က သတင်းပို့လိုက်ပြီ။ တည်းခိုခန်းမှာ ကြေးစားမိန်းကလေးတွေ ရှိနေတယ်။ လူဝင်လူထွက်ရှိနေတယ်။



နေ့ခင်းကြောင်တောင်မှာတောင် ပတ်ဝန်းကျင်ကို ဂရုမစိုက်တဲ့သဘောနဲ့ ဗရုတ်သုကၡ လုပ်နေကြတယ်တဲ့။ သတင်းအရ ဒီကောင်တွေဟာ လူမှောင်ခိုအလုပ်တောင် လုပ်တယ်လို့ သိရတယ်တဲ့။ လောလောဆယ် ဒီပြဿနာက အရေးမကြီးဘူး။ သူတို့ပြောတဲ့ အဲဒီ မိန်းကလေးတွေနဲ့ ပျော်ပါးသူတွေ ဖမ်းဆီးဖို့လိုတယ် . . ။

ရဲအုပ်အောင်သူ ။ ကျွန်တော် ဆောင်ရွက်လိုက်ပါမယ်။

ဦးမြဟန် ။ ဖြစ်နိုင်ရင် အားလုံးဖမ်းမိစေချင်တယ် . . ။ စနစ်တကျလုပ်နော် ဆရာအောင်သူ။ တည်းခိုခန်းပိုင်ရှင်က လူလည်။ သက်သေသက္ကာရနဲ့ လုပ်ဖို့လိုတယ်။ ဖြစ်နိုင်ရင် ရပ်ရွာက လူကြီးတွေ၊ ပါသွားပစေ . . ။

ရဲအုပ်အောင်သူ ။ စိတ်ချပါ ဆရာ။ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ပါမယ်။ ကျွန်တော် စဉ်းစားမရတာက ဒီမှာ ဘယ်က မိန်းကလေးတွေ ရောက်လာလဲဆိုတာ စဉ်းစားမရဘူး။

ဦးမြဟန် ။ ခင်ဗျားကလည်း အလကား ဦးနှောက်ခြောက်ခံ စဉ်းစားနေတယ်။ ဒီအလုပ်လုပ်ရင် ဒါမျိုးတွေက အနံ့ခံရောက်လာမှာပေါ့။ ထားပါ၊ သူတို့ဘယ်ကလာလာ . . အချိန်မီ ထိန်းသိမ်းနိုင်ဖို့ အရေးကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com

အမှန်ကတော့ ကျုပ်တို့နယ်ထဲ ဒါမျိုးတွေ ရောက်လာတာကကို မကောင်းဘူး။ ဒီ မိန်းကလေးမျိုးတွေက အနည်းနဲ့အများ ရောဂါရှိနေတာဗျ။ အပြင်ပန်း လှပြီး အတွင်းက ပုပ်သိုးနေမှန်း သိကြတာ မဟုတ်ဘူး။ ရုပ်လေးကြည့်ပြီး နွားသိုး ကြိုးပြတ် သောင်းကျန်း။ ရောဂါတွေရ။ နောက်ကျရင် ကုရာနိတ္တိ ဆေးမရှိတဲ့ ရောဂါတွေဖြစ်ရော . . ကဲ ထားပါလေ။ လတ်တလောအရေးကြီးတာက တားဆီးဖို့ ဖမ်းဖို့၊ အရေးယူဖို့ပဲ။

ရဲဘော်အောင်သူ။ စိတ်ချပါ မြို့နယ်မှူး။ ကျွန်တော် အောင်မြင် အောင်ဆောင်ရွက်ပါမယ်။ ပြီးတာနဲ့ ချက်ချင်းသတင်းပို့ပါမယ်။

ဦးမြဟန် ။ အမြန်ဆုံး ဖုန်းနဲ့ဆက်ဗျာ။ ကဲ သွားကြ။

ဇာတ်ညွှန်း ။ ရဲတပ်ဖွဲ့ဝင်များက ပြိုင်တူ အလေးပြု။ မြို့နယ်မှူးကလည်း လေးစားပါတယ်ဟု ပြောလျက် အလေးပြုစဉ် ကားလိပ်ချ။ တီးဝိုင်းမှ "ကူညီပါရစေ . . . ." ဟူသော တီးလုံးကို မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်လျက်။ အခန်းပြောင်း။

* * * * * * * * *

## ပြကွက် - ၁၃ -

နေရာ ။ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရုံးခန်း။

အချိန် ။ နေ့ပိုင်း။

အဆင်အပြင် ။ ရုံးတစ်ရုံး၏အသွင် စားပွဲ၊ ကုလားထိုင်များ ပြင်ဆင်ခင်းကျင်းထား။

မီး ။ ကခွင်မြင်သာအောင် မီးရောင်ဖျန်းထား။

အသံ ။ ဇာတ်ရုပ်များပြောသံ ကြည်လင်ပြတ် သားစွာကြားနိုင်အောင် စကားပြောခွက်များ တပ်ဆင်ထား။

ဇာတ်ဝင်ပစ္စည်း ။ သာမန်အဝတ်အစား။

ဇာတ်ညွှန်း ။ အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ကန့်လန့် ကာဖွင့်ချိန်တွင် MANA အဖွဲ့ အတွင်းရေးမှူး ဦးလွင်သိန်း၊ စားပွဲတွင် အလုပ်ကို စိတ်ပါ ဝင်စားစွာ လုပ်ကိုင်နေဟန်ဖြင့် ထိုင်နေ စေ . . . . ကခွင်၏ ဝဲဘက်ရှေ့ တိုင်ဖုံး အကွယ်မှ ဦးပိုင်စိုး ဝင်လာ။


www.burmeseclassic.com

www.burmeseclassic.com

ဦးပိုင်စိုး ။ အတွင်းရေးမှူး ကြားပြီးပလား . . . . ။

ဦးလွင်သိန်း ။ (အံ့ကြားသဖြင့် ခေါင်းထောင်ကြည့်ရင်း လာဗျာ ဟူသော အမူအရာဖြင့် ထိုင်ခုံကို ညွှန်ပြရင်း ပြန်မေး) ဗျာ . . . . ဘာကြား ရမှာလဲ။

ဦးပိုင်စိုး ။ တိုးချဲ့ကွက်သစ်က တည်းခိုခန်းကို ရဲက ဝင်စီးပြီး ဖမ်းလိုက်တော့ ကြေးစား မိန်းကလေး (၁၂) ယောက်နဲ့ လာရောက် ပျော်ပါးသူတွေ ဖမ်းမိသတဲ့။ ပိုင်ရှင် မျိုးအောင်ကိုလည်း ဆွဲလိုက်သတဲ့။

ဦးလွင်သိန်း ။ တစ်နေ့ကျ ဒီသတင်းမျိုး ကြားရမယ်တော့ ထင်ပါတယ်။ လူဝင်လူထွက်ကြည့်ပြီး မသင်္ကာစရာဖြစ်နေတာတော့ ကြာပါပြီ။

ဦးပိုင်စိုး ။ တည်းခိုခန်းလုပ်ငန်းမှာ ဒါမျိုးကင်းတာတော့ ရှားပါတယ်။ ခုလို ထုနဲ့ထည်နဲ့ ဖမ်းမိ တာတော့ ဒီတစ်ခါ အထူးခြားဆုံးပဲ။ အဲ ပိုထူးခြားတဲ့သတင်းက နောက်ဆက်တွဲ ပါလာသဗျ (စကားစပြီး၊ ဆက်မပြောဘဲ ရပ်ထား။ ဦးလွင်သိန်းက စိတ်ဝင်စား သွားဟန် အမူအရာဖြင့်မေး)

ဦးလွင်သိန်း ။ ဘာသတင်းထူးလဲ။



ဦးပိုင်စိုး ။ ဖမ်းမိတဲ့ မိန်းကလေးတွေကို အချုပ်နဲ့ပို့ပြီး မြို့နယ်ဆေးရုံမှာ ဆေးစစ်တော့ HIV ပိုး တွေ့တဲ့ မိန်းကလေးက၊ လေးယောက်၊ အိဒ်(စ်) ရောဂါစွဲနေသူက တစ်ယောက် ပါသတဲ့ ဗျာ . . . . ။

ဦးလွင်သိန်း ။ ဟုတ်လား . . . . ဒီသတင်းက ကျုပ်တို့ အတွက် အထူးတုန်လှုပ်စရာသတင်းပဲ ဦးပိုင်စိုးရေ . . . . ကိုယ်ခန္ဓာရောင်းပြီး စီးပွား ရှာစားတာ မကောင်းတော့ မကောင်းဘူး။ ပိုဆိုးတာက အဲဒီမိန်းကလေးတွေမှာ ရောဂါပိုးတွေ့တယ်ဆိုတာ . . နေဦးဗျ၊ ကျုပ်တို့ ဘာလုပ်ရင်ကောင်းမလဲ။

ဦးပိုင်စိုး ။ ဘာလုပ်ရင်ကောင်းမလဲဆိုတာထက် ကျုပ် တို့က ဘာလုပ်ပေးနိုင်မလဲ။ ဒီကိစ္စထဲ ဝင်ပါလို့ကော ကောင်းမလား . . ကျုပ်တို့ ဝင်မှ ဟိုမှာအလုပ်တွေ ပိုရှုပ်သွားမလား. . ဒါ စဉ်းစားရမှာ။

ဦးလွင်သိန်း ။ ဥပဒေအရ အရေးယူတာက မြို့နယ်မှူးတို့ အပိုင်းလေ . . . . ကျွန်တော်တို့ တွက်ရ မှာက လူ့အခွင့်အရေးအပိုင်း။ သူတို့လေး တွေ မဟုတ်မတရား လုပ်စားနေမယ့် လူသားတစ်ယောက်အနေနဲ့ကြည့်ရင်

www.burmeseclassic.com

သူ့ကို စောင့်ရှောက်သင့်တယ်။ ဆိုလိုတာ ကဗျာ HIV ပိုး တွေ့တယ်ဆိုတဲ့ မိန်းကလေးတွေ . . သူတို့ရောဂါ ကြီးထွားမလာခင် ကျွန်တော်တို့က စောင့်ရှောက်ရမယ်။ ပြီးတော့ သူတို့နဲ့ပျော်ပါးတဲ့လူငယ်တွေ . . ဒီကလေးတွေမှာ ရောဂါပိုး ဝင်မဝင်ဆေးစစ်ပေးဖို့လိုတယ်။ လိုအပ်ရင် ဆေးဝါးကုသမှုခံယူနိုင်အောင် လုပ်ပေးရမယ်။

ဦးပိုင်စိုး ။ တော်တော်ခက်ကြတာပဲဗျာ . . ကျုပ်တို့ ပြောရဟောရတာလည်း အာပေါက်နေပြီ။ ကြောက်ရမှန်းလည်း မသိဘူး။

ဦးလွင်သိန်း ။ အင်း၊ မသိတော့လည်း မကြောက်ကြဘူးပေါ့ဗျာ . . . . ဒါ ထားတော့၊ ခုနကိစ္စ စဉ်းစားပါဦး။

ဦးပိုင်စိုး ။ ဘာစဉ်းစားစရာလိုလဲ။ ဒီကိစ္စကို မြို့နယ်မှူးကြီးနဲ့တွေ့ပြီး ဆွေးနွေးကြည့်တာပေါ့။

ဦးမြထွေး ။ (ထိုစဉ် အခန်းထဲသို့ ဥက္ကဋ္ဌ ဦးမြထွေး ဝင်လာ။ နားစွန်နားဖျား ကြားရသည်ကို စူးစမ်းဟန်ဖြင့်မေး) နေကြပါဦး။ ဘာကို သွား ဆွေးနွေးမှာလဲ။



ဦးလွင်သိန်း ။ မြို့နယ်မှာ ပြည့်တန်ဆာပုဒ်မနဲ့ ဖမ်းထားတဲ့ ကလေးမလေးတွေကို ဆေးစစ်တော့ HIV ပိုး တွေ့သတဲ့ ဥက္ကဋ္ဌ။

ဦးမြထွေး ။ ဟုတ်လား . . . . ဒါဆို ကျွန်တော်တို့နဲ့ ပတ်သက်တာပေါ့။ ကျွန်တော်တို့အလုပ်က ဒီကိစ္စတွေ ပပျောက်အောင် ဆောင်ရွက်နေတာပဲ။ ဒီကိစ္စတွေလည်း လျစ်လျူရှုလို့တော့ မရဘူးဗျ။ ကဲဗျာ . . ကျုပ်လည်း လိုက်မယ်။ မြို့နယ်မှူးကြီးနဲ့ ဆွေးနွေးကြည့်ကြတာပေါ့။

ဦးပိုင်စိုး ။ ဥက္ကဋ္ဌလိုက်မယ်ဆို ကောင်းတာပေါ့။ ဒါဆိုလည်း သွားကြစို့။

ဇာတ်ညွှန်း ။ စိတ်တူကိုယ်တူ ဆုံးဖြတ်လျက် သွားရန် ဟန်ပြင်စဉ် ကားလိပ်ချ။

အခန်းပြောင်းတီးလုံးဝင်။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

# ပြကွက် - ၁၄ -

နေရာ ။ မြို့နယ်ဆေးရုံ ဒေါက်တာ သိန်းတိုးရုံးခန်း။

အချိန် ။ နေ့လယ်။

အခမ်းအနား ။ ဆေးရုံသင်္ကာန်ရေးချက်ပါ ကားချပ်ကို ကခွင်နောက်ပိုင်း ချထား။ ကခွင်နောက်ပိုင်း ညာဘက်ခြမ်းတွင် ဆေးတည့်ထားသည့် ဗီရို၊ တင်စင်များစီထား။ ကခွင်၏နောက် ဝဲဘက်ခြမ်းတွင် တစ်စောင်းအနေအထားဖြင့် ဦးသိန်းတိုး ထိုင်သည့်စားပွဲ၊ ကုလားထိုင် အလွတ်နှစ်လုံးချထား။

အသံ ။ ကခွင်နောက်ပိုင်းမှ အသံကို ကြည်လင် ပြတ်သားစွာ ကြားရအောင် စကားပြော ခွက်ကို အပေါ်မှ သင့်လျော်သည့် အနေ အထား၊ အကွာအဝေးထိ ချပေးထား။

မီး ။ ကခွင်တစ်ခုလုံး မြင်နိုင်အောင် မီးဖျန်း ပေးထား။





ဇာတ်ဝင်ပစ္စည်း ။ ဆေးဝါးပစ္စည်းကရိယာများ သူ့နေရာ နှင့်သူ ရှိနေစေ . . . ဆရာဝန် ကျူတီကုတ်၊ သူနာပြုများ၏ ဝတ်စုံ၊ သာမန်ဝတ်စုံများ။

ဇာတ်ညွှန်း ။ ပြည်ဖုံးကားဖွင့်လျှင် တီးဝိုင်းမှ "အရောဂျ ပရမံ လာဘာ" ဟူသော တေးကို တိုးညင်းစွာ တီးခတ်ပေးထား။ လက်ထောက် ဆရာဝန် ဦးသိန်းတိုးနှင့် ဦးမြထွေး၊ ဦးပိုင်စိုးတို့ စကားပြောနေဟန် ရှိနေစေ။ ကားလိပ် ဖွင့်ပြီးသည်နှင့် တီးခတ်မှုရပ်၊ ပတ်ဝန်းကျင် အသံများ ဆိတ်ငြိမ်လျက် ဆရာ ဦးသိန်းတိုး အသံသာ ပြတ်သားစွာ ပေါ်လာ . . . . . ။

Dr.သိန်းတိုး ။ အဲဒါပဲဥက္ကဋ္ဌ၊ ဒီရောဂါက ဖြစ်ဖြစ်ချင်းမသိ နိုင်ဘူး။ HIV ခန္ဓာကိုယ်ထဲရောက်ပြီး (၅) နှစ်ကျော် (၁၀) နှစ်အထိ ရောဂါလက္ခဏာ မပြသေးပါဘူး။ ရောဂါပိုးဝင်နေပေမယ့် လူကောင်းပကတိအတိုင်းပဲ ရှိနေတယ်။ အဲ. . အေအိုင်ဒီအက်(စ်) လက္ခဏာပေါ် ပြီဆိုရင်တော့ ခြောက်လမှ နှစ်နှစ်အတွင်း သေနိုင်ပါတယ်။ ဒါယေဘုယျမှန်းဆချက် ပေါ့နော်. . . . ။

ဦးမြထွေး ။ တော်တော်ကြောက်စရာကောင်းတာပဲ။ ဒါဆို ဒီရောဂါရသူဟာ သေစာရင်းသွင်း ထားသလိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com

Dr.သိန်းတိုး ။ အင်း. . . (ခပ်လေးလေးခေါင်းညိတ်) အဲလိုတွေးလို့တော့ ရပါတယ်။ ဒါပေမဲ့ ကျွမ်းကျင်သူတွေ ညွှန်ကြားတဲ့အတိုင်း တိတိကျကျလိုက်နာ နေထိုင်ရင်တော့ ဒီထက်မက အသက်ရှည်ပါတယ်။ အဲ. . . ခဏနေဦး။ (စားပွဲပေါ်မှ လူခေါ်ဘဲလ်တီး၊ ရုံးလုလင်မောင်သက် အလျှင်စလိုဟန်ဖြင့် ဝင်လာ) မောင်သက်. . . ဆရာမဒေါ်မြိုင် လွှတ်လိုက်စမ်း (မောင်သက်ပြန်လှည့်ထွက်သွား။ ခဏအကြာတွင် သူနာပြုဝတ်စုံ သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားသော ဆရာမ တစ်ဦးဝင်လာ)

ဆရာမ၊ ကျွန်တော့်ဆီ အိဒ်(စ်) ဖိုင်ယူခဲ့စမ်းပါ။

ဒေါ်မြိုင် ။ ဟုတ်ကဲ့ဆရာ (ရိုရိုသေသေဦးညွှတ်သွားပြီး ပြန်ထွက်သွား)

Dr.သိန်းတိုး ။ ဒီကိစ္စက ပြင်ပလူကိုလည်း မပြရဘူး။ ကိုယ့်လူနာအကြောင်းကို ပြင်ပထုတ်မပြောရဘူး။ ဒါပေမဲ့ ဦးမြထွေးတို့ကတော့ ကျွန်တော်တို့နဲ့ လက်တွဲလုပ်နေသူ၊ ကျွန်တော်တို့ ကျန်းမာရေးဌာနကို ပူးပေါင်းကူညီသူဆိုတော့ ပြင်ပပုဂ္ဂိုလ်လို့ ပြောမရဘူးပေါ့။



သိသင့်တယ်လို့လည်း ယူဆလို့ အထောက် အထားပြပြီး ပြောမှာပါ. . . ။

ဦးပိုင်စိုး ။ နေဦးဆရာ. . . ပြင်ပက မသိစေလိုတဲ့ အကြောင်းက. . . အဲ၊ ဘယ်လိုမှသဘော မထားပါနဲ့။ ကျွန်တော်သိလိုတာက တကယ့် အခြေအနေမှန်ကို လူတိုင်းသိသင့်တယ်လို့ ယူဆလို့ပါ။

Dr.သိန်းတိုး ။ ဟုတ်ကဲ့ (အလေးအနက်ထားသည့်အမူအရာနှင့် ခေါင်းညိတ်) သာမန်အားဖြင့် အဖြစ်မှန်ကို အများသိအောင် ကြေညာသင့်တယ်။ ဒါမှလည်း လူတွေဆင်ခြင်နိုင်မှာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့မြန်မာ့လူမှုရေးနယ်ပယ်က ဆက်ဆံမှုက သိမ်မွေ့ပါတယ်။ စရိုက် လက္ခဏာကလည်း ထူးခြားတယ်။ ပြောရရင် မကောင်းမှုလုပ်သူကို ရှောင်ရှားခြင်း၊ ဖယ်ကြဉ်ခြင်း၊ အပေါင်းအသင်း မပြုခြင်းဆိုတဲ့ မရေးတဲ့ စည်းကမ်းသတ်မှတ်မထားပေမယ့် သဘာဝ အရကကို စည်းမျဉ်းဥပဒေချထားသလို ဖြစ်နေတယ်။

ဦးပိုင်စိုး ။ ဟုတ်ကဲ့ ဆက်ပြောပါဆရာ. . . ။

www.burmeseclassic.com

www.burmeseclassic.com

Dr.သိန်းတိုး ။ မြန်မာ့လူမှုရေးနယ်ပယ်မှာ ကံငါးပါးကျူးလွန်သူဆိုရင် လူဆိုး၊ မကောင်းသူ၊ ဒီလိုမဟုတ်လား. . .။

ဦးပိုင်စိုး ။ သာမန်အားဖြင့် ဒီအတိုင်းပါပဲ။

Dr.သိန်းတိုး ။ ကံငါးပါးမှာ ကာမေသုကံပုဒ်။ ဖိုမဆက်ဆံရေးစည်းမျဉ်း၊ ဒါကို ကျူးလွန်သူကို လူယုတ်မာလို့ သတ်မှတ်တယ်။ အဲဒီသတ်မှတ်ချက်မှာ လိင်ဖောက်ပြန်မှု၊ သမားရိုးကျမဟုတ်တဲ့ လိင်ဆက်ဆံမှုကို ထည့်ထားတယ်။ မြန်မာလူမျိုးတွေဟာ တစ်လင်တစ်မယားစံနစ်ကို အထူးအလေးပေးတယ်။ လင်နဲ့မယား သစ္စာစောင့်သိမှုကို တန်ဖိုးထားတယ်ဆိုတော့ အပျော်အပါးလိုက်စားတတ်သူတွေဟာ သဘာဝတရားဖြစ်ပေမယ့် အကျင့်ပျက်သူလို့ သတ်မှတ်တတ်ကြတယ်. . .။

ဦးပိုင်စိုး ။ ကျွန်တော်သဘောပေါက်ပြီဆရာ. . .၊ အပျော်အပါးလိုက်စားသူကို လိင်ဖောက်ပြန်သူစာရင်းသွင်းတော့ လူတွေက ဒီလိုအထင်ခံရမှာ စိုးရိမ်တယ်. . .။

Dr.သိန်းတိုး ။ အဲဒီဆက်ဆံရေးကြောင့် လူသိမခံချင်ကြဘူး။ မဟုတ်တာလုပ်ပေမယ့် အများအလယ်မှာ မျက်နှာမငယ်ချင်ကြဘူး။



ဒါကြောင့် ဖြစ်လာရင်ကျိတ်ကု၊ လွန်မှကျွန်တော်တို့ဆီရောက်လာ. . . ဒီကျတော့ကယ်ဖို့ရာခက်တဲ့အခြေအနေ ဆိုက်နေပြီ။ အမှန်ကတော့ ကျန်းမာရေးနဲ့ပတ်သက်ရင်ပွင့်လင်းရိုးသားဖို့လိုတယ်. . . ရဲရဲပုံ့ပုံ့၊ စံနစ်တကျ ဆေးကုခံဝံ့ရဲဖို့လိုတယ်။ (ဆရာမဒေါ်မြိုင် ဖိုင်တွဲကိုင်ဝင်လာ။ စားပွဲပေါ် ချပေး။ ဘာများခိုင်းစရာရှိသေးလဲဟူသော အမူအရာနှင့် ရပ်စောင့်)

ရပြီ ဆရာမ။

ဒေါ်မြိုင် ။ ဓာတ်ပုံမှတ်တမ်းတွေ လိုဦးမလားဆရာ. . လိုရင်အဆင်သင့် ရှိပါတယ်။

Dr.သိန်းတိုး ။ ရပြီဆရာမ။ (ဒေါ်မြိုင်ပြန်ထွက်သွား။ ဆရာဦးသိန်းတိုးက ဖိုင်ဖွင့်လျက်၊ စာရွက်များလှန်။ သူရှာလိုသည့် မှတ်တမ်းတွေ့ဟန်ဖြင့်ထိုင်ရာမှထ။ ခါးညွတ်၊ လက်က ဖိုင်တွဲကိုထောက်ပြီးပြော) ဒီစာရင်းက ကျွန်တော်တို့ပြုစုထားတဲ့ အိဒ်(စ်) ရောဂါစွဲကပ်နေသူတွေ. . . ဟောဒီမင်နီနဲ့ ဝိုင်းထားတာကရောဂါရ သေဆုံးသူတွေ. . . ဝိုင်းမထားသူတွေက ဒီနေ့ထိ အသက်ရှင်ဆဲပုဂ္ဂိုလ်တွေ. . . ဒီမှာ ဖော်ပြထားတဲ့ရောဂါစွဲက

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ဆေးစစ်ခဲ့ပြီး အိဒ်(စ်) ရောဂါ ရှင်လို့ သတ်မှတ်တဲ့နေ့။

ဇာတ်ညွှန်း ။ ဦးပိုင်စိုး၏နှင့် ဦးမြထွေးက ဒေါက်တာ သိန်းတိုးပြသည့် စာရင်းကို စိတ်ဝင်တစား ကြည့်။ အသက်ရှင်ဆဲ ရောဂါရှင်အရေ အတွက်ကို လက်ညှိုးနှင့်ယောက်လျက် ရေကြည့်။

ဦးပိုင်စိုး ။ ဒီစာရင်းအရဆိုရင် (၁၉) ယောက် အသက် ရှင်နေဆဲပေါ့နော်။

Dr.သိန်းတိုး ။ ဟုတ်ပါတယ်။ ကဲ. . . ဒီကလေးရောဂါရ ရက်စွဲကြည့်ပါ။ ငါးနှစ်ကြာပြီ။ ဒါ ကျွန်တော် တို့ မှတ်တမ်းတင်ရက်နော်. . သူတကယ် ရောဂါရတဲ့ရက်က ဒီထက်ပိုကြာမယ်. . ။

ဦးပိုင်စိုး ။ ဖြစ်နိုင်တာပေါ့ဆရာ. . . ။

Dr.သိန်းတိုး ။ သာမန်အားဖြင့် ခြောက်လမှ နှစ်နှစ်အတွင်း သာ အသက်ရှင်သန်ခွင့် ရှိမယ်ဆိုပေမယ့်၊ ကျွန်တော်တို့ ညွှန်ကြားတဲ့အတိုင်း ပြုမူနေ ထိုင်မယ်ဆိုရင်၊ အသက်ပိုရှည်နိုင်တယ်ဆို တာ ပြတာပါ။

ဦးပိုင်စိုး ။ တော်တော်ကံထူးတဲ့ ကလေးပဲနော် ဆရာ။

Dr.သိန်းတိုး ။ ကံထူးတာ မဟုတ်ဘူးဦးပိုင်စိုးရဲ့။ ထူး အောင်နေတတ်တာ. . . ဒီကလေးဟာ



မလိမ္မာလို့ တစ်ခါမိုက်မှားမိတာကြောင့် ဒီရောဂါရခဲ့တယ်။ အစပိုင်း ရောဂါ အကြောင်းမသိခင်မှာ ပေါ့ပေါ့နေတယ်။ ကျွန်တော်တို့ဆီရောက်လာတော့ သူ့မှာ အိဒ်(စ်) ရောဂါဖြစ်နေပြီ။ ဒါနဲ့ သူ့ကို နှစ်သိမ့် ပညာပေးတယ်။ သူသဘော ပေါက်အောင် ရှင်းပြတယ်။ စိတ်ဓာတ် မကျဖို့ ယောကျ်ားကောင်းပီပီ ဖွဲ့နှိုဖို့ ရဲရင့်ဖို့ ပြောပြတယ်။ ပြီးတော့ ရှောင်သင့်တဲ့ အချက်၊ လိုက်နာသင့်တဲ့ အချက်တွေ ပြောပြလိုက်တယ်။ သူက အဲဒီအတိုင်း နေလို့ ခုထိ အသက်ရှင်နေတာပဲ။

ဦးမြထွေး ။ နေဦးဆရာ. . ကျွန်တော်စိတ်ဝင်စားသွား ပြီ။ ခုချိန်ထိ အသက်ရှင်နေအောင် ရောဂါ ရှင်က ဘယ်လိုနေသင့်လဲ. . . လိုက်နာ သင့်လဲ။

Dr.သိန်းတိုး ။ အိဒ်(စ်) ရောဂါရှိမှန်းသိသူဟာ မျှော်လင့် ချက်ထားရပါမယ်။

ဦးမြထွေး ။ ဘယ်လိုမျှော်လင့်ချက်လဲဆရာ. . သေမှာ သိနေသူက ဘာကိုမျှော်လင့်ရမှာလဲ။

Dr.သိန်းတိုး ။ သေမှာ သိပေမယ့် ဆက်လက်ရှင်သန်ခွင့် ကို မျှော်လင့်ရပါမယ်။ ကိုယ့်အတွက် ရှင်

www.burmeseclassic.com

www.burmeseclassic.com



သန်ခွင့် ရာခိုင်နှုန်းနည်းပေမယ့် ဒီထ...
ရှင်သန်ခွင့်ရှိရမယ်ဆိုတဲ့စိတ် မွေးရပါ...
ပြီးတော့ အကောင်းဘက် တွေးရပါ... 
စိတ်ပျော်ပျော်နေရပါမယ် . . ။

ဦးမြထွေး ။ သေရမယ့်လူက စိတ်ပျော်ပျော်နေ... မလားဆရာ . . . . ။

Dr.သိန်းတိုး ။ (ဦးမြထွေးစကားကို သဘောကျဟန်... ခပ်တိုးတိုးရယ်၊ ခေါင်းညိတ်)
အဟဲဟဲ၊ ဦးမြထွေးက မသေတော့မယ့်... ကျနေတာပဲ။

ဦးမြထွေး ။ ဗျာ . . (အံ့အားသင့်သည့်အမူအရာ... ကြည့်)

Dr.သိန်းတိုး ။ လူဟာ သေမျိုးလေ ဦးမြထွေးရဲ့။ မွေး... ရင် သေရမယ်ဆိုတာ သဘာဝပဲ။ ဒ... မေ့နေလား . . . ။

ဦးမြထွေး ။ ဩော် . . အဟဲဟဲ။ ဟုတ်ပါရဲ့။ ကိုယ့်ကို... ကိုယ် သေမယ့်အရေး မေ့နေတာ . .

Dr.သိန်းတိုး ။ အဲဒီမေ့လျော့စိတ်နဲ့ ပျော်ပျော်ပါးပါးနေ... အောင် ကိုယ့်ကိုယ်ကိုယ် ပြုစုပျိုးထော... ရမယ်။ လူဟာသေမျိုးဆိုတော့ အိ... ရောဂါ ရရ မရရ တစ်နည်းနည်းနဲ့ သေ... မှာပဲ။ အဲဒီသေရမယ် ဆိုတဲ့ အ... မဝင်အောင်နေ။ ပင်ပင်ပန်းပန်းမလု...



အိပ်ရေးဝအောင်အိပ်။ သင့်တော်တဲ့ ကာယလေ့ကျင့်ခန်းလုပ်။

...မြထွေး ။ ကာယလေ့ကျင့်ခန်း။ ဒါက လိုသေးလား ဆရာ . . . ။

...သိန်းတိုး ။ ရောဂါရသူအဖို့ ပိုအရေးကြီးတယ်။ ကျန်းမာအောင်နေ . . စိတ်မပျံ့လွင့်အောင် တရားထိုင်။ အာနာပါနရှု၊ ဖြစ်နိုင်ရင် သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ပုံမှန်တွေ့။ နဂိုအတိုင်း ပုံမှန်နေ . . . ။

...ိုင်စိုး ။ နဂိုလိုနေရင် ခပ်ကဲကဲဖြစ်နေမှာပေါ့ ဆရာ . . . ။

...သိန်းတိုး ။ မနေတော့ပါဘူး ဦးပိုင်စိုး။ တစ်ခါသေဖူး ဖျဉ်ဖိုးနားလည်သွားပါပြီ။ အဲ . . . နောက် အရေးကြီးတာက အာဟာရပြည့်တဲ့ အစားအစာစား။ လတ်ဆတ်တဲ့ အစာစား။ ငါး၊ အသား၊ အသည်းစတဲ့ အသားဓာတ်များများစား။ ထမင်း၊ ဂျုံ၊ ပေါင်မုန့်စတဲ့ ကစီဓာတ်ပါတဲ့အစာတွေ . . . ဗီတာမင်ပါတဲ့ အစားအစာတွေ စားပေး။ ဒီလိုစံနစ်တကျ နေရင် သေရက်ရွေ့ပေမယ့် မသေနိုင်ပါဘူး။

...ထွေး ။ ဟုတ်ပြီဆရာ . . ဒီအချက်ဟာ ကျွန်တော်တို့ ဘာလုပ်သင့်တယ်ဆိုတာ မီးမောင်းထိုး...

www.burmeseclassic.com

www.burmeseclassic.com

ပြုလိုက်တာပါ။ ဆရာ့ဆီလာရတာ အကျိုးရှိလိုက်တာ. . ။

ဦးပိုင်စိုး ။ အမှန်ပဲ။ အိဒ်(စ်) ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းမှာ ဒါကလည်း အရေးကြီးတဲ့ လုပ်ငန်း တစ်ရပ်ပဲ။ ဒီကိစ္စ အမြန်ဆုံး အကောင်အထည်ဖော်ရမယ် ဦးမြထွေးရဲ့ ။

Dr.သိန်းတိုး ။ ဦးပိုင်စိုးတို့ ပိုသဘောပေါက်သွားအောင် ခုချိန်ထိ အသက်ရှင်နေနိုင်တဲ့ကလေးနဲ့ တွေ့ဆုံမေးမြန်းကြည့်ရင် ပိုကောင်းမယ်။

ဦးမြထွေး ။ ဟာ. . . ကောင်းပါပြီဆရာ. . သူ့ကို တွေ့ချင်လိုက်တာ. . . ဒါပေမဲ့ သူ့ကို ညှဉ်းဆဲရာမှား ရောက်နေမလား. . . ။

Dr.သိန်းတိုး ။ အဟဲဟဲ. . . မရောက်ပါဘူး။ ဒီကလေး ကိုယ်တိုင်က သူ့အကြောင်းပြောချင်နေတာ. . . သူ့လိုမမှားကြဖို့ အသိပညာ ပေးချင်နေတာ. . . ။

ဦးမြထွေး ။ ဟုတ်လား. . . တော်တော်စိတ်ဓာတ်ကြံ့ခိုင်တဲ့ ကလေးပါလား. . တွေ့လို့လွယ်ရင်တော့ တွေ့ချင်လိုက်တာ. . . ။

Dr.သိန်းတိုး ။ ဒါဆို. . . လာ။

ဇာတ်ညွှန်း ။ ထိုင်ရာမှထလိုက်စဉ် ပြည်ဖုံးကန့်လန့်ကာချ။

* * * * * * * * *

## ပြကွက် - ၁၅ -

နေရာ ။ မြို့လယ်လမ်းမ ဆိုက်ကားဂိတ်။

အချိန် ။ နံနက်ပိုင်း။

အခမ်းအနား ။ ဈေးရှုခင်းကားချပ်ကို ကခွင်နောက်ပိုင်းတွင် ချထား။ ဈေးအနီး ဆိုက်ကားဂိတ်တွင် ဆိုက်ကား များယှဉ်ရပ်ထား။

မီး ။ ကခွင်တစ်ခုလုံးမြင်သာအောင် မီးပေးထား။

အသံ ။ ကြိုတင်အသံသွင်းထားသည့် ဈေးရောင်း၊ ဈေးဝယ်တို့၏ အသံ။

ဇာတ်ဝင်ပစ္စည်း ။ ဆိုက်ကားသုံးလေးစီး။ ဈေးသည်များ ရောင်းချသည့် ကုန်ပစ္စည်း။ ဇာတ်ရုပ်များ၏ သာမန်အဝတ်အစား။

ဇာတ်ညွှန်း ။ ကန့်လန့်ကာဖွင့်သည်နှင့် ကခွင်၏ ဘယ်ဘက် အရှေ့ပိုင်းတွင် တင်ဦးနှင့်ဘမောင် ဆိုက်ကား ရပ်လျက် စကားပြောနေ။ ခရီးသည်ကို စောင့်မျှော်နေဟန် ပြုနေစဉ် စန်းအောင်က သူ့ညီ တင်ထွန်းကျော်ကို တင်လျက် ကခွင်ညာဘက် ရှေ့တိုင်ဖုံးကြားမှထွက်လာ။


www.burmeseclassic.com

www.burmeseclassic.com



စန်းအောင်က ဆိုက်ကားအားပြုနင်းလာ . . တင်ထွန်းကျော်က ဆိုက်ကားထက်ထိုင်လိုက်လာသော်လည်း ရောဂါကြောင့် ပင်ပန်းနွမ်းနယ်သည့် အမူအရာနှင့် လိုက်ပါလာ . . . ဗျပ်ထိုး ခေါင်းရွက်သည် ဘန်းပွဲ့ရောင်းသူများ ဈေးအတွင်း၌ လှည့်ပတ်ရောင်းနေဟန်ဖြင့် သွားလာနေ။ ပြုတ်ကျော်ဇာတ်ရုပ်များ ကခွင်နောက်ပိုင်းတွင် လှုပ်ရှားနေ။ တချို့ဈေးဝယ်များက ပစ္စည်းခေါ်နေဟန် ရှိနေစေ. . . . ။ စန်းအောင်သည် [illegible]စ်ကိုကို တွေ့သည်နှင့် တင်ဦးနှင့် ဘမောင် ဆိုက်ကားထက်မှဆင်း။ ဆိုက်ကားအနားရောက်လာချိန် အကျိုးအကြောင်းမေး။

ဘမောင် ။ စန်းအောင် . . . . ဆေးရုံကိုလား . . . ။

စန်းအောင် ။ (ဆိုက်ကားရပ်လျက်) အေး၊ ဟုတ်တယ် ဘမောင် . . . တင်ထွန်းကျော်ကို ပြဖို့။

ဘမောင် ။ အခြေအနေ (တီးတိုးလေသံနှင့် မေးရင်း တင်ထွန်းကျော်ကိုကြည့်)

စန်းအောင် ။ အရင်အပတ်က ဆီး ဝမ်း၊ သွေးစစ်တယ်. . ဒီတစ်ပတ်ကျမှ အခြေအနေ သိရမယ်။

ဘမောင် ။ မင်းညီက ပိန်သွားလိုက်တာ . . ရုတ်တရက် မှတ်တောင် မမှတ်မိဘူး။ ဂရုစိုက်ငါ့ကောင်ရ . . . ။



စန်းအောင် ။ အေး . . . ဖြစ်လာမှတော့ မတတ်နိုင်ဘူးပေါ့ကွာ . . . ကဲ၊ သွားမယ်ကွာ . . . ကိုယ့်ဘက်က နောက်ကျနေလို့ မဖြစ်ဘူး။

ဘမောင် ။ အေး . . . အေး၊ လိုအပ်တာရှိရင်လည်း ပြောလေကွာ . . . (ဆိုက်ကား တစ်ဖက်ဝင် သွားသည်ထိ စိတ်မချမ်းမြေ့ဟန်ဖြင့် အတန်ကြာကြည့်နေ)

တင်ဦး ။ ကြောက်စရာရောဂါပါလား . . . အရင်တုန်းကပုံနဲ့ ဘာမှမဆိုင်တော့ဘူးနော် . . . ။

ဘမောင် ။ ဒီကောင်လေး စာသောက်ဆိုင် လုပ်တုန်းက ပွေခဲ့ရှုပ်ခဲ့တဲ့ ဒဏ်တွေကွ။ မဟုတ်မှ လွဲရော . . . ဒါလေးလုံးရောဂါပဲ။

တင်ဦး ။ အောင်မယ် . . . ဟိုမှတ်ချက်ချ၊ ဒီမှတ်ချက်ချ လုပ်မနေနဲ့။ တို့လည်း ဆင်ခြင်သင့်ပြီဘမောင် . . . ။

ဘမောင် ။ တို့က ဒီကောင်လေးလောက် မဆိုးပါဘူးကွာ . . . ။

တင်ဦး ။ မဆိုးဘူးမပြောနဲ့။ ကိုယ့်အကြောင်း ကိုယ်သာသိတယ် . . . ဒီမယ် ဘမောင်၊ ဟိုတစ်လောက မြို့နယ်ဆရာဝန်ကြီး ဟောပြောသွားတာ ခဏဝင်နားထောင် မိတယ်။ မင်းပြောတဲ့ လေးလုံးရောဂါက တော်တော်ကြောက်စရာ ကောင်းတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘမောင် ။ ဘာကြောက်တာလဲ . . . . . ။

ဇာတ်ညွှန်း ။ လေးလုံးဟု အော်သံနောက်ပိုင်းက ထွက်လာ၍ ဘမောင်နှင့်တင်ဦး ဖျတ်ခနဲလန့်သွား။ ဘာပါးသိမ့်ဟုသည့် အမူအရာနှင့် နောက်လှည့်ကြည့်ရာ ဗျတ်ထိုးဈေးသည်၏ အော်သံထွက်လာ . . . ။

ဈေးသည် ။ လေးလုံး . . . ဟောဒီ ပန်းကန်လေးလုံး (ပန်းကန်လေးလုံးထပ်လျက်ကိုင်မြှောက်ပြပြီးအော်) ဒီလေးလုံးယူသွား။ အလကားပေးတယ်။ စေတနာနဲ့ပေးတာ . . . ကျပ်စေတနာတွေ့ပြန်တဲ့ အနေနဲ့ ငွေငါးကျပ်ပေးခဲ့။ လေးလုံးငါးကျပ်။ ဖိုက်ရှူးပီး (လက်ဝါးထောင်ပြ)

တင်ဦး ။ ဟောဒီ ပေါက်စဆိုတဲ့ကောင် ဈေးရောင်းပုံက လန့်တောင်လန့်သွားတယ်။ လေးလုံးလို့ အော်လိုက်တာ . . . ။

ဘမောင် ။ အေး . . . ဒါနိမိတ်ပဲကွ . . . လေးလုံးဆိုတာနဲ့ ငါတို့လန့်သွားပုံက အတိတ်နိမိတ်လားမသိဘူး။

တင်ဦး ။ မင်းကလည်းကွာ . . . . ။

ဘမောင် ။ ဟုတ်တယ် . . စဉ်းစားစရာကွ။ မဖြစ်ဘူးတင်ဦးရေ . . တို့လည်း ဆေးစစ်ကြည့်ရင်ကောင်းမယ်။



တင်ဦး ။ လုံ့ဖျားပုစဉ်းနား ကျိုးကန်းချေးပါ ဖြစ်မနေစမ်းပါနဲ့ ဘမောင်ရာ . . . ။

ဘမောင် ။ မင်းမလန့်ရင်နေ . . ငါကတော့ ခုချက်ချင်းဆေးရုံသွားမယ်။ စစ်ကြည့်မယ်။ (ပြောပြောဆိုဆိုနှင့် ဆိုက်ကားကိုဆွဲထုတ်။ တွန်းလျက်တစ်ဖက်တိုင်ကွယ်နောက် ဝင်သွား။ တင်ဦးက မျှော်ကြည့်ရင်း ဂနာမငြိမ်ဟန်ဖြင့်အော် . . . )

တင်ဦး ။ ဟေ့ကောင် ဘမောင်၊ နေဦးလေကွာ . . မင်းသွားရင်ငါလည်း လိုက်မှာပေါ့။ ငါလည်းအတူတူ အစစ်ခံမှာပေါ့ဟ။ (ပြောလျက်ဆိုက်ကားပေါ်ခုန်တက်ပြီး တစ်ဖက်သို့နင်းဝင်သွား) အခန်းပြောင်းတီးလုံးဝင်။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## ပြကွက် - ၁၆ -

နေရာ ။ ဦးပိုင်စိုး၏ အိမ်ဧည့်ခန်း။

အချိန် ။ နေ့လယ်။

အခမ်းအနား ။ လူနေမှုအဆင့်အတန်းခေတ်မီသည့် အိမ်တစ်အိမ်၏ ဧည့်ခန်းအဆင်အပြင်။

မီး ။ ကခွင်တစ်ခုလုံးမြင်သာအောင် မီးရောင်ဖွန်း။

အသံ ။ ဇာတ်ရုပ်များ၏ အသံကိုကြားနိုင်အောင် စကားပြောခွက်များ တပ်ဆင်ထား။

ဇာတ်ဝင်ပစ္စည်း ။ ဧည့်ခန်းတွင် သစ်လွင်ပြောင်လက်သည့် ဆိုဖာဆက်တီများ၊ တီဗွီ အပေါ်စက် အောက်စက်၊ စားပွဲပေါ်တွင် ကြွေရည်သုတ် ကရားအိုး။ အနီရောင်နှင့် နှင်းဆီပန်းများ ထိုးထည့်ထားသည့် အလှပြပန်းအိုးတစ်လုံး။ ဇာတ်ရုပ်များ၏ သာမန်အဝတ်အစား။

ဇာတ်ညွှန်း ။ အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ပြူပြဲဖုံး ကန့်လန့်ကာဖွင့်ချိန်တွင် ဦးပိုင်စိုးတို့ ဇနီး မောင်နှံက ပရိသတ်ဘက်မျက်နှာမူလျက် ယှဉ်တွဲထိုင်နေ။ သူတို့၏ ဝဲဘက်တွင် တင်ထွန်းကျော်၏ အမေ ဒေါ်သန့်က





ပရိသတ်ကို ဘေးစောင်းအနေအထားဖြင့် ထိုင်နေ။ ဇာတ်ရုပ်များ၏ မျက်နှာထား၊ အမူအရာကို ပရိသတ်မြင်သာအောင် နေရာချထားပြီး၊ ဇာတ်ရုပ်များအပေါ် ပရိသတ်အာရုံရောက်စေအောင် ဆလိုက်မီးဖြင့် အပေါ်မှ စီးထိုးပေးထား။ သူတို့၏ နောက်ဘက်ရှိ တီဗွီကိုဖွင့်ထားရာ CNN သတင်းဌာနက အာဖရိကတိုက်တွင် ကျရောက်နေသော ခုခံအားကျဆင်းမှု ရောဂါကို WHO အဖွဲ့မှ အင်တိုက်အားတိုက် နှိမ်နှင်းဖို့ ဆွေးနွေးနေသည့် သတင်းလွှင့် ထုတ်ပေး။ အိဒ်(စ်) ရောဂါဝေဒနာ ရှင်တို့၏ လက်ငင်းအခြေအနေကို အထူး ရိုက်ချက်ဖြင့် ရိုက်ပြနေစေ . . ဦးပိုင်စိုးတို့ ဇနီးမောင်နှံက သူတို့ရှေ့တွင် တရှုပ်ရှုပ် ငိုကြွေးနေသည့် ဒေါ်သန့်ကို ကြည့်လျက် စိတ်မကောင်းသည့် မျက်နှာထားဖြင့် ခေါင်းတညိတ်ညိတ်လုပ်နေ . . . . ဒေါ်သန့်က ရှိုက်ငိုလိုက် မျက်နှာသုတ် ပဝါဖြင့် မျက်ရည်သုတ်လိုက်၊ နှပ်ညှစ် လိုက်နှင့် အပူရုပ် ရှိနေစေ . . . ။

ဦးပိုင်စိုး ။ ကဲပါလေ . . . ဒီလောက်ကြီးလည်း သောကရောက်မနေပါနဲ့ ဒေါ်သန်းရယ်။

www.burmeseclassic.com



ဒေါ်သန့် ။ ကျွန်. . . ကျွန်မလည်း . . . တရားအခံ . . တရားတော့ ရှိပါတယ်ရှင် . . ဒါ. . ဒါပေမဲ့ . (စကားမဆက်နိုင်ဘဲငိုရှိုက်နေပြန်)

ဒေါ်ငြိမ်းရွှေ ။ မှန်တာပြောရရင် ကျွန်မတို့လည်း ဒေါ်သန်းနဲ့ ထပ်တူထပ်မျှ ခံစားရပါတယ်။ ဒီကလေးက ကိုယ့်မျက်စိအောက်မှာ ကြီးလာတော့ ကိုယ့်တူကိုယ့်သားလို ဖြစ်နေတာပါ။

ဒေါ်သန်း ။ မငြိမ်းရွှေရယ်. . . ကျုပ်အကြောင်းလည်း ရှင်တို့သိပါတယ်။ ကိုယ့်ဘဝနဲ့ကိုယ် ခပ်အေးအေးနေတယ်။ ရှိသမျှနဲ့ ရောင့်ရဲတယ်။ ကျုပ် သားသမီးခြောက်ယောက်မွေးတယ်။ ဒီကလေးက အထွေးဆုံး၊ အငယ်ဆုံးပါ။

ဒေါ်ငြိမ်းရွှေ ။ဟုတ်ပါတယ်။

ဒေါ်သန်း ။ ကျန်တဲ့ သားသမီးတွေ အိမ်ထောင်ကျပြီး သူ့အိုးသူ့အိမ်နဲ့ နေကုန်ပြီ။ အိမ်ပေါ်မှာ ကျန်ခဲ့တဲ့ ဒီကလေးကပဲ ကျုပ်ကို လုပ် . . လုပ်ကျွေး၊ လုပ်ကျွေးနေတာလေ (ဝမ်းနည်းဟန်ဖြင့် ငိုရှိုက်ပြန်)

ဒေါ်ငြိမ်းရွှေ ။ ဟုတ်ပါတယ်။ မိဘကျေးဇူးသိတတ်သူလေးဆိုပြီး ချီးကျူးနေတာ . . . ။

ဒေါ်သန်း ။ ကိုယ့်သားသမီးမို့ ချီးကျူးတာမဟုတ်ပါဘူး။ တကယ့်ကိုသိတတ်တဲ့ကလေးပါ။ သူ့အရွေ



ရှိတုန်းကပြောပါတယ်. . . အမေ အနားယူတော့၊ မိဘနှစ်ပါးကို ကျွန်တော်ပဲ လုပ်ကျွေးမယ်ဆိုပြီး မိဘကိုအငြိမ်းစားပေးခဲ့ပါတယ်။

ဒေါ်ငြိမ်းရွှေ ။ တော်လိုက်တဲ့ကလေး . . . ဒီကလေးကိုမှရောဂါက ဒုက္ခပေးတယ်။

ဒေါ်သန်း ။ ဟုတ် . . . ဟုတ်ပါရဲ့ရှင်။ ကျွန်မသားလေးကိုမှ ဒီရောဂါဆိုးဖြစ်ရတယ်လို့ (ငိုပြန်) ဦး . . . ဦးပိုင်. . . ဦးပိုင်စိုးရယ်။ ရှင်တို့အသင်းကြီးက ကျွန်မသားလေးကို မကယ်နိုင်တော့ဘူးလား. . . ။

ဦးပိုင်စိုး ။ ဒေါ်သန်း သောကရောက်မနေပါနဲ့။ ခင်ဗျားသားမှာ ဒီရောဂါဖြစ်နေတာ သေချာလည်း ကျွန်တော်တို့အသင်းက ပစ်မထားပါဘူး။ အထူးသဖြင့် ဒီရောဂါဖြစ်မှု၊ ပြန့်ပွားမှုကို နိုင်ငံတော်အစိုးရကစောင့်ကြည့် အကူအညီပေးနေသလို၊ ကျွန်တော်တို့ အဖွဲ့ကလည်းလိုအပ်တဲ့ အကူအညီပေးနေတာပါ။

ဒေါ်သန်း ။ ဒါ. . ဒါဆို ကျွန်. . ကျွန်မသားလေးကို ဘာ များဆောင်ရွက် ပေးနိုင်မလဲ။

ဦးပိုင်စိုး ။ (ခေတ္တ စဉ်းစားဟန်ပြုပြီးမှ ပြော) ကူညီမှာပါ. . အသင်းက အကူအညီပေးသလို

www.burmeseclassic.com

www.burmeseclassic.com


ကျုပ်ကလည်း ပုဂ္ဂလိကအကူအညီပေး
မှာပါ။ ခု ဒေါ်သန်းသား အိဒ်(စ်) ရော
ရတာ သေချာပြီနော် . . ။

ဒေါ်သန်း ။ သေ . . သေချာ. . အဟင့်ဟင့်၊ကျွန်မသာ
သေချင်လိုက်ပါဘိ ရှင် . . ဘာဖြစ်လို့မှ
အသုံးမကျတဲ့ ဒီအဘွားကြီးတော့ ဒီရော
မရဘဲ၊ ငယ်ရွယ်တဲ့ ကျွန်မသားကို
ဘာကြောင့်ဖြစ်လဲ။ (ငိုပြန်)

ဦးပိုင်စိုး ။ ကဲ၊ ဒေါ်သန်းလည်း စိတ်ထိန်းပါ။ ခင်ပျား
ပူဆွေးပြရင် ဟိုကလေးက ပိုစိတ်ဓာတ်ကျ
သွားမှာပေါ့။ ခင်ပျားသားကို ချစ်ရင် ဒီ
နေမပြနဲ့။ ကလေးစိတ်ဓာတ် မကျအောင်
အားပေးဖို့လိုတယ် . . . ။

ဒေါ်သန်း ။ ကျွန်မစိတ်ထိန်းပါတယ်။ ဒါပေမဲ့ ဝမ်းနည်း
လွန်းတော့ အလိုလိုငိုမိသွားတယ် . . . ။

ဦးပိုင်စိုး ။ ဒီလို ဒေါ်သန်းရဲ့၊ အိဒ်(စ်) ရောဂါ ခံစား
သူဟာ မကြာခဏဖျားနာ၊ ကိုယ်အင်္ဂါ
ဆုတ်ယုတ်ဆိုတော့ သူကိုယ်တိုင် စိတ်ညစ်
နေတယ်။ ဝေဒနာကြောင့် အားငယ်စိတ်
ဖြစ်နေတယ်. . . ငါဟာ သေရတော့မယ်
ဆိုတဲ့ အတွေးကြောင့် ပိုစိတ်ဓာတ်ကျ
နေတယ်။ အမှန်တော့ လူဟာသေမျိုးပဲ
ခုမသေရင်လည်း နောင်တစ်ချိန်မှာ သေ
ရမယ်။ ဒေါ်သန်း သား တင်ထွန်းတော့



သာမဟုတ်ဘူး။ ဒေါ်သန်းလည်းသေရမယ်၊
ကျုပ်လည်းသေရမယ်။ ဒီက မငြိမ်းရွှေလည်း
သေရမယ်။ မသေလို့ မရဘူး။ တာဝတိံသာ
တက်ပုန်းနေလည်း မရဘူး။ လူတိုင်းတွေ့
ရတဲ့ မွှတာတရားနဲ့ ကြည့်ရင်မှ သေတာဟာ
မဆန်းဘူးမဟုတ်လား. . ဒေါ်သန်း။

ဒေါ်သန်း ။ ဟုတ်ပါတယ် . . . ။

ဦးပိုင်စိုး ။ သေရမှာမှန်းသိရက်နဲ့ မသေစေချင်ဘူး၊
အမှန်တော့ ဒေါ်သန်းရဲ့သားမှ သေရမှာမှ
မဟုတ်တာ . . . ဒီတော့ တရားနဲ့ဆင်ခြင်
ဝေဒနာရှင်သားကို နှစ်သိမ့်အားပေးဖို့
မလိုဘူးလား . . . ။

ဒေါ်သန်း ။ ဟုတ်ပါတယ် . . . ။

ဦးပိုင်စိုး ။ ဒီတော့ ဒေါ်သန်းဖြစ်သင့်တာက ခင်ပျား
သားကို အားပေးပါ၊ သူ့ကိုရောဂါရှင်
တစ်ယောက်လို မဆက်ဆံပါနဲ့၊ ဟိုတုန်းက
လိုပဲ သာမန်သဘောဆက်ဆံပါ။ ပိုပြီး
ကြင်နာမှုပြပါ။ အထူးသဖြင့် ကြောက်စရာ
ကောင်းတဲ့ ရောဂါရနေသူဆိုပြီး ဥပေက္ခာ
ပြုတဲ့သဘောမျိုး မဖြစ်ဖို့လိုတယ် . . . ။
ကောင်းတာကတော့ ဗုဒ္ဓါနုဿတိပွား၊
တရားရှု၊ ကမ္မဋ္ဌာန်းကျင့်၊ အာရုံကို
တရားဘက်ပို့ထားပေးဖို့ လိုတယ် . . . ။

ဒေါ်သန်း ။ ကျေးဇူးတင်ပါတယ် . . . . . ။

www.burmeseclassic.com

www.burmeseclassic.com

ဦးပိုင်စိုး ။ ကျုပ်လည်း ဒေါ်သန်းတို့ မိသားစုအဖြစ်ကို စိတ်မကောင်းပါဘူး။ တင်ထွန်းမကျော် ဒီရောဂါရလို့ အလုပ်မလုပ်နိုင်ဘူး၊ စားဝတ်နေရေး အခက်အခဲ ရှိမှာလည်း တွေးမိတယ်။ ဒါကြောင့် မငြိမ်းရွှေနဲ့ တိုင်ပင်ပြီး ထောက်ပံ့ဖို့ စိတ်ကူးခဲ့တယ် . . ။

ဒေါ်သန်း ။ ဝမ်းသာပါတယ် ရှင် . . . . . ။

ဦးပိုင်စိုး ။ လောလောဆယ် ဆန်တစ်အိတ်။ ဆီနှစ်ပိဿာနဲ့ ငွေတစ်သောင်း ကူညီချင်ပါတယ်။ လက်ခံပါ။ (ပြောလျက် အသင့်ပြင်ထားသောငွေတစ်သောင်းကို ဒေါ်သန်း လက်ထဲထည့်။ ဒေါ်သန်းက ဝမ်းသာသည့် အမူအရာနှင့် လက်ခံ) ဆန်နဲ့ ဆီကို အိမ်က ကောင်လေးတွေ ပို့ခိုင်းပါမယ်။ လိုအပ်တာမှန်သမျှ ပြောပါ။ အားမနာပါနဲ့။ ဒီ့ထက်ပံ့ပိုးနိုင်အောင် ကျုပ်တို့အဖွဲ့နဲ့ ညှိနှိုင်းပါဦးမယ်။

ဒေါ်သန်း ။ (မျက်ရည်သုတ် ပြုံးရွှင်စွာဖြင့် . . . .) ကျွန်မဘယ်လိုဝမ်းသာရမှန်း မသိပါဘူး။ ကျေး . . . ကျေးဇူးတင်ပါတယ်။

ဇာတ်ညွှန်း ။ ဝမ်းသာသည့်အမူအရာများဖြင့် ပြုံးနေစဉ် ကားလိပ်ချ။

* * * * * * * * *

## ပြကွက် - ၁၇ -

နေရာ ။ မြို့လယ်လမ်းမ။

အချိန် ။ ညနေစောင်း။

အခမ်းအနား ။ ပြည်ဖုံးကန့်လန့်ကာချထား။

မီး ။ ကခွင်မီးများဖွင့်။

အသံ ။ ဇာတ်ရုပ်များ အသံကြားရအောင် စကားပြောခွက်များ တပ်ဆင်ထား။

ဇာတ်ဝင်ပစ္စည်း ။ သာမန်အဝတ်အစား။ အသုဘကမ်းသည့် သံဝေဂလင်္ကာပါ ယပ်တောင်။

ဇာတ်ညွှန်း ။ အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ကခွင်၏ ယာဘက်တိုင်ဖုံးအကွယ်မှ ဦးလွင်သိန်း၊ ဦးပိုင်စိုး၊ ဦးဘညာဏ်တို့ အသုဘကမ်းသည့် ယပ်တောင်လေးများ ကိုင်လျက် မကြည်သာသည့် မျက်နှာထားဖြင့် နှေးကွေးစွာလျှောက်လာ။ အချင်းချင်း စကားပြောလာဟန်ပြု။ ထိုအချိန်မှာပင် ကခွင်ဝဲဘက် တိုင်ဖုံးအကွယ်မှ တင်ဦး သုတ်သီးသုတ်ပျာ အမူအရာနှင့် ထွက်လာ။



www.burmeseclassic.com

www.burmeseclassic.com



ကခွင်အလယ်အရောက်တွင် လူချင်းဆုံ။ အံ့အားသင့်ဟန်ဖြင့် အသံပြု။

တင်ဦး ။ ဟော . . . . . ။

ဦးပိုင်စိုး ။ ဘာများ ရေကြီးသုတ်ပျာဖြစ်လာရတာလဲ မောင်တင်ဦးရဲ့။

တင်ဦး ။ ဟို . . . ဟိုဒင်း (လက်ညှိုးတထိုးထိုးနှင့် ပြောမည့်စကားတုံ့နှေးနေ)

ဦးပိုင်စိုး ။ ဘာလဲ။ တင်ထွန်းကျော် အသုဘလား . . ။

တင်ဦး ။ ဟုတ် ဟုတ်ကဲ့၊ ဟုတ်ပါတယ်. . ကျွန်တော် မြို့ပေါ်တက်ပြီး ဆိုက်ကားအပိုပစ္စည်းသွား ဝယ်နေလို့ မသိလိုက်ဘူး။ နေ့ချင်းပဲသင်္ဂြိုဟ် လိုက်တာဆို. . . . ။

ဦးလွင်သိန်း ။ ဟုတ်တယ် ကိုတင်ဦးရဲ့။ အခြေအနေက ချက်ချင်းသင်္ဂြိုဟ်လိုက်တာ ကောင်းတယ် လေ. . ဆုံးတာနဲ့ ဆေးရုံကပြန်သယ်လာ၊ ကျွန်တော်တို့အသင်းကပဲ အလောင်းမြေ ကျအောင် စီစဉ်ပေးလိုက်ပါတယ်။

တင်ဦး ။ ဖြစ်မှဖြစ်ရလေဗျာ. . (စိတ်မကောင်းဟန် ဖြင့် ညည်းညူရင်း ခေါင်းတရမ်းရမ်းဖြစ်နေ) ကျွန်တော်နဲ့တင်ထွန်းကျော်က ငယ်သူငယ် ချင်းတွေ အစ်ကိုရ။ သေတာတောင် လူလို



သူလိုမသေရတဲ့ ဘဝ၊ စိတ်မကောင်း လိုက်တာ. . . ။

ဦးဘညဏ် ။ ဒီလိုမတွေးပါနဲ့ငါ့တူရာ. . . သေမှခမ်းနား နေလည်းဘာမှမထူးပါဘူး။ ကောင်းကောင်း မွန်မွန်အလောင်းမြေကျသွားရင် ပြီးတာပဲ။ ကျန်တဲ့အပိုင်းက ကိုယ့်စိတ်ကြိုက်စီစဉ်လို့ ရတာပဲ။

တင်ဦး ။ အင်း. . . ဒီလိုပဲ ဖြေသိမ့်ရတော့မှာပေါ့။ ဒါနဲ့ ကျွန်တော်မသိလို့ မေးပါရစေ. . . ဟိုဒင်း၊ ကျွန်တော့်သူငယ်ချင်းသေရတာ အများစွပ်စွဲတဲ့ ရောဂါနဲ့ပဲလား. . . ။

ဦးပိုင်စိုး ။ ဟုတ်တယ် မောင်တင်ဦး။ ဆရာဝန်မှတ် ချက်အရတော့ ဒီရောဂါပါပဲ။ အေးလေ၊ သာမန်မြင်ရုံ တွေ့ရုံနဲ့ ဒီရောဂါလို့ကောက် ချက်ချရပါတယ်. . . သူ ကူးစက်ဆေးရုံ တက်ကုသေးတယ်။ ဆေးကုသခံချိန်က နောက်ကျသွားပြီလေ. . . ။

တင်ဦး ။ ဒီရောဂါဖြစ်ရင် သေတာပဲလား. . ခင်ဗျာ။

ဦးလွင်သိန်း ။ ရာခိုင်နှုန်းတော်တော်များက သေတာပဲ။ ကုစရာဆေးမှ မရှိသေးဘဲကိုး။ အဲ. . တစ်ခု တော့ရှိပါတယ်။ စံနစ်တကျဆေးဝါးကုသခံ

www.burmeseclassic.com



ဆရာဝန်ညွှန်ကြားတဲ့အတိုင်း နေရင်တော့ ပိုအသက်ရှည်နိုင်ပါတယ်. . .။

တင်ဦး ။ ဒါ. . . ဒါဆို၊ ကျွန်တော်ဘာလုပ်ရမလဲ။ (စိတ်ပျက်လက်ပျက်ဟန်ဖြင့် ဇက်ကျိုးကျ)

ဦးလွင်သိန်း ။ ကိုတင်ဦး. . . ဒီမယ်. . . ဒီမယ် (မလှုပ်မရှက်ဖြစ်နေသည်ကို လက်မောင်းကိုင်လှုပ်ခေါ်။ အားလုံးက ဝိုင်းလျက်ခေါ်ကြစေ)

တင်ဦး ။ ကျ. . . ကျွန်တော်. . အပျော်. . အပျော် ကျူးမိလို့ ဟို. . . ပိုး၊ အိပ်ချိုင်ဗွီးပိုးတွေ့၊ တွေ့. . . တွေ့နေပြီဗျား. . အီး (မျက်နှာလက်နှင့်အုပ်လျက် ငိုချလိုက်)

ဦးလွင်သိန်း ။ ဒီ. . ဒီမယ်၊ ကျွန်တော်ပြောမယ် ကိုတင်ဦး။ ခင်ဗျားဘာမှမဖြစ်နိုင်ပါဘူး။ ပိုးတွေ့ရုံနဲ့ ဘာမှမဖြစ်သေးဘူး။ စံနစ်တကျကုရင် ကြောက်စရာမလိုဘူး။ (စိတ်ပါလက်ပါ အမူအရာနှင့် ချော့ပြော)

တင်ဦး ။ ကျွန်တော် သေမှာပါဗျာ. . .။

ဦးပိုင်စိုး ။ မောင်တင်ဦးရာ. . . မဟုတ်မဟတ်မတွေးစမ်းပါနဲ့။ ကဲ. . လမ်းလယ်ကောင်မှာ ပြောရဆိုရတာ မကောင်းပါဘူးဗျာ. . . ဒီနားဆိုတော့ ကိုဘညာဏ်အိမ်နဲ့နီးတယ်။ အဲဒီမှာ အေးအေးဆေးဆေး ပြောကြရအောင်။



ဦးဘညာဏ် ။ ကောင်းတယ်. . . ကဲလာ၊ မောင်တင်ဦး လာပါကွာ. . မင်းပြဿနာကို တို့အားလုံး ပြဿနာလို့ ယူဆတယ်။ တို့တတ်စွမ်းသမျှ ကူညီကြမယ်။ ကဲ. . . လာကြဗျာ။ ကျွန်တော့်အိမ်မှာ အနားယူရင်း ဆွေးနွေးကြတာပေါ့။

ဇာတ်ညွှန်း ။ တင်ဦးအား ဦးလွင်သိန်းနှင့် ဦးဘညာဏ်က တစ်ဖက်တစ်ချက် ဖေးမကိုင်တွယ်ပြီး လာရာလမ်းသို ပြန်ခေါ်သွား။ ဦးပိုင်စိုးက စိတ်မသက်မသာအမူအရာနှင့် ကြည့်ရင်း ခေါင်းခါရမ်းစဉ် မီးရောင်ဖျော့၊ မှိန်။ အခန်းပြောင်းတီးလုံး မြိုင်မြိုင်ဆိုင်ဆိုင်ဝင်။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## ပြကွက် - ၁၈ -

နေရာ ။ မြို့လယ်လမ်းမ လမ်းဆုံ။

အချိန် ။ နံနက်ပိုင်း။

အခမ်းအနား ။ ကခွင်နောက်ပိုင်းတွင် မြို့ရှုခင်းပုံဆေးချက် ကားချပ်ချထား။ ကခွင်အလယ်လောက် မကျတကျတွင် အလျားပေ ၃၀၊ အနံ ၈ ပေ ခန့်ရှိသော ဆိုင်းဘုတ်စိုက်ထူထားပြီး၊ ယင်း ဆိုင်းဘုတ်ကို အပြာရောင်ပိတ်ဖြင့် ဖုံးအုပ်၊ စက်ခလုတ်ကြိုးများ တပ်ဆင်ထား။

မီး ။ ကခွင်နောက်ပိုင်း ကားချပ်ကို ထင်ရှားစွာ မြင်သာအောင် အောက်မှ မီးပလ့်ထိုးပေးထား။ ကခွင်တစ်ခုလုံး အနီရောင်မီးဖျန်းထား။

အသံ ။ ကြိုတင်အသံသွင်းထားသည့် တိပ်ခွေဖြင့် ကျန်းမာရေးပညာပေးသီချင်း လွှင့်ထုတ်ပေး။

ဇာတ်ဝင်ပစ္စည်း ။ NGO အသင်းဝင်များ မိမိတို့သတ်မှတ်ထား သောဝတ်စုံပြည့်ဝတ်ဆင်၊ ယောကျ်ား၊ မိန်းမ အမျိုးသားဝတ်စုံများ ဝတ်ဆင်။





ဇာတ်ညွှန်း ။ အခန်းပြောင်းတီးလုံးဆုံးလျှင် တီးဝိုင်းမှ အသံတိတ်။ ရင်ကွဲ ကန့်လန့်ကာကို ဖြည်းညင်းစွာဖွင့်။ မီးဆလိုက်များဖြင့် ကခွင် ဗဟိုကို စုပြုံထိုးပေးထား။ အသင့်သွင်း ထားသော အသံသွင်းတိပ်ခွေမှ "အေ- အိုင်-ဒီ-အက်(စ်) တို့တိုက်ဖျက်မည်" ဟူသော တေးသီချင်းကို လွှင့်ပေး။ သူ့အစု နှင့်သူ ရောက်ရှိနေရာယူထားသော NGO အဖွဲ့ဝင်များ ဆိုင်းဘုတ်ဆီ အာရုံရောက်နေ။ တာဝန်ရှိသူများ ဟိုဝင် ဒီထွက် အလုပ် ရှုပ်နေ။ အထူးသဖြင့် ဦးလွင်သိန်းက လက်ညှိုးတထိုးထိုးဖြင့် ညွှန်ကြားနေစေ။ ခဏအကြာတွင် သီချင်းသံတိတ်။ အသံ စမ်းဟန်ဖြင့် ဦးလွင်သိန်းက စကားပြော ခွက်ကို ခေါက်။

ဦးလွင်သိန်း ။ ကြွရောက်လာကြတဲ့ မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများ၊ NGO အသင်းများ၊ မြို့မိ မြို့ဖများ ခင်ဗျား၊ မကြာမီအချိန်အတွင်းမှာ ကျန်းမာရေးလှုံ့ဆော်မှု ပညာပေးဆိုင်းဘုတ် စိုက်ထူပွဲ ကျင်းပတော့မှာဖြစ်လို့ သတ်မှတ် ထားတဲ့ နေရာမှာ နေရာယူဖို့ ပန်ကြား အပ်ပါတယ် . . . ။

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ညွှန်း ။ အခမ်းအနားတက်ရောက်သူများ သူ့အစုနှင့်သူ နေရာယူ။ ဆိုင်းဘုတ်ဘက် မျက်နှာမူလျက် ထိုင်နေကြ။ ဦးလွင်သိန်းက စာရွက်တကိုင်ကိုင်၊ တကြည့်ကြည့် လုပ်ရင်းလိုအပ်သည်ကို ညွှန်ပြနေ။ ခဏအကြာတွင် လူကြီးများ ရောက်လာ၍၊ အရေးတယူ အမူအရာဖြင့် သွားကြို။ ဆိုင်းဘုတ်၏ ဝဲဘက် ယာဘက်တွင် တစောင်းအနေအထားဖြင့် ချထားသော ထိုင်ခုံများတွင် နေရာချထားပေး။ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တီးတိုး စကားပြော။ လက်ထဲကိုင်ထားသည့် အခမ်းအနား အစီအစဉ်ပြ၊ ဥက္ကဋ္ဌကဖတ်ကြည့်ပြီး၊ အတည်ပြုဟန်ဖြင့် ခေါင်းညိတ်။ ဦးလွင်သိန်းက စာရွက်ကိုင်လျက် စကားပြောခွက်ရှိရာ ပြန်လျှောက်လာ . . . . )

ဦးလွင်သိန်း ။ အားလုံး မင်္ဂလာပါခင်ဗျား . . . ကျန်းမာရေးဦးစီးဌာနနဲ့ ကျွန်တော်တို့ မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်တဲ့ ကျန်းမာရေး အသိပေးဆိုင်းဘုတ် စိုက်ထူပွဲ အခမ်းအနား



ကျင်းပရန် မင်္ဂလာအချိန် ကျရောက်ပြီဖြစ်လို့၊ မြို့နယ်အေးချမ်းဖြိုး ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာအပ်ပါတယ် . . . ။

ဇာတ်ညွှန်း ။ တက်ရောက်သူများ လက်ခုပ်တီး (လက်ခုပ်သံများ)

ဦးလွင်သိန်း ။ အစီအစဉ် (၁) အရ အခမ်းအနား ဖွင့်လှစ်ပြီးတဲ့အခါ၊ အစီအစဉ် (၂) အရ ကျန်းမာရေးဦးစီးဌာနကိုယ်စား မြို့နယ်ဆရာဝန်ကြီးက အမှာစကားပြောကြားခြင်း ဖြစ်ပါတယ်။ မြို့နယ်ဆရာဝန်ကြီးကိုယ်စား လက်ထောက်ဆရာဝန် ဦးသိန်းတိုးက အဖွင့်အမှာစကား ပြောကြားပေးပါရန် ပန်ကြားအပ်ပါတယ် . . . . . ။

ဦးသိန်းတိုး ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ် . . . ဒီနေ့ဟာ ကျွန်တော်တို့ မြို့နယ်အနေနဲ့ ကောင်းမြတ်တဲ့လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်လို့ မင်္ဂလာရှိတယ်လို့ ဆိုရမှာပါ။ အခုတွေ့နေရတဲ့ ဆိုင်းဘုတ်ဟာ သာမန်အားဖြင့်တော့ ဘာမှမထူးခြားဘူးလို့ ထင်ရပါမယ်။ ဆိုင်းဘုတ်စိုက်ထူတာပဲ လူ့နှစ်ယောက်၊

www.burmeseclassic.com

www.burmeseclassic.com

သုံးယောက်နဲ့ လုပ်လိုက်လည်း ပြီးတာပဲလို့ တွေးကောင်း တွေးကြပါမယ်။ မှန်ပါတယ်။ ဒီလိုလုပ်ရင်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ အခုလိုလူစုလူဝေးနဲ့ တစ်ခဲနက်တက်ရောက် စိုက်ထူလိုက်တာနဲ့ အနှစ်သာရကွာပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဌာန အနေနဲ့ တာဝန်သဘောပဲဖြစ်ဖြစ်၊ စေတနာသဘောပဲဖြစ်ဖြစ် ဆိုင်းဘုတ်စိုက်ထူလိုက်တယ်။ ထူချိန်မှာ လူတချို့ စိတ်ဝင်စားစွာ ရပ်ကြည့်ကောင်း ကြည့်မယ်။ ကြည့်ပြီး၊ ဪ . . . . ဒါလားလို့ အသိအမှတ်ပြုပြီး ကိုယ့်လမ်းကိုယ် ဆက်သွားကြမယ်။ တချို့ကတော့ ဒီမှာရေးထားတဲ့ အသိပေးမှုကို ရင်ထဲထိစွဲသွားရင်သွားမယ်။ တချို့ကျတော့လည်း ပြီးပြီးပျောက်ပျောက် မေ့မေ့လျော့လျော့ နေကောင်းနေကြမယ်။ တစ်ခါ ဆိုင်းဘုတ်ကို လမ်းဆုံလမ်းခွမှာ စိုက်ထူထားလို့ ဖတ်ဖြစ်ကောင်း ဖတ်ဖြစ်မယ်။ သာမန်လုပ်ဆောင်မှုကြောင့် သာမန်သဘောပဲတွေးကြမှာ . . . ပေါ့ပေါ့ဆဆ နေကြမှာ အမှန်ပါ။ ဒါပေမဲ့ ကျွန်တော်တို့က ဒီဆိုင်းဘုတ်ကို အခမ်းအနားတစ်ခု



အဖြစ် စိုက်ထူခဲ့တော့ လူတော်တော်များများ ကြွလာကြတယ်။ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့လို့ စိတ်ဝင်တစားရှိကြတယ်။ ဆိုင်းဘုတ်ပေါ်မှာရေးထားတာ ဘာပါလိမ့်လို့ ခုကတည်းက တွေးနေကြမယ်။ မကြာမီမှာ စက်ခလုတ်နှိပ် ဖွင့်လိုက်ရင် အားလုံးသိချင်တဲ့အဖြေကို မြင်ကြမှာပါ။ ဆိုင်းဘုတ်ဖွင့်ပြီးတာနဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ကြက်ခြေနီ တပ်ဖွဲ့ဝင်တွေက လက်ကမ်းစာစောင်တွေ လိုက်ဝေပါလိမ့်ဦးမယ်။ ဝေတဲ့စာစောင်တွေ ဖတ်ကြည့်ရင် ဒီနေ့ကျင်းပတဲ့ အခမ်းအနားရဲ့ အရေးပါမှုကို သိသာထင်မြင်လာမှာပါ။ ကြွရောက် ချီးမြှင့်ကြသူ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဇာတ်ညွှန်း ။ တက်ရောက်သူများ လက်ခုပ်တီး (လက်ခုပ်သံများ)

ဦးလွင်သိန်း ။ အစီအစဉ် (၃) အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း

www.burmeseclassic.com

www.burmeseclassic.com

ဦးကျော့တို့က စက်ခလုတ်နှိပ်ပြီး ဆိုင်းဘုတ် ဖွင့်ဖို့ ဖြစ်ပါတယ်။ မင်္ဂလာအချိန်ကြပြီမို့ စက်ခလုတ်နှိပ်ပြီး ဆိုင်းဘုတ်ဖွင့်ပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား . . . . ။

ဇာတ်ညွှန်း ။ ဦးကျော့နှစ်ဦးက စက်ခလုတ်နှိပ်ချိန် ဆိုင်းဘုတ်ကိုဖုံးထားသော ပိတ်က တဖြည်းဖြည်းချင်း ဘယ်ဘက်၊ ညာဘက်သို့ လိပ်သွား။ ပရိသတ်ကတစ်ခဲနက်လက်ခုပ်တီး။ဆလိုက်မီးများဖြင့် ဆိုင်းဘုတ်ကို ထင်ရှားစွာ မြင်သာအောင် ထိုးပေး။

အားလုံးအသံ ။ STOP AIDS
အေအိုင်ဒီအက်စ် တို့တိုက်ဖျက်။

ဇာတ်ညွှန်း ။ လက်ခုပ်သံများ ထပ်မံပေါ်ထွက်လာ . . ထိုအချိန်မှာပင် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လက်ကမ်းစာစောင်များ လိုက်ဝေ။ တက်ရောက်သူများက အလုအယက်တောင်း။

ဦးလွင်သိန်း ။ ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အခမ်းအနားရဲ့ နောက်ဆုံးအစီအစဉ်ကို ဆက်လက်ကျင်းပပါမယ်။ အခုဆိုင်းဘုတ်မှာ မြင်တွေ့ရတဲ့ အေအိုင်ဒီအက်စ်ရောဂါ မဖြစ်ပွားအောင် ဟန့်တားဖို့က ကျွန်တော်တို့ ခင်ဗျားတို့ရဲ့ မထောတာဝန်ဖြစ်ပါတယ်။ ဒါကြောင့် ဒီရောဂါ မတိုးပွားအောင် ရပ်တန့်ပစ်။ ရောဂါ ကင်းဝေးအောင် ရပ်တန့်ပစ်ရပါမယ်။ သို့ဖြစ်၍ ကျွန်တော်က ဦးဆောင်ပြီး ကြွေးကြော်သံတိုင်ပေးပါမယ်။ ဒီက STOP AIDSလို့ တိုင်ပေးရင် ကြွရောက်သူများက "အေအိုင်ဒီအက်စ် တို့တိုက်ဖျက်" လို့ လက်သီးလက်မောင်းတန်းပြီး သုံးကြိမ် ဟစ်ကြွေးရပါမယ်။ ပြီးတာနဲ့ လက်ခုပ်တီးလျက် အခမ်းအနားရုပ်သိမ်းလိုက်ပါမယ်။

STOP AIDS . . . . .
အေအိုင်ဒီအက်(စ်) တို့တိုက်ဖျက်။
အေအိုင်ဒီအက်(စ်) တို့တိုက်ဖျက်။
အေအိုင်ဒီအက်(စ်) တို့တိုက်ဖျက်။

ဇာတ်ညွှန်း ။ လက်သီးလက်မောင်းတန်း ကြွေးကြော် နေစဉ်မှာပင် ပြည်ဖုံးကားလိပ်ကြီး တရွေ့ရွေ့ကျ။ အခန်းပြောင်း တီးလုံးဝင်။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

# ပြကွက် - ၁၉ -

နေရာ ။ မြို့လယ်လမ်းတစ်နေရာ။

အချိန် ။ နေ့လယ်။

ဇာတ်ဝင် ။ ပြည်ဖုံးကန့်လန့်ကာချ။

အခမ်းအနား

မီး ။ ကခွင်ကို မြင်သာအောင် မီးများ ဖွင့်ထား။

အသံ ။ စကားပြောခွက်များ လိုအပ်သလိုတပ်ဆင်ထား။

ဇာတ်ဝင်ပစ္စည်း ။ သာမန်အဝတ်အစား။

ဇာတ်ညွှန်း ။ အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ကခွင်နောက်မှ ဦးပိုင်စိုးထွက်လာ။ ခဏအကြာတွင် တိုင်ဖုံးနောက်ကွယ်မှ ဦးပိုင်စိုးကို လှမ်းခေါ်သံထွက်လာ .... ဦးပိုင်စိုး ရပ်နေစဉ်။ မောင်ဘမောင်နှင့် မောင်တင်ဦး ရေးကြီးသုတ်ပြာ ပြေးထွက်လာ ....။

မောင်ဘမောင် ။ အောင်မယ်လေး ဦးကြီးရာ. . မြန်လိုက်တဲ့ခြေလှမ်း။ ကျွန်တော်တို့လူငယ်တွေ လိုက်မမီအောင် အရေးတကြီးသွားနေတာ ဘာကိစ္စရှိလို့လဲ ....။





ဦးပိုင်စိုး ။ ဟေ .... မြန်တယ်။ ပုံမှန်သွားတာပါပဲ။ အရေးတကြီးရယ်လို့ မရှိပါဘူး။

မောင်ဘမောင် ။ ပုံမှန် .... အယ့်ယိုး။ ဦးကြီး ပုံမှန်က ကျွန်တော်တို့ ပြေးလိုက်တာတောင် မမှီဘူး။ အိမ်သွားတော့ မတွေ့လို့ လိုက်ရှာနေတာ ....။

ဦးပိုင်စိုး ။ ဟုတ်လား ... အမယ်ကြီးက ဈေးထွက်သကွဲ့။ ကျုပ် ထွက်လာတော့ အိမ်မှာ အေးစိန်ကျန်ခဲ့ပါတယ်။ ခဏတစ်ဖြုတ် ဟိုနားဒီနားသွားတာဖြစ်ပါလိမ့်မယ်။ ကဲ၊ ကျုပ်ကို ဘာကြောင့်ရှာတာလဲ ....။

မောင်ဘမောင် ။ ဟိုဒင်း၊ ဖိတ်စာပေးခိုင်းလို့ ဦးကြီး (လက်ထဲက ဖိတ်စာကမ်းပေး) ကြွဖြစ်အောင်လည်း ကြွပါ။ အထူးဖိတ်ကြားပါတယ်။ နေရာထိုင်ခင်းတွေ စီစဉ်ထားပါတယ်လို့ ဆရာဦးငွေဇင်က မှာလိုက်ပါတယ် ....။

ဦးပိုင်စိုး ။ ဦးငွေဇင်၊ ဘာအခမ်းအနားပါလိမ့်။ (ဖိတ်စာကို ဖွင့်ဖတ်) ဟာ .... ပဒေသာကပွဲနှင့် ဆုချီးမြှင့်ပွဲဆိုပါလား။ နေပါဦး၊ ဘာအတွက် လုပ်တာပါလိမ့်။

တင်ဦး ။ ကျန်းမာရေးအသိပေး ပဒေသာကပွဲလို့ ပြောတာပဲ။ အပြည့်အစုံတော့ မသိဘူး ခင်ဗျ။

www.burmeseclassic.com

www.burmeseclassic.com



ဦးပိုင်စိုး ။ ဟုတ်လား . . . . ဒါဆို တက်ရမှာပေါ့ဗျ။ နေဦး ကျုပ်အမယ်ကြီးအတွက် တစ်စောင် ရနိုင်မလား . . . .။

မောင်တင်ဦး ။ ဖိတ်စာက ဇနီးမောင်နှံ နှစ်ယောက် အတွက်ပါ။ (ဖိတ်စာပြန်ဖတ်ပြီး၊ ခေါင်းညိတ်)

ဦးပိုင်စိုး ။ ကောင်းပြီဗျာ . . . တက်ရောက်အားပေး ပါမယ်။ ဒါနဲ့ ထိုင်ခုံအတွက် ငွေကြေး။

မောင်တင်ဦး ။ ငွေကြေးပေးစရာ မလိုပါဘူး။ အားလုံး အခမဲ့ တက်ရောက်အားပေးနိုင်ပါတယ်။ ကြွရောက်သူအားလုံးကိုလည်း မုန့်ဟင်းခါးနဲ့ ဧည့်ခံမှာပါ။

ဦးပိုင်စိုး ။ ဟေ . . . . ဒါဆို တော်တော်ကုန်မှာပဲ။ သူတို့ဘယ်က အလှူငွေရသလဲ။ တော်ရုံ တန်ရုံကုန်ကျမှာ မဟုတ်ဘူးဗျ။

မောင်ဘမောင် ။ စေတနာရှိသူတွေ စုပေါင်းထည့်ဝင် တယ်လို့ ပြောပါတယ်။

ဦးပိုင်စိုး ။ ဒီလိုလား . . . . ဒါဆို ကျုပ်ကလည်း လှူရမှာပေါ့။ ဟုတ်ပြီလေ . . လာဖြစ်အောင် လာပါ့မယ်လို့သာ သတင်းပေးလိုက်ပါ။

မောင်ဘမောင် ။ ဟုတ်ကဲ့၊ ဒါဆို ကျနော်တို့ကို သွားခွင့်ပြု ပါဦး။ ဖိတ်ရမယ့်ပုဂ္ဂိုလ်တွေ အများကြီး ကျန်သေးတယ်။



ဦးပိုင်စိုး ။ ကောင်းပြီ . . . . ကောင်းပြီ။

ဇာတ်ညွှန်း ။ ဘမောင်နှင့်တင်ဦး ထွက်လာရာဘက် ပြန်လှည့်ပြီး ဝင်သွား။ ဦးပိုင်စိုးက သူတို့ကို ကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့် ကျန်နေစဉ် မီးရောင်ဖျော့၊ မှိန်၊ ပျောက်။

အခန်းပြောင်း တီးလုံးဝင်။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## ပြကွက် - ၂၀ -

နေရာ ။ ကျောင်းခန်းမဆောင်။

အချိန် ။ ညပိုင်း။

အခမ်းအနား ။ ကခွင်နောက်ပိုင်းတွင် အခမ်းအနားတစ်ခု သဏ္ဍာန် အဆင်အယင်ပြင်ဆင်ထား။ ကတ္တီပါပိတ်ကားပေါ်တွင် "ပိုး" ဟူသော စကားလုံးကို အဝေးက မြင်သာအောင် အရွယ်အစားကြီးကြီးရေးထား။ ထိုအောက်၌ "တိုက်ဖျက်ရေး ပဒေသာကပွဲ" ဟု သာမန် အရွယ်အစားစာလုံးဖြင့် နောက်တစ်တန်း ရေးထား။ အောက်ဆုံးတန်းတွင် "အ. ထ. က ( ) ကျောင်းသူကျောင်းသား များ တင်ဆက်သည်" ဟု စာတန်းရေးထိုး ထား။ ထိုစာလုံးများကို ရောင်စုံမီးများ စီခြယ်ထားပြီး၊ ကခွင်ကို မီးမှိတ်သည်နှင့် စာလုံးများက ထင်ထင်ရှားရှားပေါ်လျှင် နေစေ ....။





မီး ။ ဇာတ်ညွှန်းဆရာ စကားပြောဆုံးလျှင် ကခွင်မီးအမှောင်ချ။ စာလုံးများကို ရောင်ပြေးမီးဖြင့် သရုပ်ဖော်။ ကကွက်နှင့် အညီ လိုအပ်လျှင် ဆလိုက်မီးများ အသုံးပြု။

အသံ ။ ဇာတ်ရုပ်များ ပြောဆိုသံ ပီပြင်စွာကြား ရအောင် စကားပြောခွက်များ တပ်ဆင်ထား။ ကကွက်တွင် နောက်ခံစကားပြော၊ နောက်ခံ တေးဂီတ လိုအပ်လျှင် ကြိုတင်အသံသွင်း ထားသည့် တိပ်ခွေကို ကကွက်နှင့် လျော်ညီ စွာဖွင့်ပေး။

ဇာတ်ဝင်ပစ္စည်း ။ ကခွင်၊ ကကွက်၊ ဇာတ်လမ်းတစ်ခုချင်း လိုအပ်သည့်ဝတ်စုံ။

ဇာတ်ညွှန်း ။ အခန်းပြောင်းတီးလုံး ဆုံးသည်နှင့် ဇာတ်ဆရာ၏ မိတ်ဆက်စကားပြောသံ ထွက်လာ .....။

ဇာတ်ဆရာ ။ ရွှေပွဲလာပရိသတ်များအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ယနေ့ ကျွန်တော်များ အ. ထ. က ကျောင်းသူ၊ ကျောင်းသားများတင်ဆက်ပြသတဲ့ပဒေသာ ကပွဲဟာ ကျွန်တော်တို့ အမြင်၊ အသိ၊ ကျွန်တော်တို့ တတ်ကျွမ်းသလောက် တင်ဆက်ပြသခြင်းမှ ပညာရှင်များ ကပြ

www.burmeseclassic.com

www.burmeseclassic.com

သလောက် အနုပညာရသ မြောက်ချင်မှ မြောက်ပါမယ်။ ဒါပေမဲ့ ဒီနေ့ လူသားထု တစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ HIV ပိုးနဲ့ AIDS ရောဂါအကြောင်း ကျွန်တော်တို့ သိသလောက် တင်ပြခြင်းဖြစ်ပါတယ်။ သိသလောက် တင်ပြခြင်းဖြစ်လို့ လိုအပ်ရင်လည်း ဖြည့်စွက်ပါ။ ဟာကွက်ရှိရင်လည်း ဖြည့်စွက်အကြံဉာဏ် ပေးပါ။ AIDS ရောဂါနဲ့ ပတ်သက်လို့ ကျွန်တော်တို့တော့ ဒီလောက် သိထားပါပြီလို့ မိတ်ဆက် အသိပေးခြင်းဖြစ်ပါတယ်။ ပိုး သရုပ်ဖော်ဇာတ်၊ ဒီနေရာမှာ ကဇာတ်လို့ သုံးလိုက်တာဟာ အတီးနဲ့ အက သာပါဝင်ပြီး ၊ ဘဲလေးကကွက်လို သရုပ်ဖော်ထားတဲ့အတွက် ကဇာတ်လို့ သုံးလိုက်တာပါ။ အမှန်တော့ ပိုးသရုပ်ဖော် အကသာလျှင်ဖြစ်ပါတယ်။ ဒီအက မစတင်မီ ဦးစွာ တင်ဆက်မှာက ဆဋ္ဌမတန်းကျောင်းသား မောင်ကျော်ထက်လင်းရဲ့ အကမြိုင်မြိုင် အစီအစဉ် ဖြစ်ပါတယ်။ အတီးမြိုင်မြိုင် အကမြိုင်မြိုင်တင်ဆက်တဲ့ မောင်ကျော်ထက်လင်းဟာ နိုင်ငံတော်တာကျင်းပတဲ့ ဆိုကရေးတီးပြိုင်ပွဲမှာ ရွှေတံဆိပ်



ဆွတ်ခူးခဲ့ပါတယ်။ ဒါကို ပြန်လည်အသုံးတော်ခံမှာဖြစ်လို့ ပျော်ပျော်ပါးပါး ရှုစားတော်မူကြပါလို့။

ဇာတ်ညွှန်း ။ ဇာတ်ဆရာ အပြောဆုံးသည်နှင့် ကခွင်အမှောင်ချ။ ဆလိုက်မီးဖြင့် ကွက်ထိုးပေး။ အသံသွင်းထားသည့် တီးလုံးကို ဖွင့်ပေးသည်နှင့် မောင်ကျော်ထက်လင်း ကဟန်အမူအရာဖြင့် ပေါ်လာ . . တီးလုံးနှင့်အတူ မြူးမြူးကြွကြွက။ ကကွက်ဆုံးသည်နှင့် ကခွင် မီးပြန်လင်း။

ဇာတ်ဆရာ ။ မင်္ဂလာပါ။ ဦးစွာအသုံးတော်ခံသွားတဲ့ မောင်ကျော်ထက်လင်းကို ဂုဏ်ပြုတဲ့ အနေနဲ့ မြို့နယ်အေးချမ်းဖြိုး ဥက္ကဋ္ဌကြီးက ဆုတော်ငွေ တစ်သောင်းပါတဲ့ခင်ဗျာ . . . မောင်ကျော်ထက်လင်း ဆုတော်ငွေ လက်ခံယူရန်ကြွပါ။

ဇာတ်ညွှန်း ။ မြို့နယ်အေးချမ်းဖြိုးဥက္ကဋ္ဌက ဆုချီးမြှင့်။ မောင်ကျော်ထက်လင်း ဆုလက်ခံ။ ပရိသတ်များ လက်ခုပ်သံထွက်လာ။ ကခွင်မှ ပြန်ထွက်သွားကြ။

ဇာတ်ဆရာ ။ ဟုတ်ကဲ့။ အခုဆက်လက်ပြီး တင်ဆက်မှာက 'ဦးရွှေရိုးနဲ့ဒေါ်မိုး' ကကွက်ပါ။ ဒီကကွက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေရိုးများအဖြစ် ပါဝင် ကပြမှာက သတ္တမတန်း ကျောင်းသားများဖြစ်တဲ့ မောင်တင်စိန်၊ မောင်လှသော်၊ မောင်သီး တို့ဖြစ်ပြီး ဒေါ်မိုးများအဖြစ်ကပြမှာက အဋ္ဌမတန်းကျောင်းသူ မသင်းသင်း၊ မဖြိုးဖြိုးနဲ့ မသီတာခိုင်တို့ ဖြစ်ပါတယ်။ မြန်မာရိုးရာအကမှာ မြန်မာ့အိုးစည်နဲ့ အလိုက်လျောဆုံးအကဟာ ဦးရွှေရိုးအက ဖြစ်ပါတယ်။ အိုးစည်ကို အယိုင်တီး၊ ကသူက အပြောင်အပျက်က၊ ဒါကို ပွဲကျအောင် နှစ်ခြိုက်အားပေးကြတာဟာ မြန်မာ့ဓလေ့ပါ။ မြန်မာ့အနုပညာပါ။ သာမန်အားဖြင့် ဦးရွှေရိုး တစ်ယောက်၊ ဒေါ်မိုးတစ်ယောက် ကလေ့ ကထရှိပေမယ့် ကျွန်တော်တို့က အုံနဲ့ကျင်းနဲ့ ကပြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်ဘယ်ညာ သံစုံတီးတဲ့ ရွှေအိုးစည်အသံ၊ ဟန်ပါတဲ့ ဦးရွှေရိုးကိုကြည့်ရင်း ပျော်ရွှင်ခြင်းရသခံစား ကြပါစို့လားခင်ဗျား . . . . . ။

ဇာတ်ညွှန်း ။ ဇာတ်ဆရာ မိတ်ဆက်စကား ဆုံးသည်နှင့် ကခွင်မီးမှိတ်။ ဆလိုက်မီးများက ဝဲဘက် ကခွင်ဆီထိုးထား။ ဝိုင်းတော်တီးအဖွဲ့မှ



အိုးစည်တီးလုံးတီးခတ်ပေး။ တီးကွက်နှင့် အတူ ဦးရွှေရိုးများ ရှေ့နောက်တန်းစီလျက် ခါးကုန်း၊ လက်ကား၊ ခေါင်းစေါင်း၊ ဘယ်ညာ တိမ်းဆတ်လျက်ထွက်လာ. . . ပထမတွင် ခပ်ယဉ်ယဉ်တီးလုံးနှင့် ချိုက်ကျကျလှုပ်ခတ် ရွေ့လာ။ ကခွင်အလယ်ရောက်သည်နှင့် ပုသိမ်ထီးများ ရှေ့ကို ညီညီညာညာချကိုင်။ ထီးကိုလည်အောင်မွှေ့ရင်း မျက်နှာက ပြောင်ဖြီးဖြီး အမူအရာဖြင့် ဆတ်ခနဲ၊ ဆတ်ခနဲလုပ်ပြ။ ကြီးမားသည့် နှုတ်ခမ်းမွေး များလှုပ်ခတ်ပုံကြည့်ပြီး ပရိသတ်များ ဟားတိုက်ရယ်သံထွက်လာ . . . . . ။ ဦးရွှေရိုးများ ထီးကိုမြှောက်။ ပခုံးပေါ်တင်၊ ဖင်ကိုကောက်လျက် ကိုးရိုးကားရား အမူအရာဖြင့် လှည့်ပတ်က (ပရိသတ် ရယ်သံထွက်လာ) ရွှင်ရွှင်မြူးမြူးကရာမှ ဖျတ်ခနဲရပ်။ တီးကွက်က ဆတ်ခနဲ . . . ဆတ်ခနဲတီးပေးရာ၊ ဦးရွှေရိုးများက မျက်ခုံးပေါ်လက်တင်လျက် လှူရှာဟန် ဖြင့်ကြည့်။ သဘောကျရွှင်မြူးသွားဟန်ဖြင့် ညီညီညာညာ တစ်ဖက်ဆီပြေးသွား။ လက်ရပ်ခေါ်။ တီးဝိုင်းသံ မြိုင်မြိုင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာချိန် နောက်ကို ပြိုင်တူလှည့်။ ထီးကို ပခုံးပေါ်တင်။ ဖင်ကိုတမင်ကောက်ပြီး ကဆုန်ပေါက်ပြေးဟန်၊ ပျော်မြူးဟန်က။ ထိုစဉ် တစ်ဖက်ကားလိပ်ကြားမှ ဒေါ်မိုး များလိုက်ပါထွက်လာ. . .။ မျက်ခုံးပေါ် လက်တင်ကြည့်။ စိတ်မရှည် အလိုမကျ ဟန်ဖြင့် ခြေကိုပေါက်၊ ထဘီကို မတင် . . အလိုမကျဟန်ဖြင့် နောက်ကြောင်းပြန် လှည့်ကြည့်စဉ် ရွှေရိုးများ ပြန်လှည့်ကြည့်။ ထိတ်လန့်တုန်လှုပ်သွားဟန်ဖြင့် ပြေးသွား။ ဒေါ်မိုးများ လက်ကို အချက်ကျကျ ဆွဲလျက် ခေါ်လာ။ ဟိုက မလိုက်ချင် လိုက်ချင်ဟန်ဖြင့် ပါလာပြီး ဆွဲထားသောလက်များ ပုတ်ချ။ (ပရိသတ်၏ ရယ်သံများ ထွက်လာ) စိတ်ကောက်နေသည့် ဒေါ်မိုးတို့ကို ဦးရွှေရိုးများက မြူသလို အချော့တွင် အိုးစည်က အယိုင်တီးပေးသဖြင့် ဦးရွှေရိုး နှင့် ဒေါ်မိုးတို့ တူတူညီညီ ပြုံးပြုံးနှင့်ကရာ (ပရိသတ်များ တအုံးအုံးပွဲကျ) စဉ် အကဆုံး။ မီးရောမှိတ်။ ခဏအကြာတွင် မီးများ ကခွင်တစ်ခုလုံး လင်းလာ . . .။



ဇာတ်ဆရာ ။ မင်္ဂလာပါ ရှေ့ပွဲလာ . . . ပျော်ရွှင်စရာ မြန်မာ့ရိုးရာ ရွှေအိုးစည် အကာပဒေသာနဲ့ တင်ဆက်သွားတဲ့ ကျောင်းသူကျောင်းသား များကို ရွှေဆိုင်းပိုင်ရှင် ဦးပိုင်စိုးနဲ့ ဇနီး ဒေါ်ငြိမ်းရွှေက ဆုတော်ငွေ တစ်သိန်း ချီးမြှင့်ပါတယ်။ ဦးရွှေရိုးနဲ့ ဒေါ်မိုးတို့ ဆုလက်ခံရယူရန် ကြွပါခင်ဗျား . . . . . ။

ဇာတ်ညွှန်း ။ ဦးရွှေရိုးနဲ့ ဒေါ်မိုးအဖွဲ့အား ဆုချီးမြှင့်ပြီး အားလုံးလက်ဆွဲနှုတ်ဆက်။ အားလုံးပြန် ထွက်သွားချိန် ဇာတ်ဆရာ အသံပြန် ထွက်လာ. . . . ။

ဇာတ်ဆရာ ။ အခုလို အားပေးချီးမြှင့်တဲ့ အတွက် ကျွန်တော်တို့က ကျေးဇူးအထူးတင်ပါတယ်။ ဆက်လက်ပြီး နဝမတန်း ကျောင်းသား လေးများရဲ့ "တို့ခေတ်ရောက်မှ ညှံ့တော့ မှာလား" . . ။ တေးသံသာနဲ့ ဖျော်ဖြေမှု အစီအစဉ် ဖြစ်ပါတယ်။ ဒီတေးကို နဝမတန်း ကျောင်းသား ကျောင်းသူများက သံပြိုင် သီဆိုပြီး တီးခတ်ပေးမှာကတော့ စန္ဒရား ဆရာကြီး ဦးမြိုင်ဖြစ်ပါတယ်။ ရှုစား နားဆင် တော်မူကြပါ . . . . ။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ညွှန်း ။ ဖျော်ဖြေမှုမိတ်ဆက်စကား ဆိုပြီးချိန်တွင် ကခွင်မီးမှိတ်။ စန္ဒရားက ပဏာမတီးလုံး သံထွက်လာ . . ခြေဆင်းပိုင်း တီးခတ်ပြီး သီချင်းစသည်နှင့် ဆလိုက်မီးများက ကခွင်အလယ်ကို ထိုးလိုက်ချိန်၊ ရှေ့နောက်တန်းစီးထားသည့် ကျောင်းသူ ကျောင်းသားများ မြင်တွေ့ရ။

ကျား ။ ရှေးအတီတေကပင် အစဉ်အလာကောင်း သမိုင်းနဲ့ချီ ×××× ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူမှသည် ×× ကုန်းဘောင်ခေတ်တိုင် ရာဇဝင်မော်ကွန်းထွန်းခဲ့ပေသည် ×××× အမျိုးဂုဏ်၊ဇာတိဂုဏ်၊ဝင့်ချီ ×××× အိုဘယ့် အနော်ရထာ ×××× ပထမမြန်မာနိုင်ငံ သူတည် ××××

မ ။ မြန်မာပီပီ . . ဇာနည်သာကီ၊ သွေးစည်း ညီညွတ်ခဲ့ပေသည် ××××

ကျား ။ ပုဂံပြည် . . . . ရာဇဝင်ပြောင်သည် ×××× စစ်ကိုင်း၊ ပင်းယ၊ အင်းဝသည် . . . . တစ်ခေတ်တစ်ခါဖြစ်ခဲ့သည် . . . . စာပန်းချီ ×××× မော်ကွန်းထိုးလောက်ပေသည် ×××× စစ်သွေးကြွ၊ စစ်ရေးလှ၊ ထူးခြားပ သူ့ဂုဏ်ရည် ××××



မ ။ မြန်မာပီပီ . . ဇာနည် သာကီ၊ သွေးစည်း ညီညွတ်ခဲ့ပေသည် ××××

ကျား ။ ဒုတိယမြန်မာနိုင်ငံတည် ×××× တောင်ငူ ရွှေပြည် . . . . တပင်ရွှေထီး၊ ဘုရင့်နောင် အောင်စစ်သည် ×××××× ကုန်းဘောင် ပရမေ . . ဘုန်းရောင်သူခြွေ ×× ပြည်ရွှေဘို၊ ရန်ကြီးအောင်၊ ကုန်းဘောင် . . အောင်အတိတ်နဲ့ အောင်နိမိတ်သူ ဆောင် ×××× ဦးအောင်ဇေယျ၊ တတိယ မြို့နိုင်ငံတည် ××××

မ ။ မြန်မာပီပီ . . ဇာနည်၊ သာကီ၊ သွေးစည်း ညီညွတ်ခဲ့ပေသည် ××××

ကျား ။ မျိုးသာကီ အခြေဆိုးညှိုးခဲ့လေပြီ ×××× မြို့ရွာတစ်ပြည်လုံး ဆုံးပါသည် ×× တစ်မျိုးကြံစည်၊ မာန်မချ သူ့ကျွန်ဘဝတော့ မနေနိုင်ပြီ ×× ရဲဘော်သုံးကျိပ် စိတ်ထားမြင့် မြတ်ဂုဏ်ရည် ××××

မ ။ မြန်မာပီပီ . . ဇာနည်သာကီ . . သွေးဂုဏ် ညီညွတ်ခဲ့ပေသည်။

ဇာတ်ညွှန်း ။ စန္ဒရားက အတော့ခံ၊ သံစဉ်ပြောင်း၊ တေးအစခင်း၊ ကျားမသံပြိုင်ဆို။

ကျား/မ ။ ကြော် . . . . ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် စံမြန်းခဲ့သည့် ရွှေပြည် အတိတ်သမိုင်းကြောင်းကောင်းခဲ့သည် ××××

www.burmeseclassic.com

အောင်လံတလူလူလွှင့်ချီ ×× မြန်မာပီပီ သွေးစည်းညီညွတ်ခြင်းအရင်းတည် ×× သမိုင်းတစ်ခေတ်ဖြစ်ခဲ့သည် ×× ဒီသမိုင်းကြောင်းပြန်ပြောင်းယူဆောင် ×× အမျိုးဂုဏ်ရောင် မညှိုးလေအောင် နိုင်ငံ့ဂုဏ်ကိုဆောင်ကြမည် ×××× ညီညီ၊ တို့ညီညီ၊ ချီတက်မည် ×× တို့ခေတ်ရောက်ပြီ၊ သမိုင်းမော်ကွန်းထိုးကြမည် ×× လက်တွဲညီညီ ×× (တို့ခေတ်ရောက်မှ ညဲ့တော့မှာလား . . )ဟု ဥဒါန်းကျူးစေမည်။

ဇာတ်ညွှန်း ။ တေးသံဆုံးသည်နှင့် ဆလိုက်မီးများ သိမ်းအမှောင်ခွင်ကို အလင်းပေး။ (ပရိသတ်များ လက်ခုပ်သံ တဖြောင်းဖြောင်းနှင့်အားပေး)

ဇာတ်ဆရာ ။ ကျေးဇူးတင်ပါတယ်။ အခု တေးဂီတနဲ့ဖျော်ဖြေသွားတဲ့ နဝမတန်းမှ ကျောင်းသူကျောင်းသားများကိုမြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကြီးက ဆုတော်ငွေတစ်သိန်း ချီးမြှင့်ပါတယ် (လက်ခုပ်သံများ) ဒီဆုငွေကို နဝမတန်း ကျောင်းသားများကိုယ်စား မောင်ထွန်းထွန်းက လက်ခံ



ယူပေးပါ။

ဇာတ်ညွှန်း ။ မြို့နယ် မာနာဥက္ကဋ္ဌက ဆုချီးမြှင့်ပေးပြီး တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်ချိန် ပြည်ဖုံးကန့်လန့်ကာ ဖြည်းဖြည်းချ။

ဇာတ်ဆရာ ။ ဟုတ်ကဲ့၊ အားလုံးမင်္ဂလာပါ။ ပထမပိုင်းတင်ဆက်အပြီးမှာ ခေတ္တအပန်းဖြေရင်း၊ ကျွန်တော်တို့ တည်ခင်းကျွေးမွေးတဲ့ မုန့်ဟင်းခါးကို အားပါးတရ စားသုံးကြပါစို့လား ခင်ဗျာ။

* * * * * * * * *

www.burmeseclassic.com

## ပြကွက် - ၂၁ -

နေရာ ။ ကျောင်းခန်းမဆောင်။

အချိန် ။ ညပိုင်း။

အဆင်အပြင် ။ ကပွဲကျင်းပနေဆဲ အဆင်အပြင်အတိုင်း။ ဆက်လက်ကပြမည့် အစီအစဉ်အတွက် ကခွင်၏နောက်ပိုင်းတွင် ပိတ်ဖြူကန့်လန့်ကာချ။ ဇာတ်ခုံနောက်မှ ဒီဂျစ်တယ်ဖြင့် လိုအပ်သော အရုပ်ကို နောက်ခံထိုးပေး။

မီး ။ ကခွင်၏နောက်ပိုင်း၊ မီးများမှိတ်ထားပြီး ဒီဂျစ်တယ်ကင်မရာဖြင့် ရိုက်ထားသော အရုပ်ကို ပြစက်ဖြင့် ပြန်လည်ကူးယူပြသ။ ကခွင်ရှေ့ပိုင်းကို အပေါ်မီး ဖွန်းပေးထား။

အသံ ။ တေးဂီတအဖွဲ့မှ သရုပ်ဖော်တီးလုံးတီးခတ်ပေး။

ဇာတ်ဝင်ပစ္စည်း ။ HIV ဗိုင်းရပ်ပိုးသဏ္ဌာန် လုံးဝိုင်းပြီး ဆူးပါသည့် ဝတ်စုံကို သီးသန့်ချုပ်ထား။ လှုပ်ရှားရလွယ်ကူသော အနေအထားရှိသော





သွေးဖြူဥသဏ္ဌာန်ရှိသော ဦးထုပ်များ ချုပ်ထား။

ဇာတ်ညွှန်း ။ တီးဝိုင်းက တေးသီချင်းများနှင့် ဖြေဖျော်ပြီးချိန်တွင် ဇာတ်ဆရာ၏ မိတ်ဆက်စကားဝင်။

ဇာတ်ဆရာ ။ မင်္ဂလာပါ ရွှေပွဲလာတို့ . . . အခုတစ်ဖန် ကျွန်တော်တို့ တင်ဆက်ကပြမယ့် အစီအစဉ်ကတော့ ကမ္ဘာ့သူကမ္ဘာ့သားတို့ရဲ့ အသက်ကို ဖြတ်ခြွေနေတဲ့ အေအိုင်ဒီအက်(စ်) ရောဂါ၊ ဒီရောဂါဖြစ်စေတဲ့ HIV ပိုး။ ဒီပိုးရန်ကို ဘယ်လို ကာကွယ်ကြမယ်ဆိုတဲ့ ပညာပေး ကဇာတ်ဖြစ်ပါတယ်။ ဒီနေရာမှာ အများသိထားတဲ့ လူခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်၊ ပြီးတော့ အဲဒီ ခုခံအားစနစ်ကို ရုပ်လုံးဖော်နေတဲ့ သွေးဖြူဥ၊ ဒီသွေးဖြူဥကို ဖျက်ဆီးနေတဲ့ HIV ပိုး။ ဒါတွေကို သရုပ်သဏ္ဌာန်နဲ့ အကောင်အထည်ဖော်ပြီး ကပြသွားမှာပါ။ ဒီနေရာမှာ ကြိုတင်ဝန်ခံချင်တာကတော့ ကျွန်တော်တို့က အနုပညာရှင်တွေ မဟုတ်ဘူး။ ထို့အတူ အတတ်ပညာရှင်တွေလည်း မဟုတ်ပါဘူး။ နောက်ပြီးတော့ သရုပ်သဏ္ဌာန်တူအောင် ဖော်ဆောင်နိုင် ပစ္စည်းကိရိယာလည်း အလုံအလောက်

www.burmeseclassic.com

www.burmeseclassic.com

မရှိပါဘူး။ ကိုယ်စွမ်းနိုင်သမျှ ဖန်တီးတင်ဆက်ပြသတာမို့ အားနည်းချက်ရှိကောင်းရှိပါတယ်။ ရှိရင်လည်း ဖြည့်စွက်ကြည့်ရှုတော်မူပါလို့ ကြိုတင် မေတ္တာရပ်ခံပါတယ်။ ဟုတ်ကဲ့၊ ကျွန်တော်တို့ တင်ဆက်မယ့် [မိုး] ရဲ့ ဇာတ်ကွက်အစကတော့ . . . . ။

ဇာတ်ညွှန်း ။ စကားပြောရုံလျှင်ဆုံးချင်း ပြည်ဖုံးကန့်လန့်ကာဖွင့်။ တီးဝိုင်းမှ "ကျွန်းမာကြံ့ခိုင်သီချင်း" ကို အတီးချည်းသက်သက် နောက်ခံတီးပေး။ တီးကွက်နှင့်အတူ ကျန်းမာရေးပြည့်စုံသည့် ယောကျ်ားတစ်ယောက်ထွက်လာ . . . ။အားကစားဘောင်းဘီတိုဝတ်ထား။ အပေါ်ပိုင်းဗလာ။ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုကိုမြင်သာအောင်ပြ။ တီးဝိုင်းမှတီးခတ်ပေးသော ကျန်းမာရေးလေ့ကျင့်သည့် သီချင်းနှင့်အညီ ကိုယ်လက်လှုပ်ရှားမှုအခြေခံ လေ့ကျင့်ခန်းလုပ်။ ကခွင် ဘယ်မှ ညာသို့ ဖြည်းဖြည်းပြေး။ နောက်ကြောင်း ပြန်လှည့်ပြေးပြီး ကခွင်အလယ်၌ရပ်။ ခြေကို ခွဲလျက်စုံရပ်။ လက်လှုပ်ရှားမှု၊ ခေါင်းလှုပ်ရှားမှု၊ ခြေလှုပ်ရှားမှုကို တီးကွက်နှင့်အညီ လှုလှုပပလှုပ်ရှား။ ခန္ဓာကိုယ်အချိုးအစား ပြည့်စုံမှုကိုပရိသတ်မြင်သာအောင်ပြ။ တီးကွက်အဆုံးတွင် မီးရောင် တစ်ဆင့်ချင်းမှိတ်။

ဇာတ်ဆရာ ။ ဟုတ်ကဲ့၊ ကျန်းမာကြံ့ခိုင်သူတစ်ယောက်အနေနဲ့ ဟာဂျသိုသန်းသန်းပျော်ရွှင်နေတာ သဘာဝပါပဲ။ ဒီလိုကျန်းမာသူရဲ့ သွေးသားဟာလည်း သာဝစဉ်သန့်ရှင်းပြီး အားပြည့်နေတဲ့သွေးများ ရှိနေပါတယ်။

ဇာတ်ညွှန်း ။ ဇာတ်ဆရာ စကားဆုံးသည်နှင့် ကခွင်နောက်ပိုင်းပိတ်ကားပေါ်တွင် လူ့ခန္ဓာကိုယ်ပုံသဏ္ဍာန်ပေါ်လာ . . ကခွင်ရှေ့ပိုင်းတွင် မီးမှိတ်ထား။ သွေးဖြူဥ သဏ္ဍာန်ဦးထုပ်များဆောင်းထားသည့် ဇာတ်ရုပ်များက တီးဝိုင်းမှတီးခတ်ပေးသော "မြန်မာပြည်သားသီချင်း" နှင့်ကိုက်ညီစွာ သိုင်းကွက်နင်းလျက်ထွက်လာ . . အပေါ်ဆလိုက်မီးက ဇာတ်ရုပ်များကို ဖိုက်ထိုးပေးထား။ စစ်သည်တော်များစစ်ရေးလေ့ကျင့်သည့်ဟန်၊ စစ်ထိုး၊ စစ်ခံ၊ စစ်ပြန်၊ စစ်သွားဟူသည့် သရုပ်ပေါ်အောင် ကကွက်နှင့်လှုပ်ရှား။ သီချင်းဆုံးသည်နှင့် ကခွင်တစ်ခုလုံး မီးမှောင်။ တီးဝိုင်းမှ ခွင်ပြောင်းတီးလုံးတီး။



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ဆရာ ။ ကျန်းမာသန်စွမ်းသူ တစ်ယောက်ရဲ့ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့၊ လူ့ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို ထိန်းချုပ်ထားတဲ့ လင့်ရည်ကြည်၊ လင့်ဆိုဖိုက်လို့ခေါ်တဲ့ သွေးဖြူဥများဟာ ပုံမှန်အားဖြင့် သန်မာကြပါတယ်။ ပြင်ပက ဝင်လာမယ့် ပိုးမွှားများကိုလည်း ခုခံနိုင်ပါတယ်။ ဒါပေမဲ့ လူဟာ ကိုယ့်ကိုယ်ကိုယ်ဖျက်သံချေးတက်ဆိုသလို ကိုယ့်သွေးကို ညစ်ထေးအောင် ပြုခဲ့ရင်တော့ . . . ။

ဇာတ်ညွှန်း ။ ဇာတ်ဆရာစကားဆုံးသည်နှင့် ရင်ခွဲကားကိုဆွဲ။ ကခွင်ညာဘက် နောက်ပိုင်းမှ စောစောက ကျန်းမာရေးလေ့ကျင့်သူသည် အဝတ်အစားကျကျနနလမ်းလျှောက်လာ . . သူ့ဘဝကိုကြည်နူးဟန်ဖြင့် လေတချွန်ချွန်နှင့် လမ်းလျှောက်လာ။ ထိုစဉ် ကခွင်ရှေ့ပိုင်း ပုဏ္ဏားကွယ်မှ သီချင်းသံထွက်လာ . . . . ။

(ဒီအရွယ်တင့်တင့်တို့အရွယ် xxxxကျွန်မ ကျွန်မတို့အရွယ်xx အပျိုဖြန်းဆိုလား xx အပျိုမဒန်းဆိုလား ရှူးရှူးရှမ်းရှမ်းခေါ်ကြပြန်တယ် xxxx)



အသံသွင်းတိပ်ခွေဖွင့်ပေးချိန်တွင် မိန်းမလျာနှစ်ယောက်က မြူးမြူးကြွကြွဆတ်ကော့လတ်ကော့ အမူအရာနှင့် ထွက်လာ။ ကခွင်ရှေ့ပိုင်းတွင် အမူအရာပိုလွန်စွာကခုန်ပြီး၊ မြူဆွယ်အံ့ကာအမူအရာလုပ်။ ထိုသူတွေကိုမြင်ချိန် လမ်းလျှောက်နေသည်ကိုရပ်၊ ကနေပုံကြည့်ပြီး သဘောကျ။ ကျေနပ်အားရသည့် အမူအရာနှင့်ကြည့်နေစဉ်၊ မိန်းမလျာနှစ်ယောက်က သူ့ထံပြေးသွား။ ပွတ်သီးပွတ်လုပ်။ သူက သဘောကျနေဟန်ဖြင့် နှစ်ယောက်စလုံးကို ပွေ့ဖက်လျက် တစ်ဖက်ကားလိပ်အတွင်းသို့ ပြုံးပျော်ရယ်မောလျက် ဝင်သွား . . . . ။ တီးဝိုင်းမှ တုန်လှုပ်ချောက်ချားဖွယ်တီးလုံးနှင့်ပံ့ပိုးပေးပြီး မီးအားလုံးမှိတ်။

ဇာတ်ဆရာ ။ ပိုးဖလံမျိုး မီးကိုတိုးရင် ကိုယ်ကျိုးနည်းတတ်တယ်လို့ ရှေးပညာရှိများ ဆိုထုံးစကားရှိပါတယ်။ မီးရောင်ကို ရွှေတောင်ထင်ပြီး အတင်းဝင်ကပ်ရင် မီးရောင်ဟပ်ပြီး သေရေးတတ်တာမမှုတာပါပဲ။ တစ်ချိန်က ကျန်းမာပါတယ်၊ သွေးသားသန့်စင်ပါတယ်ဆိုသူဟာ

www.burmeseclassic.com

www.burmeseclassic.com

မလိမ္မာ မိုက်မှားလိုက်တာနဲ့ ပိုးတွေတိုးဝင်လာတတ်တာ မမေ့တာပါပဲ။

ဇာတ်ညွှန်း ။ ဇာတ်ဆရာစကားဆုံးသည်နှင့် နောက်ခံပိတ်ကားပေါ် လူ့ခန္ဓာကိုယ်ရုပ်ပြန်ထိုးပေးထား။ ကခွင်၏ ဘယ်ဘက်မှ HIV ပိုးသင်္ကြန် ဝတ်စားထားသူများ ခုန်ပေါက်ထွက်လာ။ တီးဝိုင်းမှ ဗိန်းတောင်းတီးပေး။ ပိုးများကမြူးကြွသည့်ဟန်ပန်ဖြင့်ကျွမ်းများပစ်။ လက်ခမောင်းခတ်။ သိုင်းကွက်တွေပြ။ ခန္ဓာကိုယ်ထဲပြေးသွားပြီးတက်ဟန်ပြုချိန်ပက်လက်လန်ကျ။ လူးလဲထ။ နောက်ကိုဆုတ်လျက် အားယူဟန်၊ လက်ဝှေ့ရေးပြဟန်ပြု။ တစ်ဖန်လူ့ခန္ဓာကိုယ်ထဲ ပြေးသွား။ နှစ်ကြိမ် သုံးကြိမ် ကြိုးစားပြီးချိန်တွင် အောင်ပြီဟူသော အမူအရာနှင့် ဟစ်ကြွေး။

ဇာတ်ဆရာ ။ ရန်သူကို မိတ်ဆွေမှတ်ပြီး ပေါင်းသင်း။ လူဆိုးကို လူကောင်းမှတ်ပြီး ကိုယ့်အိမ်ထဲဖိတ်ခေါ်မိသူဟာ တစ်ပါးသူရဲ့ နှိပ်စက်မှုအနိုင်ကျင့်မှုခံရတာ မမေ့တာပါ။ ကျွန်တော်တို့တစ်တွေဟာ မိတ်ဆွေဖြစ်တဲ့ သွေးဖြူဥကို အစဉ်တိုးပွားအောင် ကြိုးစားရပါမယ်။



သို့ပေမဲ့ ဒီလိုမလုပ်ဘဲ တလွဲလုပ်ခဲ့လေလျှင်တော့ . . . . ။

ဇာတ်ညွှန်း ။ ဇာတ်ဆရာစကားဆုံးလျှင် တီးဝိုင်းမှ ဗိန်းတောင်းတီးပေး။ ကခွင်၏နောက် ပိတ်ကားကို လူ့ခန္ဓာပုံရိပ်မြင်ထား။ ကခွင်ရှေ့ဝိုင်းတွင် အနီရောင် မီးဖွင့်ထား။ ကန့်လန့်ကာဖွင့်သည်နှင့် HIV ပိုးများက ကခွင်ဝဲဖက်မှ ကျွမ်းပစ်ခုန်ပေါက်ထွက်လာ . . လက်သီးလက်မောင်းတန်း ကြိမ်းဝါး။ ထိုအတူ ကခွင်ယာဘက်မှ သွေးဖြူဥများကစစ်သူရဲဟန်အပြည့် ထွက်လာ။ ကခွင်အလယ်၌ ဆုံမိချိန်တွင် တစ်ဖက်နှင့်တစ်ဖက် သဲသဲမဲမဲ တိုက်ခိုက်။ HIV ပိုးများက အင်အားကောင်းနေ၍ သွေးဖြူဥများ တစ်ကောင်ပြီးတစ်ကောင် ကျဆုံး။ ထိုအခါ လူ့ခန္ဓာကိုယ် အရိပ်သည် တုန်လှုပ်သွားဟန်ပြု။ HIV ပိုးများက လူ့ခန္ဓာကိုယ်ကို ဝိုင်းဝန်းတိုက်ခိုက်။ နောက်ဆုံး ခန္ဓာကိုယ်ကြီး ဘုန်းဘုန်းကျ လဲပြိုသွားစေ . . ။ (တီးဝိုင်းမှ ဗိန်းတောင်းသံ အဆုံးသတ်ချိန် ကားလိပ်ချ။)

www.burmeseclassic.com

ဇာတ်ဆရာ ။ ပိုး၊ HIV ပိုးရုပ်ပိုးသာ ကျွန်တော်တို့ ခန္ဓာကိုယ်ထဲ ဝင်သွားပြီဆိုရင် . . . ကျွန်တော်တို့ဘာဖြစ်သွားမလဲ။

ဇာတ်ညွှန်း ။ ဇာတ်ဆရာစကားအဆုံးတွင် ကခွင်တစ်ခုလုံးမီးလင်း။ တီးဝိုင်းမှ ဇာတ်ဖွင့်တီးလုံးတီး။ ရင်ခွဲကားကို ဖြည်းညင်းစွာဖွင့်။ ကခွင်၏ ညာဘက်ခြမ်းမှ စောစောက ကျန်းမာနေသူသည် အခြားတစ်ဦး၏ ဖေးမမှုဖြင့် ခနော်ခနဲ့လမ်းလျှောက်နေရ။ သူ့အသွင်သည် နောင်တကြီးစွာရနေဟန်ဖြင့် တရွေ့ရွေ့လျှောက်သွားချိန် ကခွင်နောက်ပိုင်း ကန့်လန့်ကာတွင်းမှ အိုးစည်၊ ဒိုးပတ်သံများ ဆူညံစွာ ထွက်လာ . . . . ထိုအသံများနှင့်အတူ HIV ပိုးများ ခုန်ပေါက်ကျွမ်းပစ် ထွက်လာ . . . ကခွင်တစ်ခုလုံး ရှုပ်ယှက်ခတ်အောင် သောင်းကျန်းပြ။ ထို့နောက် တုန်ချည့်စွာသွားနေသော ထိုသူကို တစ်ကောင်ပြီးတစ်ကောင် ဝင်ရိုက်ပုတ်ခတ်၊ တိုက်ခိုက်။ ထိုသူ လဲပြိုသွား။ သူလဲသည်ကို ကြည့်လျက် ပိုးများက အားပါးတရပျော်နေ။ အိုးစည် ဒိုးပတ်များနှင့် ကပြ။ ကခွင်အတွင်း ဒိုးပတ်ဝိုင်းဝင်လာ။ HIV ပိုးများ မြူးထူး ကခုန်နေစဉ် ကားလိပ်ချ။

* * * * * * * * *

## ပြကွက် - ၂၂ -

နေရာ ။ မြို့လယ်လမ်းမ။

အချိန် ။ နေ့လယ်။

အခမ်းအနား ။ မြို့အင်္ဂါရပ်နှင့်အညီ တည်ဆောက်ထားသော အိမ်ရာ၊ လမ်း၊ မီးတိုင်များ ပါဝင်ရေးဆွဲထားသည့် ပန်းချီကားချပ်ကို ကခွင်နောက်ပိုင်း၌ ချထား။

မီး ။ ကခွင်တစ်ခုလုံး မီးရောင်ဖျန်းပေးထား။

အသံ ။ ဇာတ်ရုပ်များ၏ စကားပြောသံပြတ်သားစွာ ကြားနိုင်အောင် စကားပြောခွက်များ တပ်ဆင်ထား။

ဇာတ်ဝင်ပစ္စည်း ။ သာမန်အဝတ်အစား။

ဇာတ်ညွှန်း ။ ခွင်ပြောင်းတီးလုံးဆုံးသည်နှင့် ကခွင်၏ ဘယ်ဘက်မှ ဆရာ ဦးငွေဇင်ထွက်လာ. . ကခွင်၏ ညာဘက်မှ ဦးလွင်သိန်း ထွက်လာ . . ကခွင်အလယ်တွင် အမှတ်မထင် ဆုံတွေ့ဟန်ဖြင့် ပြော။


www.burmeseclassic.com

www.burmeseclassic.com

ဦးလွင်သိန်း ။ ဟော . . . . ဆရာ၊ တွေ့ချင်နေတာနဲ့ အတော်ပဲ။ ကပွဲတုန်းက ကွန်ဂရက်ကျူလေးရှင်းမလုပ်လိုက်ရဘူး (လက်သွဲနှုတ်ဆက်ကြ)။ တကယ် ဂုဏ်ယူပါတယ်။ အများ လင်သာ၊ မြင်သာအောင် ပိုးဇာတ်လမ်း ရေးသား ကပြတဲ့အတွက် ဆရာ့ကို အားလုံးက ကျေးဇူးတင်နေတယ် . . . .။

ဦးငွေဇင် ။ ချီးကျူးအားပေးတဲ့အတွက် ကျေးဇူးတင် ပါတယ်။ ကျွန်တော်လည်းကိုယ်မြင်သလောက် စွမ်းသလောက်လုပ်ပြတာပါ။ အားတော့မရဘူးပေါ့ဦးလွင်သိန်းရာ. . အဘက်ဘက်က အားနည်းချက် ရှိတော့ ကိုယ့်တစ်နိုင်ပဲလုပ် ရတာပါ။

ဦးလွင်သိန်း ။ ဒါပေါ့။ ကျွန်တော်တို့ နားလည်ပါတယ်။ ကျောင်းကပွဲတစ်ခုက ဒီလောက်တင်ပြနိုင်တာပဲ ချီးကျူးရမှာပါ။ တကယ်တမ်းကပြတဲ့ ကလေးတွေက 'အနုပညာသည်' မဟုတ်ကြဘူး။ ဒါတောင် အများနားလည်အောင် သရုပ်ဆောင်သွားနိုင်ပါတယ် . . . .။

ဦးငွေဇင် ။ အမှန်တော့ ဒီဇာတ်လမ်းကို တကယ့် အနုပညာရှင်တွေနဲ့၊ ပစ္စည်းကိရိယာ အစုံအလင်နဲ့၊ တင်ပြချင်တဲ့အကြောင်း စုံစုံ



လင်လင်နဲ့လုပ်ချင်တာ ဦးလွင်သိန်းရ။ ကျွန်တော်အားမရတာက ပရိသတ်တွေ နားမလည်မှာစိုးလို့ဝင်ဝင်ရှင်းနေရတာမျိုး မလိုချင်ဘူး။

ဦးလွင်သိန်း ။ အင်း၊ ဆိုပါဦး။

ဦးငွေဇင် ။ ဘဲလေးကကွက်သဘော အတီး၊ အကနဲ့သာ သရုပ်ဖော်ချင်ပေမယ့် ကလေးတွေက လိုချင်သလို လိုက်မလုပ်နိုင်ဘူးလေ . . . သူတို့ ဉာဏ်မီသလောက် ခိုင်းရတယ် . . ဒီတော့ ဇာတ်လမ်းကို သူတို့လုပ်နိုင်သလောက်ပဲ ရေးရတယ်။ အနုပညာရှင်တွေနဲ့ လုပ်ရရင် ဒီလိုမျိုး ဘယ်လုပ်ခိုင်းမလဲ။

ဦးလွင်သိန်း ။ ဟုတ်လား . . . . ခင်ဗျားမှာ အစီအစဉ်ရှိသေးတယ်ပေါ့။

ဦးငွေဇင် ။ ရှိတာပေါ့ ဦးလွင်သိန်းရဲ့။ အခုပြတာက အော်ပရာသဘောလောက်ပဲရှိတာ . . . အမှန်က ပြဇာတ်တစ်ထုပ်စာလောက် ရေးမှ ပြောချင်၊ သိစေချင်တာတွေ ပြည့်စုံမှာ . . . .

ဦးလွင်သိန်း ။ ဒါဆို ရေးထားဗျာ . . . . ကျွန်တော်တို့ ကလည်း ခင်ဗျား အိုက်ဒီယာကို သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျနေတာ ....ဒီလို ဇာတ်လမ်းမျိုးနဲ့ ပရိသတ်ထဲချပြတာက ဟောပြောပွဲတွေ လုပ်တာထက် ပိုထိရောက်တယ်။ ကျွန်တော်တို့လိုက်ဟောနေတာက လူစိတ်ဝင်စားမှု အားနည်းတယ် ....ကျန်းမာရေးအသိပညာပေးဆိုကတည်းက စိတ်ဝင်စားမှု သိပ်မရှိဘူး။ အဲ ....ကပွဲဆိုတော့ ကြည့်တဲ့လူများတယ်။ များများလာကြည့်ရင် ကျွန်တော်တို့ပြောချင်တာ လူတွေရင်ထဲ များများရောက်တာပေါ့။ ခင်ဗျားရေးဗျာ။ ကျွန်တော်က အစည်းဝေးမှာချပြမယ်။ ကိုယ့်လူနဲ့ ကိုယ်ပဲဖြစ်ဖြစ်၊ အနုပညာရှင်တွေ ငှားလို့ပဲဖြစ်ဖြစ် ....ပြဇာတ်ကနိုင်အောင် ကျွန်တော်ကြိုးစားမယ်။

ဦးငွေဇင် ။ တကယ်လား ဦးလွင်သိန်း။

ဦးလွင်သိန်း ။ တကယ်ပါ၊ စကားအဖြစ် ပြောတာ မဟုတ်ဘူး။ အောင်မြင်အောင် လုပ်ချင်တာ ....။

ဦးငွေဇင် ။ ဒါဆို ကောင်းပြီဗျာ။ ပိုးဇာတ်လမ်းကို စင်တင်ပြနိုင်အောင် ကျွန်တော်ရေးမယ်။ ကပြနိုင်အောင်သာ ခင်ဗျားတို့ဘက်က



ကြိုးစား။ ကျွန်တော်က အနုပညာဘက်ပိုင်းတာဝန်ယူမယ်။

ဦးလွင်သိန်း ။ စိတ်ချ။ ကျွန်တော် ကြိုးစားမယ်။

ဇာတ်ညွှန်း ။ တစ်ဦးနှင့်တစ်ဦး ကျေနပ်သည့်အမူအရာနှင့် လက်ဆွဲနှုတ်ဆက်နေစဉ် ကားလိပ်ချ။ တီးဝိုင်းမှ "အေအိုင်ဒီအက်(စ်) တို့တိုက်ဖျက်" ဟူသော သီချင်းကိုတီးလျက် ကခွင်ပြောင်း။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## ပြကွက် - ၂၃ -

နေရာ ။ မြို့လယ်လမ်းဆုံလမ်းမ တစ်နေရာ။

အချိန် ။ နေ့လယ်။

အခမ်းအနား ။ မြို့ပြသဏ္ဌာန်ရေးဆွဲထားသည့် ကားလိပ်ကို ကခွင်နောက်ပိုင်း၌ချ။ ကခွင်အလယ်တွင် ထိုးကားဖြင့် ပိုစတာတစ်ခု စိုက်ထူထား။

မီး ။ ကခွင်လယ်ရှိ ပိုစတာဆိုင်းဘုတ်ကို ပွဲကြည့်သူ အာရုံစိုက်အောင် ဆလိုက်မီးဖြင့် ကွက်ထိုးထား။

အသံ ။ ဇာတ်ရုပ်များ ပြောသံပီပြင်စွာကြားနိုင်အောင် စကားပြောခွက် တပ်ဆင်ထား။

ဇာတ်ဝင်ပစ္စည်း ။ ကခွင်၏ အလယ်၊ ညာဘက် သုံးချိုးတစ်ချိုးတွင် ဆိုင်းဘုတ်တစ်ခု စိုက်ထား။ ရောင်စုံဓာတ်ပုံများ ပါရှိစေ။

ဇာတ်ညွှန်း ။ ပြည်ဖုံးကန့်လန့်ကာဖွင့်လျှင် ယောကျ်ား၊ မိန်းမကလေးပါသည့် လူအုပ်ကြီးက ပိုစတာကို ဝိုင်းအုံဖတ်နေစေ . . . .။

အမျိုးသမီး ။ ဘာကြော်ငြာလဲဟဲ့။





အခြား ။ ရုပ်ရှင်ကြော်ငြာတော့။ ကျော်ဟိန်း ဇာတ်ကား။ မင်းသမီးက နွဲ့နွဲ့မူ၊ ခိုင်သင်းကြည်တဲ့။

အမျိုးသမီး ။ ဟုတ်လား . . မှန်းစမ်း၊ ငါကြည့်ပါရစေ။ ငါက ကျော်ဟိန်းကို သိပ်ကြိုက်တာအေ့။ ဘာဇာတ်ကားလဲဟဲ့။

အခြား ။ ပိုး

အမျိုးသမီး ။ ဘာရယ် . . နာမည်ကတစ်လုံးတည်းလား. . ။ ကြုံကြုံဖန်ဖန်အေ . . . .။

အခြား ။ ဘယ်က ကြုံကြုံဖန်ဖန်ရမှာလဲ။ ဒီဇာတ်ကားက ဆရာ ဦးငွေဇင်ရေးတဲ့ ဟိုပြဇာတ်လေ . . . . ကျုပ်တို့ ကြည့်ဖူးတဲ့ ဇာတ်။ ဟောဒီမှာ ကြည့်ပါလား . . . . ဇာတ်ညွှန်း ငွေဇင်တဲ့။

အမျိုးသမီး ။ အလို့။ တို့ဆရာက တယ်စွံပါလား . . . . ရုပ်ရှင်တွေ ဘာတွေ ရိုက်လို့။ ဒီမယ်။ ဒီဇာတ်ကားကောင်းမှာအေ့။ ကျော်ဟိန်း ပါတယ်။

အခြား ။ နေအောင်လည်း ပါ,ပါတယ်တော် . . . . ကျော်ရဲအောင်၊ သားညီ၊ စိုင်းစိုင်းခမ်းလှိုင်၊ အစုံပါတယ်တော့။ ကြည့်ဖြစ်အောင်ကြည့်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး ။ အေးပေါ့ဟဲ့။ ပြဇာတ်ကတုန်းကလည်း ကောင်းတာပဲ။ ရုပ်ရှင်ဆိုတော့ ပိုကောင်းမှာပေါ့။ ငါလည်း ကြည့်မယ်။ ဟဲ့ကလေးတွေ ဖြည်းဖြည်းတိုးပါဟဲ့။ လူလည်း လဲပြိုသွားပါဦးမယ် (ကလေးများအတိုင်း ပြုံတိုးနေ၍ အော်)

ကလေး ။ ကျွန်တော်တို့လည်း ကြည့်ချင်တာပေါ့ဗျ။ ပိုးဆိုလို့ ပိုကြည့်ချင်တာ . . . . ။

အမျိုးသမီး ။ အမယ်လေး အဖြစ်သဲလိုက်တာ . . . . ပိုးနဲ့တော်တို့နဲ့ ဘာဆိုင်လဲ။

ကလေးများ ။ ဆိုင်တာပေါ့ ဒေါ်ကြီးရေ။ ပိုးဆိုတာ ကလေးတွေနဲ့ ပိုဆိုင်တာ။ ပိုး . . ပိုး . . ပိုး . . ပိုး။

ဇာတ်ညွှန်း ။ ကလေးများက အော်ဟစ်မြူးတူးကခုန်လျက် အော်စဉ် ကခွင်ကို မီးမှိတ်။ ကလေးတွေကျောတွင် အကျႌဖြူဆေးဖြင့် ရေးထားသော ပိုး ဟူသည့်စာလုံးကို ဆလိုက်မီးရောင်ဖယ်လိုက်ချိန်၌ ထင်ရှားစွာမြင်ရ။ ကလေးများက မြူးထူးစွာ အော်ဟစ်။

ပိုး။

ပိုး။

ပိုး။

ပိုး . . . . ပိုး . . . . ပိုး . . . . ပိုး။



ဇာတ်ညွှန်း ။ မီးမှိတ်ထားချိန် ဆိုင်းဘုတ်ဖြုတ်သိမ်း။ ကလေးများအော်ဟစ်သံမဆုံးမီ ဇာတ်သိမ်းသီချင်းဆိုရန် အားလုံးနေရာယူထား။ ပိုး . . ပိုး ဟူသော ကလေးတို့အော်သံအဆုံးတွင် ကခွင်တစ်ခိုလုံး မီးလင်း။

အားလုံး ။ လူသားတို့ရဲ့အန္တရာယ်၊ ရန်စွယ် အမြန်ဖယ်ရှားမည် ×××××× ပိုး။ ကူးစက်တတ်တဲ့ . . ပိုး။ နှိပ်စက်တတ်တဲ့ . . ပိုး။ လူ့အသက်ပျက်ပြုန်း ဆုံးရှုံးစေတဲ့ပိုး . . အိပ်ချ်အိုင်ဗွီပိုး။ ကုရာနတ္ထိ ဆေးမရှိတဲ့ပိုး . . . . အိပ်ချ်အိုင်ဗွီပိုး။ ရောဂါပိုးမကူးအောင် သတိထားဆင်ခြင်၊ ကြိုတင်ကာကွယ်ဖို့ပြင်ဆင် ×××× ပိုး၊ ပိုး၊ ပိုး၊ အိပ်ချ်အိုင်ဗွီရောဂါပိုး။

ဇာတ်ညွှန်း ။ တေးသံအဆုံးတွင် ပြည်ဖုံးကန့်လန့်ကာကြီးတရွေ့ရွေ့လျှောကျလာစေ . . . . ။

မောင်ဆန္ဒ (လယ်ဝေး)

* * * * * * * * *